http://www.dhammadownload.com

မြတ်ဗုဒ္ဓ၏ အဆုံးအမတို့ဖြင့်
ရတနာမြတ်သုံးပါးကို
ကိုးကွယ်ဆည်းကပ်ပူဇော်တတ်ရန်၊
မိဘဆရာသမားတို့ကို ရိုသေလေးစား ကျေးဇူးသိတတ်ရန်၊
ယဉ်ကျေးလိမ္မာသော သားကောင်း သမီးမွန်များဖြစ်စေရန်၊
ကိုယ်ကျင့်သီလကောင်းမွန်စေရန်၊
ဘဝနေနည်းနှင့် နည်းမှန်လမ်းမှန်နေထိုင်ဆက်ဆံတတ်ရန်၊
ပစ္စုပ္ပန်ဘဝကောင်းစားရေးသာမက
သံသရာ၌လည်း ချမ်းသာစေနိုင်ရန် စသည်တို့ကို
မျိုးဆက်သစ် သားငယ်၊ သမီးငယ်တို့
စိတ်နှလုံး၌ဖြစ်ပေါ်တည်ရှိ၍
မိမိတိုင်းပြည်နှင့် အမျိုးဘာသာ သာသနာအကျိုး
သယ်ပိုးရွက်ဆောင်နိုင်ရန်၊
လူတော်လူကောင်းများဖြစ်လာကြ၍
မိဘတို့ပြုစုပျိုးထောင်ရကျိုးနပ်စေရန်
ရည်သန်လျက်.....

စိုးလေးစာအုပ်တိုက်၏ ဗုဒ္ဓဘာသာယဉ်ကျေးမှုဆိုင်ရာ စာအုပ်စဉ်များ



ယဉ်ကျေးလိမ္မာ သားငယ် သမီးငယ် များအတွက်

ဗုဒ္ဓဘာသာယဉ်ကျေးမှု သင်ခန်းစာလက်စွဲ

သစ္စာဝါဒီဦးမြင့်အောင်
စုဆောင်းပူဇော်တင်ပြသည်။



http://www.dhammadownload.com

ဒိုဘာဝန် အရေးသုံးပါး

- ပြည်ထောင်စု မပြိုကွဲရေး — **ဒို့အရေး**
- တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး — **ဒို့အရေး**
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — **ဒို့အရေး**

ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး။
- အမျိုးသား စည်းလုံးညီညွတ်မှုခိုင်မာရေး။
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး။
- ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်သစ်တည်ဆောက်ရေး။

စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။
- စျေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

http://www.dhammadownload.com

ဗုဒ္ဓဘာသာယဉ်ကျေးမှု သင်ခန်းစာလက်စွဲ

သစ္စာဝါဒီဦးမြင့်အောင်
(စု ဆောင်း တင် ပြ သည်)

တစ်ပြည်လုံးဖြန့်ချိရေး

တော်ဝင်မြို့မစာအုပ်တိုက်

အမှတ်(၁၅၉)၊ ၃၉–လမ်း(အလယ်ဘလောက်)၊ကျောက်တံတားမြို့နယ်၊
ရန်ကုန်။ ဖုန်း – ၃၈၈၂၃၊ ၃၇၉၂၃၈၊ ၀၉ ၄၉၅၁၀၈၈၃၄

http://www.dhammadownload.com

ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ - ဦးလှိုင်ဝင်းမိုး([မြဲ-၀၃၉၀၀)
အမှတ်- ၁၅၉၊ ၃၉ လမ်း၊
ကျောက်တံတားမြို့နယ်။

မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ - ဦးလှိုင်ဝင်းမိုး (အဋ္ဌာရသပုံနှိပ်တိုက်)
အမှတ်- ၁၅၉၊ ၃၉ လမ်း၊
ကျောက်တံတားမြို့နယ်။

စာအုပ်ချုပ် - ဝင်းပပ

ထုတ်ဝေခြင်း - ပထမအကြိမ်
၁၃၇၄-ခု၊ နတ်တော်လ။
၂၀၁၃-ခုနှစ်၊ ဇန်နဝါရီလ။

အုပ်ရေ - ၅၀၀

တန်ဖိုး - ၁၅၀၀ ကျပ်

သစ္စာဝါဒီဦးမြင့်အောင်
ဗုဒ္ဓဘာသာယဉ်ကျေးမှု သင်ခန်းစာလက်စွဲ/သစ္စာဝါဒီဦးမြင့်အောင်။
- ရန်ကုန်။
တော်ဝင်မြို့မစာပေ၊ ၂၀၁၃။
၁၉၅ စာ၊ ၁၃ စင်တီ × ၂၀.၅ စင်တီ
(၁) ဗုဒ္ဓဘာသာယဉ်ကျေးမှု သင်ခန်းစာလက်စွဲ

JEG-2

http://www.dhammadownload.com

မာတိကာ

အခန်း (၁)

၁။ မိတ်ဆက်စကား ၉
၂။ ဗုဒ္ဓဝင်အကျဉ်း ၁၁
၃။ ဗုဒ္ဓဝင်ဆိုင်ရာ သိမှတ်ဖွယ်ရာ
ဗုဒ္ဓ၊ ဗုဒ္ဓဘာသာ၊ ဗုဒ္ဓဘာသာဝင်၊ ဗုဒ္ဓဝင် ၁၇
၄။ သတ္တဌာနခုနစ်ပါး (၇ × ၇ = ၄၉)ဘုရားဖြစ်တော်မူပြီး
ခုနစ်ရက် ခုနစ်လီ စမ္မာယ်တော်မူရာဌာနများ ၁၇
၅။ ဓမ္မစက္ကာတရားတော် ၁၉
၆။ ရောင်ခြည်တော်ခြောက်ပါး ၂၀
၇။ ဘုရားရှင်တို့မစွန့်အပ်သောအရပ်လေးပါး ၂၀
၈။ ဘုရားရှင်တို့မစွန့်အပ်ရာအရပ်လေးပါး(ကဗျာ) ၂၀
၉။ သံဝေဂရစေမည့်ဌာနလေးပါး ၂၁
၁၀။ ဌာနလေးပါး(ကဗျာ) ၂၁

အခန်း(၂)

၁၁။ ရှိခိုးဦးချပုံ ၂၂
၁၂။ ရှိခိုးခြင်းသုံးမျိုး ၂၂
၁၃။ လယ်တီဆရာတော်ကြီး၏ ခုနစ်နေ့ဘုရားရှိခိုး ၂၃
၁၄။ ဗုဒ္ဓဝင်အကျဉ်းသိမှတ်ဖွယ် ၂၆
၁၅။ ပါရမီ(၁၀)ပါးကဗျာ ၃၆
၁၆။ ပါရမီအထူး ပါရမီဆယ်ပါး၊ အပြားသုံးဆယ် ၃၆
၁၇။ ပါရမီ(ကဗျာ) ၃၇

http://www.dhammadownload.com

၁၈။	ဩကာသကန်တော့ချိုး	၃၇
၁၉။	ဩကာသကန်တော့ချိုးရှင်းတမ်း	၃၈
၂၀။	ရတနာသုံးပုဏ္ဏားတို့လွှမ်းခြုံ	၄၂
၂၁။	သရဏဂုံသီလတောင်းခံရန်	၅၃
၂၂။	ဘုရားရှိခိုးရန် နမောတဿဘုရားရှိခိုး	၅၄
၂၃။	တစ်ကြိမ်ရှိခိုး၍ ကောင်းကျိုးရသောအမျိုးသားအကြောင်း	၅၅
၂၄။	နမောတဿဘုရားရှိခိုးရှင်းတမ်း နမောတဿဆိုင်ရာ	၅၆
၂၅။	နမောဗုဒ္ဓဿရှိခိုးအကျိုးပြ ထင်းခွေသားအဖဝတ္ထု	၅၆
၂၆။	သရဏဂုံဆောက်တည်ပုံ	၅၉
၂၇။	သရဏဂုံအဓိပ္ပာယ်	၆၀
၂၈။	သရဏဂုံတည်ခြင်းနှင့်ပျက်ခြင်း	၆၀
၂၉။	သရဏဂုံအကျိုးပြ(ကဗျာ)	၆၀
၃၀။	သရဏဂုံဆောက်တည်ရကျိုး	၆၁
၃၁။	ငါးပါးသီလဆိုင်ရာသိမှတ်ဖွယ်	၆၃
၃၂။	ငါးပါးသီလခံယူဆောက်တည်ပုံ	၆၅
၃၃။	ငါးပါးသီလစောင့်ထိန်းကျိုးပြဝတ္ထု	
	သီလမြေပေ-ငယ်စဉ်မသေ-ဓမ္မပါလသတို့သား	၆၆
၃၄။	ပါဏာတိပါတ သိက္ခာပုဒ်	၆၉
၃၅။	လွန်ကျူးပြစ်(ကဗျာ)အဓိပ္ပာယ်	၇၀
၃၆။	ပါဏာတိပါတအကျိုးအပြစ်ပြလက်ာ	၇၁
၃၇။	ပါဏာတိပါတကံပျက်လျှင် ခံရမည့်အပြစ်ပြဝတ္ထု	၇၁
၃၈။	သူအသက်မသတ်ရှောင်ကြဉ်ရကျိုး	၇၁
၃၉။	အဒိန္နာဒါနာသိက္ခာပုဒ်	၇၃
၄၀။	အဒိန္နာဒါနာလွန်ကျူးပြစ်ကဗျာအဓိပ္ပာယ်	၇၄
၄၁။	အဒိန္နာဒါနာကံအကျိုးအပြစ်ပြလက်ာ	၇၅
၄၂။	အဒိန္နာဒါနကံပျက်လျှင် ခံရမည့်အပြစ်ပြဝတ္ထု	၇၅
၄၃။	သူတစ်ပါး၏ပစ္စည်းဥစ္စာကိုမခိုးယူဘဲ ရှောင်ကြဉ်ရကျိုး	၇၇
၄၄။	ကာမေသုမိစ္ဆာစာရသိက္ခာပုဒ်	၇၇
၄၅။	ကာမေသုမိစ္ဆာစာရ လွန်ကျူးပြစ်ကဗျာအဓိပ္ပာယ်	၇၈
၄၆။	ကာမေသုမိစ္ဆာစာရကံ အကျိုးအပြစ်ပြလက်ာ	၇၉

http://www.dhammadownload.com

၄၇။ ကာမေသုမိစ္ဆာစာရကံပျက်လျှင် ခံရမည့်အပြစ်ပြဝတ္ထု ၃၉
၄၈။ ကာမေသုမိစ္ဆာစာရကံ ရှောင်ကြဉ်ရကျိုး ၈၁
၄၉။ မုသာဝါဒါဝေရမဏိသိက္ခာပုဒ် ၈၂
၅၀။ မုသာဝါဒါဝေရမဏိကံ လွန်ကျူးပြစ်ကဗျာအဓိပ္ပာယ် ၈၂
၅၁။ မုသာဝါဒါဝေရမဏိကံ အကျိုးအပြစ်ပြလက်ာ ၈၃
၅၂။ မုသာဝါဒကံပျက်လျှင် ခံရမည့်အပြစ်ပြဝတ္ထု ၈၅
၅၃။ မုသာဝါဒကံရှောင်ကြဉ်ရကျိုး ၈၇
၅၄။ သုရာမေရယသိက္ခာပုဒ် ၈၈
၅၅။ သုရာမေရယကံ လွန်ကျူးပြစ်ကဗျာအဓိပ္ပာယ် ၈၈
၅၆။ သုရာမေရယကံအကျိုးအပြစ်ပြလက်ာ ၈၉
၅၇။ သုရာမေရယကံပျက်လျှင် ခံရမည့်အပြစ်ပြဝတ္ထု ၉၀
၅၈။ သုရာမေရယကံရှောင်ကြဉ်ကျိုး ၉၀
၅၉။ ငါးပါးသီလ စောင့်ထိန်းကျိုးပြလက်ာ ၉၃
၆၀။ ဒုစရိုက်နှင့် သုစရိုက်ရှင်းတမ်း ၉၃

အခန်း(၃)

၆၁။ ရတနာမြတ်သုံးပါးဂုဏ်တော် ၉၉
၆၂။ ဘုရားဂုဏ်တော်(၉)အကျိုးပြ(ကဗျာ) ၁၀၂
၆၃။ တရားဂုဏ်တော်(၆)ပါးကဗျာ ၁၀၄
၆၄။ သံဃာ့ဂုဏ်တော် (၉)ပါးကဗျာ ၁၀၇

အခန်း (၄)

၆၅။ ဆွမ်းတော်ကပ်နှင့်ဆုတောင်း ၁၀၉
၆၆။ ပန်းတော်ကပ်နှင့်ဆုတောင်း ၁၁၁
၆၇။ ရေတော်ကပ်နှင့်ဆုတောင်း ၁၁၂
၆၈။ ဆီမီးတော်ကပ်နှင့်ဆုတောင်း ၁၁၃
၆၉။ ဆွမ်း၊ ရေချမ်း၊ ပန်း၊ ဆီမီး လျှကျိုးများ ၁၁၅
၇၀။ ဆွမ်းလျှရသောအကျိုး ၁၁၅
၇၁။ ရေလျှရသောအကျိုး ၁၁၇
၇၂။ ပန်းလျှရသောအကျိုး ၁၁၉

http://www.dhammadownload.com

၇၃။ ဆီမီးလျှံရသောအကျိုး ၁၂၁
၇၄။ မေတ္တာပွားနည်း(၁၁)နည်း ၁၂၂
၇၅။ မေတ္တာအကျိုး(၁၁)မျိုးနှင့် ဆောင်ပုဒ် ၁၂၃
၇၆။ အမျှဝေ ၁၂၃
၇၇။ သူတော်ကောင်းတို့ ကောင်းမှုပြုကျင့်ရာဖြစ်သော
ပုညကြိယာဝတ္ထု(၁၀)ပါး ၁၂၄

အခန်း (၅)

၇၈။ သုံးဆယ့်ရှစ်ဖြာမင်္ဂလာနှင့် မင်္ဂလာကဗျာများ ၁၂၆
၇၉။ ၃၈ ဖြာ မင်္ဂလာတရားတော် ၁၂၇
၈၀။ ယဉ်ကျေးလိမ္မာကဗျာများ ၁၃၆
၈၁။ ဒါရကောဝါဒလင်္ကာကောက်နုတ်ချက် ၁၄၂
၈၂။ အပါယ်မလားကြောင်းတရား ၁၄၄
၈၃။ အပါယ်မလားကြောင်း(ကဗျာ) ၁၄၄
၈၄။ နောက်ဆက်တွဲသိမှတ်ဖွယ်ရာ ၁၄၅
၈၅။ သတ္တဝါတို့လားရာဂတိငါးပါး ၁၄၅
၈၆။ ဂတိနှစ်မျိုး ၁၄၅
၈၇။ လူများသတိပြုရန် ဂတိငါးပါးအကျိုးအပြစ် ၁၄၅
၈၈။ ဒါန၊ သီလ၊ ဘာဝနာ သုံးပါး၏ဥပမာ ၁၄၆
၈၉။ သူတော်ကောင်းဥစ္စာ(၇)ပါး ၁၄၆
၉၀။ သူတော်ကောင်းတရား(၇)ပါး နှိုင်းယှဉ်ချက် ၁၄၇
၉၁။ နဝရတ်ကိုးသွယ်နှင့် စွမ်းရည် ၁၄၇
၉၂။ ကျေးဇူးရှင်ခင်ပွန်းကြီးဆယ်ပါး ၁၄၈
၉၃။ ခင်ပွန်းကြီးဆယ်ပါး ပြစ်မှားကျိုး ၁၄၉
၉၄။ ခင်ပွန်းကြီးဆယ်ပါး ပူဇော်ကျိုး ၁၄၉
၉၅။ ခင်ပွန်းကြီးဆယ်ပါးရှိခိုး ၁၅၀
၉၆။ ခင်ပွန်းကြီးဆယ်ပါးကို ရိုသေလေးစားဆည်းကပ်သူတို့
ရရှိနိုင်သော အကျိုးပြလင်္ကာ ၁၅၀
၉၇။ ခင်ပွန်းကြီးဆယ်ပါး ပြစ်မှားသောပုဂ္ဂိုလ်တို့၏အပြစ်ပြလင်္ကာ ၁၅၂
၉၈။ အနန္တငါးပါးဘုရားရှိခိုး ၁၅၂

http://www.dhammadownload.com

၉၉။ ဂီဟိဝိနယဆုံးမစာ ၁၆၂
၁၀၀။ မိတ်တုလေးမျိုး ၁၆၂
၁၀၁။ မိတ်ဆွေစစ်၊ မိတ်ဆွေကောင်းလေးမျိုး ၁၆၂
၁၀၂။ ပေါင်းဖော်ရမည့်ပုဂ္ဂိုလ် ၁၆၃
၁၀၃။ ပေါင်းထိုက်၊ မပေါင်းထိုက်ပုဂ္ဂိုလ် ၁၆၃
၁၀၄။ အလေးအမြတ်ပြုရာ အရပ်ခြောက်မျက်နှာ ၁၆၄
၁၀၅။ ကျေးဇူးဆောင်ရွက်သောအဆွေခင်ပွန်းစစ်လေးယောက် ၁၆၄
၁၀၆။ ဆင်းရဲမကွာ ချမ်းသာမပစ်သော အဆွေခင်ပွန်းလေးယောက် ၁၆၄
၁၀၇။ အကျိုးစီးပွားကိုပြောကြားတတ်သော
အဆွေခင်ပွန်းစစ်လေးယောက် ၁၆၅
၁၀၈။ အစဉ်သနားတတ်သော အဆွေခင်ပွန်းစစ်လေးယောက် ၁၆၅
၁၀၉။ ပျက်စီးလွယ်သောလူလေးယောက် ၁၆၅
၁၁၀။ လောကမံတရားရှစ်ပါး ၁၆၆
၁၁၁။ ငြဟ္မစိုရ်တရားလေးပါး ၁၆၆
၁၁၂။ လောကပါလတရားနှစ်ပါး ၁၆၆
၁၁၃။ အပါယသုခ စည်းစိမ်ဥစ္စာပျက်စီးကြောင်းတရားခြောက်ပါး ၁၆၇
၁၁၄။ ပျင်းရိခြင်းအပြစ် ၁၆၈
၁၁၅။ အဂတိတရားလေးပါး(ဌာနလေးပါး) ၁၆၈
၁၁၆။ အဂတိတရားလေးပါးလိုက်စားခြင်းအပြစ်နှင့်
ရှောင်ကြဉ်ခြင်းအကျိုး ၁၆၈
၁၁၇။ နာယကဂုဏ်(ကြီးသူကျင့်ဝတ်)ခြောက်ပါး ၁၆၉
၁၁၈။ အနာယက (နာယကမတင်ထိုက်သူ) ခြောက်ဦး ၁၆၉
၁၁၉။ သားသမီးသုံးမျိုး ၁၇၀
၁၂၀။ ဒါနသုံးမျိုး ၁၇၀
၁၂၁။ စာသင်သားဆုံးမစာ ၁၇၁
၁၂၂။ နောင်တပူပန်ဖွယ်ဆယ်ခု အလိမ္မာတို့သတိပြု ၁၇၂
၁၂၃။ ကြောက်ကြီးဆယ်လုံး ၁၇၅
၁၂၄။ ကြောက်ကြီးဆယ်လုံးဆုံးမစာ ၁၇၅
၁၂၅။ သင်ဘယ်လိုလူစားလဲ ၁၇၆

http://www.dhammadownload.com

၁၂၆။ ဘာသာ စာရိတ္တ ယဉ်ကျေးမှု ၁၇၇
၁၂၇။ ကာယကံယဉ်ကျေးမှု (ကိုယ်အမူအရာယဉ်ကျေးခြင်း) ၁၇၇
၁၂၈။ ဝစီကံယဉ်ကျေးမှု (အပြောအဆိုအသုံးအနှုန်းယဉ်ကျေးခြင်း) ၁၈၀
၁၂၉။ မနောကံယဉ်ကျေးမှု ၁၈၅
၁၃၀။ ဆွမ်းကွမ်းဆိုင်ရာ ယဉ်ကျေးမှုဝေါဟာရများ ၁၈၅
၁၃၁။ အတန်းတက်လျှင် ရွက်ဆိုဆင်ခြင်ရန် အဓိဋ္ဌာန် ၉ ချက် ၁၉၀
၁၃၂။ သင်ခန်းစာပြီး ချိန်မေတ္တာပို့ရန် ၁၉၀
၁၃၃။ ဗုဒ္ဓဘာသာဝင်တိုင်း သတိပြုဖွယ် ၁၉၂
၁၃၄။ ကျမ်းကိုးစာရင်း ၁၉၄



http://www.dhammadownload.com

မိတ်ဆက်စကား

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် ထေရဝါဒဗုဒ္ဓသာသနာတော်နိုင်ငံအဖြစ် ကမ္ဘာ့အလယ်၌ ထယ်ဝါထင်ရှားစွာ ရပ်တည်လျက်ရှိသည်။ မိဘဘိုးဘွားတို့ ရှေးအစဉ်အဆက် ဇာတိပုည ဂုဏ်မာနဖြင့် မြန်မာယဉ်ကျေးမှု အစဉ်အလာကိုလည်း ထိန်းသိမ်းနိုင်ခဲ့ကြ၏။

မျက်မှောက်ကာလတွင် ကမ္ဘာကြီးသည် ရုပ်ပိုင်းဆိုင်ရာသိပ္ပံပညာများ အလွန်တိုးတက်လျက်ရှိရာ ကမ္ဘာကြီးသည် ရွာကြီးတစ်ရွာကဲ့သို့ ဖြစ်လာပြီး ဆက်နွယ်ပေါင်းဆုံမှုမျိုးစုံဖြစ်လာခဲ့သည်။ ဘာသာအယူဝါဒအမျိုးမျိုး၊ ယဉ်ကျေးမှုအထွေထွေ၊ စရိုက်သဘာဝ အလေ့အထအဖုံဖုံ ရောယှက်လာခဲ့သည်။ ဗုဒ္ဓဘာသာ ယဉ်ကျေးမှုထွန်းကားရာ မြန်မာနိုင်ငံသည်လည်း ခေတ်ကာလအလျောက် တိုင်းတစ်ပါး ယဉ်ကျေးမှုအယူဝါဒမျိုးစုံ ထိုးဖောက်ဝင်ရောက်ခြင်းခံရကာ လူငယ်များအကြား မြန်မာ့ယဉ်ကျေးမှုကို သွေဖီလျက် လွဲမှားသောအတုခိုးမှုများကို မြင်တွေ့နေကြရသည်။

ယနေ့ လူငယ်များသည် နောင်အခါ လူကြီးတို့ နေရာ၌ ရောက်ရှိကာ မိမိတို့ အမျိုးဘာသာ၊ သာသနာကို စောင့်ရှောက်တာဝန်ထမ်းဆောင်ကြရမည့် မျိုးဆက်သစ်များဖြစ်ကြသည်။ ထိုမျိုးဆက်လူငယ်တို့၏ နှလုံးသား၌ အမျိုးကိုချစ်စိတ်၊ ဘာသာ သာသနာကို ချစ်စိတ်များ ကိန်းဝပ်တည်ရှိမှသာ မျိုးစေ့မှန်၍ အပင်သန်လျက် အနာဂတ်အတွက် ရင်အေးကြရပေလိမ့်မည်။

http://www.dhammadownload.com

သို့မဟုတ်က ဘာသာသာသနာပျောက်၍ အမျိုးပျောက်မှာ စိုးကြောက်စရာ ဖြစ်နေရသည်။ ဗုဒ္ဓမြတ်စွာ၏ အဆုံးအမ သာသနာတော်များသည် မလိမ္မာမယဉ်ကျေးသူတို့အား လိမ္မာယဉ်ကျေးအောင်၊ ဘဝနေနည်းနှင့် အသိဉာဏ်ဖွံ့ဖြိုးတိုးတက်အောင် အကောင်းဆုံးစွမ်းဆောင်နိုင်သော လမ်းညွှန်မှုများဖြစ်သည်။

မိဘတို့သည် မိမိတို့ ရင်သွေးများ ဘဝရပ်တည်ရေးအတွက် ဖွားမြင်သည်မှစ၍ ပြုစုပျိုးထောင်ကာ ရခဲလှစွာသော လူ့ဘဝ၏ သက်တမ်း သုံးပုံတစ်ပုံခန့်မျှကို လောကီပညာများ သင်ကြားနိုင်ရန် အပင်ပန်းခံ ငွေကုန်ကြေးကျခံ၍ ပညာအမွေပေးခဲ့ကြသည်။

လူတော်များဖြစ်လာရန် ဤသို့ ရင်းနှီးမြှုပ်နှံ အပင်ပန်းခံကြိုးပမ်းပျိုးထောင်ပေးနိုင်ကြပါလျှင် တစ်ဘဝစာသာမက ပစ္စုပ္ပန်သံသရာနှစ်ဖြာကောင်းကျိုးချမ်းသာကို ပေးစွမ်းနိုင်သော အသိပညာကိုယ်ကျင့်တရားတို့နှင့် ပြည့်စုံသည့် လူတော်လူကောင်းများအဖြစ် ပျိုးထောင်ပေးရန်လည်း အထူးလိုအပ်လှပါသည်။

သို့ဖြစ်၍ မြတ်ဗုဒ္ဓ၏ အဆုံးအမတို့ဖြင့် ယဉ်ကျေးလိမ္မာသော သားကောင်း သမီးမွန်များဖြစ်စေရန်၊ ကိုယ်ကျင့်သိလကောင်းမွန်စေရန်၊ ဘဝနေနည်းနှင့် နည်းမှန်လမ်းမှန်နေထိုင်ဆက်ဆံတတ်ရန်၊ ပစ္စုပ္ပန်ဘဝကောင်းစားရေးသာမက သံသရာ၌လည်း ချမ်းသာစေနိုင်ရန်၊ ရတနာမြတ်သုံးပါးကို ကိုးကွယ်ဆည်းကပ်ပူဇော်တတ်ရန်၊ မိဘဆရာသမားတို့ကို ရိုသေလေးစား ကျေးဇူးသိတတ်ရန် စသည်တို့ မျိုးဆက်သားငယ် သမီးငယ်တို့ စိတ်နှလုံး၌ ဖြစ်ပေါ်တည်ရှိ၍ မိမိတိုင်းပြည်နှင့် အမျိုးဘာသာ သာသနာအကျိုး သယ်ပိုးရွက်ဆောင်နိုင်ရန်၊ လူကောင်းလူတော်များဖြစ်လာကြ၍ မိဘတို့ပြုစု ပျိုးထောင်ရကျိုးနပ်စေရန် ရည်သန်လျက် ဗုဒ္ဓဘာသာယဉ်ကျေးမှုလက်စွဲကျမ်းစာကို စုဆောင်းပြုစုပူဇော်တင်ပြလိုက်ခြင်း ဖြစ်ပါသည်။

အမျိုးဘာသာ သာသနာအကျိုး
သယ်ပိုးရွက်ဆောင်နိုင်ကြပါစေသော်
သစ္စာဝါဒီဦးမြင့်အောင်

http://www.dhammadownload.com

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

အခန်း (၁)

ဗုဒ္ဓဝင်အကျဉ်း

၁။ ဂေါတမမြတ်စွာဘုရားအလောင်းတော်သည် ဤဘဒ္ဒကမ္ပာမှ ပြန်၍ရေတွက်သည်ရှိသော် လေးသင်္ချေနှင့်ကမ္ဘာတစ်သိန်းအထက်၌ အမရဝတီနေပြည်တော်ဝယ် သုမေဓာသူဌေးသားဖြစ်ခဲ့ဖူးလေသည်။ မိဘများ စွန့်ထားခဲ့သော ပစ္စည်းဥစ္စာကိုစွန့်လှူ၍ သံဝေဂဖြစ်ပြီး တောထွက်ကာ သုမေဓာရသေ့ဖြစ်ခဲ့လေသည်။

၂။ သုမေဓာရသေ့သည် ရမ္မာဝတီမြို့သူမြို့သားတို့နှင့်အတူ ဒီပင်္ကရာမြတ်စွာဘုရားကြွလာမည်ဖြစ်၍လမ်းပြင်နေခိုက် မပြီးမီ ဘုရားကြွလာသောကြောင့် သူ၏ခန္ဓာကိုယ်ကို ရွှံ့ညွန်တွင် တံတားသဖွယ်ပြု၍ထားသည်။ ဒီပင်္ကရာမြတ်စွာဘုရားက သုမေဓာရသေ့အား "နောင်ဘဒ္ဒကမ္ပာတွင် ငါကဲ့သို့ ဘုရားဖြစ်လိမ့်မည်" ဟု ဗျာဒိတ်ပေးတော်မူခဲ့ပါသည်။

http://www.dhammadownload.com

၃။ သုမေဓာရသေ့သည် ဒီပင်္ကရာမြတ်စွာဘုရားခြေတော်ရင်း၌ ကိုယ်တော်တစ်ဦးတည်း နိဗ္ဗာန်ချမ်းသာကို ရနိုင်သော်လည်း ဩဃလေးဖြာသံသရာ၌ နစ်မွန်းမျောပါနေကြကုန်သော သတ္တဝါအပေါင်းတို့ကို သနားကြင်နာတော်မူလှသဖြင့် ယူတော်မမူခဲ့ပေ။

၄။ သုမေဓာရသေ့ဘဝမှ ဝေဿန္တရာမင်းဘဝတိုင်အောင် မရေမတွက်နိုင်အောင် များစွာသော ဘဝတို့၌ ပါရမီတော်တို့ကိုဖြည့်ကျင့်ခဲ့ရာ

(က) ရွှေ၊ ငွေ၊ ဆင်၊ မြင်း အစရှိသည်ကိုလှူခြင်း . . . ဒါနပါရမီ။

(ခ) ခြေ၊ လက်၊ နား၊ နှာခေါင်း အစရှိသည်ကိုလှူခြင်း . . . ဒါနဥပပါရမီ။

(ဂ) ကိုယ့်အသက်ကိုလှူခြင်း . . . ဒါနပရမတ္ထပါရမီ အစရှိသော ပါရမီသုံးဆယ်တို့ကို ဖြည့်ကျင့်တော်မူခဲ့လေသည်။

၅။ ထိုအခါ ဘုရားအလောင်းတော်သေတကေတုနတ်သားသည်-

(က) ကာလ = ဘုရားဖြစ်ရာအခ်ိန်ကာလ၊

(ခ) ဒီပ = ဘုရားဖြစ်ရာကျွန်းအရပ်၊

(ဂ) ဒေသ = ဘုရားဖြစ်ရာအရပ်ဒေသ၊

(ဃ) ကုလ = ဘုရားဖြစ်ရာအမျိုးအနွယ်၊

(င) မာတုအာယုပရိစ္ဆေဒ = ဘုရားအလောင်းတော်၏

မယ်တော်ဖြစ်ထိုက်သူ၏ သက်တမ်းအပိုင်းအခြားဟူသော ကြည့်ခြင်းကြီးငါးပါးတို့ကို ကြည့်ရှုတော်မူပြီး ဝန်ခံတော်မူလေသည်။

၆။ ဘုရားအလောင်းတော်သည် ဤသို့ကြည့်ရှုတော်မူပြီးနောက် နတ်အဖြစ်မှ စုတေကာ မဟာသက္ကရာဇ် ၆၇ ခု၊ ဝါဆိုလပြည့် ကြာသပတေး

http://www.dhammadownload.com

နေ့တွင် ကပိလဝတ်ပြည့်ရှင်ဘုရင် သုဒ္ဓေါဒနမင်းကြီး၏ တောင်ညာ မဟေသီ မိဖုရားကြီးမာယာဒေဝီ၏ဝမ်း၌ ပဋိသန္ဓေတည်နေတော်မူခဲ့ ပါသည်။

၉။ ဘုရားအလောင်းတော်သည် မဟာသက္ကရာဇ် ၆၈-ခု၊ ကဆုန် လပြည့်၊ သောကြာနေ့ဝယ် ဒေဝဒဟပြည်နှင့် ကပိလဝတ်ပြည်၏အကြား ရှိ လုမ္ဗိနီသာမောအင်ကြင်းတောဝယ် မယ်တော်မာယာ၏ ဝမ်းကြာ တိုက်မှ မီးရှူးသန့်စင်ဖွားမြင်တော်မူခဲ့ပါသည်။

၁၀။ ဘုရားအလောင်းတော်သည် မယ်တော်ဝမ်းမှ မတ်တပ်ရပ် လျက် သက်တော်မူပြီး မြေ၌တည်လျက် မြောက်အရပ်သို့ ခုနစ်ဖဝါးကြွ တော်မူပြီးလျှင် ရပ်တော်မူလျက် **ငါသည် လောကတွင် အဦးဆုံးဖြစ် ၏။ ငါသည် လောကတွင်အကြီးအကဲဆုံးဖြစ်၏။ ငါသည်လောကတွင် အမြတ်ဆုံးဖြစ်၏**ဟူ၍ စကားကြီးသုံးခွန်းကို မြွက်ကြားတော်မူခဲ့ပါသည်။

၁၁။ ဘုရားအလောင်းတော်သည် ၁၆-နှစ်အရွယ်သို့ ရောက်သော အခါတွင် ဒေဝဒဟပြည့်ရှင်သုပ္ပဗုဒ္ဓမင်းကြီး၏ သမီးတော် ယသော်ဓရာ မင်းသမီးနှင့် ထိမ်းမြားလက်ထပ်၍ မင်းစည်းစိမ်ကို ခံစားတော်မူခဲ့ ပါသည်။

၁၂။ ဘုရားအလောင်းတော်သည် သက်တော် ၂၉ နှစ်အရွယ် ရောက်သောအခါတွင် သူအို၊ သူနာ၊ သူသေ၊ ရဟန်းဟူသော နိမိတ်ကြီး လေးပါးကို မြင်တော်မူသဖြင့် သံဝေဂဖြစ်တော်မူကာ တောထွက်၍ ရဟန်းပြုတော်မူခဲ့ပါသည်။

၁၃။ ဘုရားအလောင်းတော်သည် ရဟန်းအဖြစ်နှင့် အလွန်ပြုကျင့် နိုင်ခဲလှစွာသော ဒုက္ကရစရိယာအကျင့်ကို ၆ နှစ်ပတ်လုံး ပင်ပန်းဆင်းရဲ လှစွာ ကျင့်တော်မူခဲ့ပါသည်။

http://www.dhammadownload.com

၁၄။ ဘုရားအလောင်းတော်သည် ထို့နောက်တွင် အဇပါလညောင်ပင်ရင်း၌ သုဇာတာမည်သော သူဌေးသမီးလျှုဒါန်းသော နို့ယနာဆွမ်းကို အလျှုခံဘုဉ်းပေးတော်မူပြီး ရွှေခွက်ကို နေရဟ္ဒရာမြစ်၌ ချလျက် “ယနေ့ ငါဘုရားဖြစ်မည်မှန်လျှင် ဤရွှေခွက်သည် ရေညာသို့ ဆန်တက်စေသတည်း”ဟု အဓိဋ္ဌာန်၍ မြစ်ရေ၌ မျှောရာ ရွှေခွက်သည် ရေညာသို့ အတောင်ရှစ်ဆယ်ခန့် ဆန်တက်ပြီးမှ မြုပ်သွားခဲ့လေသည်။

၁၅။ ဘုရားအလောင်းတော်သည် ထိုမှ မဟာဗောဓိပင်သို့ ကြွသွားတော်မူခဲ့ပြီး သုဒ္ဓိယငစင် မြက်ထမ်းသမားသည် ဘုရားအလောင်းတော်အား လျှုဒါန်းခဲ့သည့် မြက်ရှစ်ဆုပ်ကို ကြဖြန့်လိုက်ရာ ထိုခဏဝယ် ထိုမြက်တို့သည် မဟာဗောဓိပင်ရင်း၌ အပရာဇိတပလ္လင်အဖြစ် ဖြစ်ပေါ်လာခဲ့လေသည်။

၁၆။ ဘုရားအလောင်းတော်သည် ထိုပလ္လင်တော်ထက်၌ထက်ဝယ် ဖွဲ့ခွေနေတော်မူလျက် ဘုရားမဖြစ်သမျှ ဤတင်ပျဉ်ခွေကို မဖျက်တော့အံ့ဟု အဓိဋ္ဌာန်၍ အာနာပါနကမ္မဋ္ဌာန်းစီးဖြန်းကာ စတုတ္ထစျာန်ဝင်စားနေတော်မူစဉ်တွင် ဝဿဝတီနတ်ပြည်မှ မာရ်နတ်သည် ဂီရိမေခလာဆင်ပြောင်ကြီးကို တက်စီးကာ မိစ္ဆာစစ်သည်များစွာနှင့် လက်နက်အမျိုးမျိုးကိုင်စွဲပြီး နည်းအမျိုးမျိုးဖြင့် ဘုရားအလောင်းအား တိုက်ခိုက်နှောင့်ယှက်၍ ပလ္လင်တော်ကို လုခဲ့လေသည်။

၁၇။ ဘုရားအလောင်းတော်သည် ထိုပလ္လင်ထက်၌ မတုန်မလှုပ်ထက်ဝယ် ဖွဲ့ခွေနေတော်မူစဉ် နေမဝင်မီ ဒေဝပုတ္တမာန် (မာရ်နတ်ရန်)ကို အောင်မြင်တော်မူ၍ ညဉ့်ဦးယံတွင် ရှေ့၌နေခဲ့(ဖြစ်ခဲ့)ဖူးသော ခန္ဓာစဉ်ကို အောက်မေ့တတ်၊ သိတတ်သော ပုဗ္ဗေနိဝါသာနုဿတိဉာဏ်ကို ရတော်မူလေသည်။

http://www.dhammadownload.com

သန်းခေါင်ယံ၌ နတ်တို့၏ မျက်စိနှင့်တူသော ဉာဏ်မျက်စိဖြင့် စုတေခါနီးသောသတ္တဝါ စသည်တို့ကို မြင်တတ်သော ဒိဗ္ဗစက္ခုဉာဏ်တော်ကို ရရှိတော်မူလေသည်။


မိုးသောက်ယံ၌ အာသဝေါတရားလေးပါးတို့၏ ကုန်ခြင်းကို ပြုတတ်သော အာသဝက္ခယဉာဏ်ကို ရတော်မူ၍ သက်တော် (၃၅) နှစ်အရွယ် မဟာသက္ကရာဇ် ၁၀၃-ခု၊ ကဆုန်လပြည့်၊ ဗုဒ္ဓဟူးနေ့ မိုးသောက်ယံဝယ် လောကသုံးပါးတွင် အတုမရှိသော သဗ္ဗညုဘုရားအဖြစ်သို့ ရောက်တော်မူပါသည်။

၁၈။ သုံးလူထွတ်ထားမြတ်စွာဘုရားရှင်သည် (၄၅)ဝါကာလပတ်လုံး ဝေနေယျတို့အား ဓမ္မစကြာစသည့် တရားဓမ္မတို့ကို ဟောကြားတော်မူကာ လူ၊ နတ်၊ ဗြဟ္မာသတ္တဝါတို့၏ အကျိုးစီးပွားကို မနားမနေ ဆောင်ရွက်တော်မူခဲ့ပါသည်။

၁၉။ မြတ်စွာဘုရားရှင်သည် သတ္တဝါဝေနေယျများအတွက် ဟောကြားပညတ်တော်မူခဲ့သော တရားတော်များသည် အချုပ်အားဖြင့် ဓမ္မနှင့်ဝိနယဟူ၍ နှစ်မျိုးဖြစ်သည်။ ဆောင်ထားရမည့်ဓမ္မနှင့် ရှောင်ရှားရမည့် ဝိနယတို့ဖြစ်သည်။ တစ်နည်းဆိုသော် ဓမ္မသည် နည်းလမ်းဖြစ်၍ ဝိနယသည် စည်းကမ်းဖြစ်သည်။ သုတ်၊ ဝိနည်း၊ အဘိဓမ္မာဟူ၍ ပိဋကတ်သုံးပုံကို ဟောကြားတော်မူခဲ့သည်။

၂၀။ မြတ်စွာဘုရားရှင်သည် (၄၅)ဝါကာလပတ်လုံး သတ္တဝါတို့၏ အကျိုးစီးပွားကို မနားမနေ မဟာကရုဏာတော်ဖြင့် ဆောင်ရွက်တော်မူခဲ့ပြီး သက်တော်(၈၀)အရွယ် ရောက်တော်မူသောအခါ မဟာသက္ကရာဇ် ၁၄၈-ခု၊ ကဆုန်လပြည့် အင်္ဂါနေ့ဝယ် ကုသိနာရုံပြည်မလ္လာမင်းတို့၏ ဥယျာဉ်၌ ပရိနိဗ္ဗာန်ဝင်စံတော်မူခဲ့ပါသည်။


http://www.dhammadownload.com




သုမေဓာရသေ့ဗျာဒိတ်ခံယူခန်း



မြတ်စွာဘုရားအလောင်းဖွားတော်မူခန်း



ဘုရားအလောင်းတောထွက်ခန်း



ဘုရားဖြစ်တော်မူခန်း



ပဋ္ဌဝဂ္ဂိတို့အား ဓမ္မစက္ကာတရားဦးကို
ဟောတော်မူခန်း



ပရိနိဗ္ဗာန်စံဝင်တော်မူခန်း

http://www.dhammadownload.com

ဗုဒ္ဓဝင်ဆိုင်ရာ သိမှတ်ဖွယ်ရာ
ဗုဒ္ဓ၊ ဗုဒ္ဓဘာသာ၊ ဗုဒ္ဓဘာသာဝင်၊ ဗုဒ္ဓဝင်

၁။ သဗ္ဗညုမြတ်စွာဘုရားကို ဗုဒ္ဓဟုခေါ်ပါသည်။

၂။ ဗုဒ္ဓမြတ်စွာဘုရား၏ တရားတော် (စကားတော်များ)ကို ဗုဒ္ဓဘာသာဟုခေါ်ပါသည်။

၃။ ဗုဒ္ဓမြတ်စွာဘုရား၏ တရားတော်အတိုင်း ယုံကြည်လိုက်နာကျင့်သုံးနေထိုင်သူကို ဗုဒ္ဓဘာသာဝင်ဟုခေါ်ပါသည်။

၄။ ဗုဒ္ဓ(ဘုရား)အကြောင်း မှတ်တမ်းတင်ခြင်းကို ဗုဒ္ဓဝင်ဟုခေါ်ပါသည်။

သတ္တဋ္ဌာနဒုနစ်ပါး (၇ × ၇ = ၄၉)
ဘုရားဖြစ်တော်မူပြီး ဒုနစ်ရက် ဒုနစ်လီ စမ္မာယ်တော်မူရာဋ္ဌာနများ

၁။ ပလ္လင်္ကသတ္တာဟ = ပလ္လင်ပေါ်တွင် ၇ ရက် ဖလသမာပတ်ဝင်စားတော်မူ။

၂။ အနိမိသသတ္တာဟ = ပလ္လင်တော်ကို မမှိတ်သောမျက်စိဖြင့် ၇ ရက်ကြည့်တော်မူ။

၃။ စင်္ကမသတ္တာဟ = စင်္ကြံ ၇ ရက်ကြွ၊ သမာပတ်ဝင်စားတော်မူ။

၄။ ရတနာဃရသတ္တာဟ = ရတနာအိမ်တော်၌ အဘိဓမ္မာတရားတော်ကို ၇ ရက် ဆင်ခြင်တော်မူ။

http://www.dhammadownload.com

ဘုရားဖြစ်တော်မူပြီး
ဥနန်ရက် ဥနန်လီ စမ္မာယတော်မူရောဌာနများ



http://www.dhammadownload.com

၅။ အဇပါလသတ္တာဟ = ဆိတ်ကျောင်းညောင်ပင်၌ ၇ ရက် သမာပတ် ဝင်စားတော်မူ။

၆။ မုစလိန္ဒသတ္တာဟ = ကျည်းပင်ရင်းမှာ ၇ ရက် သမာပတ် ဝင်စားတော်မူ။

၇။ ရာဇာယတနသတ္တာဟ = လင်းလွန်းပင်၌ ၇ ရက် သမာပတ် ဝင် စားတော်မူ။

ရာဇာယတနသတ္တာဟ၌ မြတ်စွာဘုရားရှင်စံနေတော်မူစဉ် တဖုဿနှင့် ဘလ္လိကကုန်သည်ညီနောင် ရောက်လာဖူးမြော်သည်။ မြတ်စွာဘုရားရှင်က ကုန်သည်ညီနောင်အား ဆံတော်ရှစ်ဆူခြိုးမြှင့် တော်မူရာ ထိုညီနောင်တို့ ဥက္ကလာပသို့ ပြန်ရောက်သောအခါ ရွှေတိဂုံ စေတီတော်တွင် ဌာပနာ၍ ကိုးကွယ်ကြသည်။

ဓမ္မစကြာတရားတော်

မြတ်စွာဘုရားရှင်သည် သတ္တဋ္ဌာနစံနေတော်မူပြီးနောက် ဗောဓိပင်မှ ဗာရာဏသီအနီး မိဂဒါဝုန်တောသို့ ကြွတော်မူပြီးလျှင် ကောဏ္ဍညာ၊ ဝပ္ပ၊ ဘဒ္ဒိယ၊ မဟာနာမ်၊ အဿဇိဟူသည့်ပဉ္စဝဂ္ဂိဂါးဦးတို့အား ဓမ္မစကြာတရားဦးကိုဟောတော်မူခဲ့ပါသည်။

မြတ်စွာဘုရားရှင်၏ နောက်ဆုံးစကားတော် (မြန်မာပြန်)

ချစ်သားတို့. . . . . နောက်ဆုံးစကားမှာကြားခဲ့မည်၊ ပြုပြင်မှု ကြောင့်ဖြစ်သော သင်္ခါရတရားမှန်သမျှသည် ပျက်စီးတတ်သော သဘောရှိ၏။ မမေ့လျော့၊ မပေါ့ဆသောသတိတရားနှင့် နေထိုင်ကြ။

http://www.dhammadownload.com

ရောင်ခြည်တော်ခြောက်ပါး

၁။ နီလရောင်ခြည်တော် = အညို (အပြာ)ရောင်
၂။ ပီတရောင်ခြည်တော် = အဝါရောင်
၃။ လောဟိတရောင်ခြည်တော် = အနီရောင်
၄။ ဩဒါတရောင်ခြည်တော် = အဖြူရောင်
၅။ မဉ္ဇိဋ္ဌရောင်ခြည်တော် = မောင်းသောရောင်ခြည်တော်
၆။ ပဘဿရရောင်ခြည်တော် = ပြိုးပြိုးပြက်ပြက်တလက်လက်
ရောင်ခြည်တော်

ဘုရားရှင်တို့မစွန့်အပ်သောအရပ်လေးပါး

၁။ ဗောဓိပလ္လင်(ဗောဓိပင်)
၂။ ဓမ္မစကြာတရားဟောတော်မူရာမိဂဒါဝုန်တော။
၃။ တာဝတိံသာမှ သင်္ကန်းသည်အခါ သင်္ကဿနဂိုရိမြို့တံခါးဦး
ပထမခြေတော်ချရာဌာန။
၄။ ဇေတဝန်ကျောင်း ဂန္ဓကုဋီတိုက်၌ လေးချောင်းသော ညောင်စောင်း
ခြေတို့၏နေရာ။
ဤလေးပါးကို အဝိဇဟိတဌာနဟုခေါ်သည်။

(သုတ်မဟာဝါအဋ္ဌကထာ-၁၁။)

ဘုရားရှင်တို့ မစွန့်အပ်ရာအရပ်လေးပါး (ကဗျာ)

ဗောဓိပလ္လင်၊ ထို့ပြင်တစ်ချက်၊ ဓမ္မစကြာ၊
ဟောရာဌာန၊ ညောင်စောင်းချရာ၊ လက်ယာခြေထောက်၊

http://www.dhammadownload.com

ချတော်မူရာ၊ နေရာဌာန၊ သက်သတည့်၊
ဌာနလေးပါး၊ မစွန့်ငြားသည်၊ ဘုရားဗုဒ္ဓဟူသမျှ။

သံဝေဂရစေမည့်ဌာနလေးပါး

၁။ မြတ်စွာဘုရားဖွားမြင်တော်မူရာဌာန
(လုမ္ဗိနီဥယျာဉ်)
၂။ ဘုရားဖြစ်ရာဌာန
(မဟာဗောဓိပင်)
၃။ ဓမ္မစကြာတရားဟောရာဌာန
(မိဂဒါဝုန်တော)
၄။ ပရိနိဗ္ဗာန်စံရာဌာန။
ဤလေးပါးကိုသံဝေဇနီယဌာနဟုခေါ်သည်။

(အံ၊ ၁၊ ၄၃၅ ဒီ၊ ၂၊ ၁၁၆)

ဌာနလေးပါး (ကဗျာ)

- ဗုဒ္ဓမြတ်စွာ၊ ဖွားမြင်ရာ၊ ယူပါသံဝေဂ။
- ဓမ္မစကြာ၊ ဟောကြားရာ၊ ယူပါသံဝေဂ။
- နိဗ္ဗာန်စံခါ၊ ထိုနေရာ၊ ယူပါသံဝေဂ။
- သံဝေဂညဏ်၊ ဖြစ်ပွားပြန်၊ ဧကန်ကုသိုလ်ရ။



http://www.dhammadownload.com

အခန်း(၂)

ရှိခိုးဦးချပုံ

ခြေ၊ လက်၊ နဖူး၊ တံတောင်၊ ဒူး ငါးဦးညီညွတ်စေ။

ဗုဒ္ဓံပူဇေမိ = ဗုဒ္ဓံ မြတ်စွာဘုရားကို ပူဇေမိ ပူဇော်ပါ၏ဘုရား။

ဓမ္မံပူဇေမိ = ဓမ္မံ တရားတော်မြတ်ကို ပူဇေမိ ပူဇော်ပါ၏ဘုရား။

သံဃံပူဇေမိ = သံဃံ သံဃာတော်မြတ်ကို ပူဇေမိ ပူဇော်ပါ၏ဘုရား ဟုဆို၍ ရှိခိုးဦးချရမည်။

ဘုရား၊ တရား၊ သံဃာ သုံးပါးသော ရတနာမြတ်တို့အား ရှိခိုးဦးချသောအခါ ခြေ၊ လက်၊ နဖူး၊ တံတောင်၊ ဒူး၊ ငါးဦးညီညွတ်စေ ဟူသည့်အတိုင်း ထိခြင်းငါးပါးဖြင့် သုံးကြိမ်သုံးခါ ရှိခိုးရမည်။

ဘုရားနှင့် သံဃာတော်တို့ထံ ဆည်းကပ်ရှိခိုးသောအခါ ရိုသေစွာလက်အုပ်ချီပြီးနောက် နီး၊ ဝေး၊ ရှေ့၊ နောက်၊ မြင့်မောက်၊ လေညာဟူသော အပြစ်ခြောက်မျိုးလွတ်သောနေရာ၌ နေ၍ ရှိခိုးရမည်။

ရှိခိုးခြင်းသုံးမျိုး

(၁) ထိခြင်းငါးပါးနှင့်အညီ ကိုယ်ဖြင့်ရှိခိုးခြင်း (ကာယဝန္ဒနာ)

(၂) နှုတ်ဖြင့် ရွတ်ဆိုရှိခိုးခြင်း (ဝစီဝန္ဒနာ)

(၃) စိတ်ဖြင့် ရည်မှတ်ရှိခိုးခြင်း (မနောဝန္ဒနာ)

http://www.dhammadownload.com

ရပ်လျက်ရှိခိုးခြင်း

လမ်းတွင် ရဟန်းသံဃာတော်တို့ကို ဆုံသောအခါ ဦးထုပ်၊ ဖိနပ်ချွတ်၍ ခြေစုံရပ်ကာ လက်အုပ်ကို ဦးထိပ်၌တင်လျက် ကိုယ်ကို ရှေ့သို့ ညွှတ်ကာ ရှိခိုးရမည်။

ထိုင်လျက်ရှိခိုးခြင်း

အမျိုးသားဖြစ်လျှင် ဆောင့်ကြောင့်ထိုင်လျက်၊ အမျိုးသမီးဖြစ်လျှင် ကြုံကြုံထိုင်လျက် ထိခြင်းငါးပါးနှင့်အညီတုပ်ဝပ်လျက် ရှိခိုးရမည်။

လယ်တီဆရာတော်ကြီး၏ ခုနစ်နေ့ဘုရားရှိခိုး

သန္ဓေယူတော်မူသောနေ့

(မ)၁။ သုံးလူရှင်ပင်၊ ကွေးနှံ့ထိပ်တင်၊ သောင်းခွင်စကြဝဠာ၊ နတ်ဗြဟ္မာတို့၊ ညီညာပေါင်းစု၊ တောင်းပန်မှုကြောင့်၊ ရတုနဂို၊ ရွှမ်းရွှမ်းစိုသည်၊ ဝါဆိုလပြည့်၊ ကြွက်မင်းနေ့ဝယ်၊ ချမ်းမြေ့ကြည်ဖြူ။ သန္ဓေယူသည်၊ နတ်လူငြိမ်းဖို့၊ ကိန်းပါကို။ (ကြာသပတေးနေ့) (မ)

ဖွားမြင်တော်မူသောနေ့

(သိ)၂။ သန္ဓေယူခါ၊ ဆယ်လကြာသော်၊ မဟာသက္ကရာဇ်၊ ခြောက်ဆယ့်ရှစ်ကြဲ၊ ကဆုန်လပြည့်၊ သောကြာနေ့ဝယ်၊ ချမ်းမြေ့စုံစီ၊ လုမ္ဗိနီ၌၊ မဟီလှိုက်ဆူ၊ ဖွားတော်မူသည်၊ နတ်လူအောင်ဗြိုလ်မင်းပါကို။ (သောကြာနေ့) (သိ)

http://www.dhammadownload.com

တောထွက်တော်မူသောနေ့

(ကြ)၃။ ဖွားမြင်မြောက်သော်၊ ဆယ့်ခြောက်နှစ်ရွယ်၊ ပျိုနုနယ်၌၊ သုံးသွယ်ရွှေနန်း၊ သိမ်းမြန်းပြီးလစ်၊ ဆယ့်သုံးနှစ်လျှင်၊ ဘုန်းသစ်လျှံလူ၊ စံတော်မူ၍၊ ရွယ်မူနုဖြိုး၊ နှစ်ဆယ့်ကိုးဝယ်၊ လေးမျိုးနိမိတ်၊ နတ်ပြဟိတ်ကြောင့်၊ ရွှေစိတ်ငြင်ငြို၊ သံဝေပိုကာ၊ ဝါဆိုလပြည့်၊ ကျားမင်းနေ့ဝယ်၊ ချမ်းမြေ့ရာဂုံ၊ တောရိပ်လှုံသည်၊ စုံမြိုင်ပင်ရိပ်ခန်းမှာကို။ (တနလ်ာနေ့) (ကြ)

ဘုရားဖြစ်တော်မူသောနေ့

(လျှင်)၄။ တောရိပ်မြိုင်ပေါ်၊ ခြောက်နှစ်ကျော်၍၊ ခါတော်တစ်ပုံ၊ ပွင့်ချိန်ကြုံက၊ ကဆုန်လပြည့်၊ ဆင်မင်းနေ့ဝယ်၊ မြေ့ပရမေ၊ ပလ္လင်ဗွေထက်၊ ရွှေညောင်တော်ကြီး၊ ဗိတာန်ထီးနှင့်၊ မငြီးကြည်ဖြူ၊ နေတော်မူလျက်၊ ရန်မြူခပင်း၊ အမိုက်သင်းကို၊ အရှင်းပယ်ဖျောက်၊ အလင်းပေါက်က၊ ထွန်းတောက်ဘုန်းတော်၊ သောင်းလုံးကျော်သည်၊ သုံးဖော်လူတို့၊ ငြိမ်းပါကို။ (ဗုဒ္ဓဟူးနေ့) (လျှင်)

ဓမ္မစကြာဟောတော်မူသောနေ့

(တွေး)၅။ ဘုရားဖြစ်ခါ၊ မိဂဒါသို့၊ စကြာရွှေဖွား၊ ဖြန့်ချီသွား၍၊ ငါးပါးဝဂ္ဂီ၊ စုံအညီနှင့်၊ မဟိတစ်သောင်း၊ တိုက်အပေါင်းမှ၊ ခညောင်းကပ်လာ၊ နတ်ပြဟ္မာအား၊ ဝါဆိုလပြည့်၊ စနေနေ့ဝယ်၊ ကြွေ့ကြွေ့လျှံတက်၊ ဓမ္မစက်ကို၊ မိန့်မြွက်ထွေပြား၊ ဟောဖော်ကြားသည်၊ တရားနတ်စည် ရွှမ်းတယ်ကို။ (စနေနေ့) (တွေး)

http://www.dhammadownload.com

ပရိနိဗ္ဗာန်စံတော်မူသောနေ့

(ဆ)၆။ တရားနတ်စည်၊ ဆော်ရွှမ်းလည်က၊ သုံးမည်ဘုံထိုက်၊ တစ်သောင်းတိုက်ဝယ်၊ ကျွတ်ထိုက်သူ၊ နတ်လူငြဟ္မာ၊ သတ္တဝါကို၊ ခေမာသောင်သို့၊ ဖောင်ကူးတို့ဖြင့်၊ ဆောင်ပို့ပြီးခါ၊ ဝါလေးဆယ့်ငါး၊ သက်ကားရှစ်ဆယ်၊ စုံပြည့်ကြွယ်က၊ ရာလေးဆယ့်ရှစ်၊ သက္ကရာဇ်ဝယ်၊ နယ်မလွှာတိုင်း၊ စံနှိုင်းမယုတ်၊ ကုသိန္နာရုံ၊ အင်ကြင်းစုံ၌၊ ကဆုန်လပြည့်၊ အင်္ဂါနေ့ဝယ်၊ ချမ်းမြေ့နိဗ္ဗု စံတော်မူသည်၊ ဝှန်းဆူသောင်းလုံးကျော်တယ်ကို။ (အင်္ဂါနေ့) (ဆ)

တေဇောဓာတ် လောင်တော်မူသောနေ့

(ဦး)၇။ နိဗ္ဗုစံပြီ၊ ရှုမအီသား၊ သိဂီရွှေလော်၊ အလောင်းတော်ကို၊ ထိုရော်ကဆုန်၊ လဆုတ်ကြုံ၍၊ ဂဠုန်နေ့ဝယ်၊ ခိုးငွေ့မနှော၊ ဓာတ်တေဇောလျှင်၊ ရှင်စောဉာဏ်စက်၊ ဓိဋ္ဌာန်ချက်ဖြင့်၊ လျှံတက်ကော်ရော်၊ မီးပူဇော်သည်၊ မွေတော်ရှစ်စိတ်၊ ကြွင်းတယ်ကို။ (တနင်္ဂနွေနေ့) (ဦး)

ထိုခုနစ်နေ့၊ သာချမ်းမြေ့ကို၊ ဆွေ့ဆွေ့ကြည်ဖြူ။ အာရုံယူလျက်၊ သုံးလူတို့နှတ်၊ မြတ်ထက်မြတ်သား၊ ရှင်တော်ဖျားကို၊ သုံးပါးမှန်စွာ၊ ဝန္ဒနာဖြင့်၊ သဒ္ဓါဖြိုးဖြိုး၊ ကျွန်ရှိခိုးသည်၊ ကောင်းကျိုးခပ်သိမ်း ကြွယ်စေသော်။

http://www.dhammadownload.com

ပုဒ္ဓဝင်အကျဉ်းသိမှတ်ဖွယ်

၁။ **ဘုရားအလောင်းတော် ဗျာဒိတ်ခံယူရာဘဝ**

သုမေဓာရသေ့ဘဝ

၂။ **ဗျာဒိတ်ပေးတော်မူသောဘုရား**

ဒီပင်္ကရာ ဘုရားအစပြု၍ ကဿပဘုရားထိ ၂၄ ဆူ၊

၃။ **ပါရမီဖြည့်ဖက် (ဗျာဒိတ်ခံစဉ်)**

သုမိတ္တာအမျိုးသမီး (ယသော်ဓရာအလောင်း)

၄။ **ပါရမီ**

၁၀ ပါး (ဒါနစသည်ပါရမီ)

၅။ **စွန့်ခြင်းကြီး**

၅ပါး (ဥစ္စာ၊ သားသမီး၊ ဇနီးမယား၊ ခြေလက်အင်္ဂါ၊ အသက်)

၆။ **ပါရမီဖြည့်ရာကာလ**

လေးသခ္ချေနှင့် ကမ္ဘာတစ်သိန်း

(သုမေဓာရသေ့ဘဝမှ ဝေဿန္တရာမင်းဘဝထိ)

၇။ **ပါရမီဖြည့်ရခြင်းရည်ရွယ်ချက်**

သတ္တဝါများအကျိုးဆောင်ရွက်ရန်

၈။ **ပဋိသန္ဓေမယူမီဘဝ**

တုသိတာနတ်ပြည်၊ သေတကေတုနတ်သား

၉။ **ဘုရားဖြစ်ရေး ပဋိသန္ဓေယူရန်တောင်းပန်သူ**

စကြဝဠာတိုက်တစ်သောင်းမှ နတ်ပြဟ္မာများ

၁၀။ **ကြည့်ခြင်းကြီးငါးပါး**

(၁) အခါကာလ၊ (၂) ကျွန်း၊ (၃) အရပ်၊ (၄) အမျိုး၊ (၅) မယ်တော်၏ အသက်အပိုင်းအခြား၊ (ဖွားမြင်ပြီး ၇ ရက်သာနေသူ)

http://www.dhammadownload.com

၁၁။ **မယ်တော်အိပ်မက်**

နတ်မင်းကြီးများ မယ်တော်အား အနောဝတတ်အိုင်သို့ သယ်ဆောင်၍ နတ်မိဖုရားတို့က ရေချိုးပေး၊ ကျောက်ဖျာထက်အိပ်၊ သက်ျာနံပါးသို့ ဆင်ဖြူတော်ဖောက်ဝင်သည် မက်မြင်၊

၁၂။ **ပဋိသန္ဓေယူသောနေ့**

မဟာသက္ကရာဇ် ၆၇၊ ဝါဆိုလပြည့်၊ ကြာသပတေးနေ့၊

၁၃။ **ဖွားမြင်တော်မူသောနေ့**

မဟာသက္ကရာဇ် ၆၈၊ ကဆုန်လပြည့်၊ သောကြာနေ့၊

၁၄။ **ဘုရားအလောင်းတော်မင်းသားအမည်**

သိဒ္ဓတ္ထမင်းသား

၁၅။ **အမျိုးအနွယ်**

သက္ကသာကီဝင်မင်းမျိုး

၁၆။ **ဘုရားဘွဲ့တော်**

ဂေါတမ (အနွယ်တော်ကို စွဲ၍ခေါ်သည်။)

၁၇။ **ပွင့်ရာကမ္ဘာ**

ဤဘဒ္ဒကမ္ဘာ

၁၈။ **နေပြည်တော်**

ကပိလဝတ် (သက္ကတိုင်း၊ မဇ္ဈိမဒေသ)

၁၉။ **ဖွားမြင်ရာဌာန**

လုမ္ဗနီအင်ကြင်းဥယျာဉ်

(ကပိလဝတ်ပြည်နှင့်ဒေဝဒဟပြည်အကြား)

၂၀။ **ခမည်းတော်**

သုဒ္ဓေါဓနဘုရင်

http://www.dhammadownload.com

၂၁။ **မယ်တော်**

မဟာမာယာ (မာယာဒေဝီ)

၂၂။ **မိထွေးတော်**

ပဇာပတိဂေါတမီ

၂၃။ **ကြင်ယာတော်**

ယသော်ဓရာ (ဘဒ္ဒကစ္စနာ)

၂၄။ **သားတော်**

ရာဟုလာ

၂၅။ **ယောကျ္ခမတော်**

သုပ္ပဗုဒ္ဓမင်းနှင့် အမိတာမိဖုရား

၂၆။ **ယောက်ဖတော်**

ဒေဝဒတ်

၂၇။ **ဖွားဖက်တော် (၇)ပါး**

(၁) ညီတော်အာနန္ဒာ၊ (၂) ဗောဓိပင်၊ (၃) ကာဠုဒါယီအမတ်၊ (၄) ယသော်ဓရာ မိဖုရား၊ (၅) ဆန္နအမတ်၊ (၆) ရွှေအိုးကြီး ၄ လုံး၊ (၇) ကဏ္ဍကမြင်း၊

၂၈။ **ဘုရားလောင်းဖွားစဆိုသောစကား**

အဂ္ဂေါဟမသ္မိလောကဿ၊ ဇေဋ္ဌောဟမသ္မိလောကဿ၊ သေဋ္ဌောဟမသ္မိလောကဿ၊ ဝါသည် လောကတွင် အဦးဆုံးဖြစ်၏။ ဝါသည် လောကတွင် အကြီးအကဲဆုံးဖြစ်၏။ ဝါသည် လောကတွင် အမြတ်ဆုံးဖြစ်၏။

၂၉။ **ဘုရားလောင်းဖွားစခြေလှမ်း**

မြောက်အရပ်သို့ (၇) လှမ်း

http://www.dhammadownload.com

၃၀။ **ဘုရားလောင်းမင်းသားငယ်ကိုရှိခိုးငိုရယ်သူ**

ဒေဝီလရသေ့

၃၁။ **ဘုရားဖေကန်ဖြစ်မည်ဟောသူ**

ကောဏ္ဍညပုဏ္ဏား

၃၂။ **ဘုရားလောင်းစံရာနန်းပြာသာဒ်**

နွေရာသီ၌ ဘုံငါးဆင့်ရှိ ရမ္မဆောင်၊ ဆောင်းရာသီ၌ ဘုံခုနစ်ဆင့်ရှိ သုရမ္မဆောင်၊ မိုးရာသီ၌ ဘုံကိုးဆင့်ရှိ သုဘဆောင်၊

၃၃။ **ဘုရားအလောင်းတော်ပြသောအတတ်**

လေးအတတ်၊

၃၄။ **စည်းစိမ်စံနှစ်**

၂၉ နှစ်

၃၅။ **နန်းစံနှစ်**

၁၃ နှစ် (သက်တော် ၁၆ မှ ၂၉ နှစ်)

၃၆။ **မြင်ရာနိမိတ်ကြီးလေးပါး**

သူအို၊ သူနာ၊ သူသေ၊ ရဟန်း

၃၇။ **တောထွက်သောရွယ်တော်**

၂၉ နှစ်

၃၈။ **တောထွက်သောနေ့**

မဟာသက္ကရာဇ် ၉၇ ခု၊ ဝါဆိုလပြည့်

၃၉။ **တောထွက်ချိန်ပါသူ**

ကဏ္ဍကမြင်းနှင့် မြင်းမြီးဆွဲ ဆန္ဒအမတ်

၄၀။ **တားမြစ်နှောင့်ယှက်သူ**

ဝသဝတ္တီနတ်ပြည်မှ မာရ်နတ်မင်း

http://www.dhammadownload.com

၄၁။ **ဖြတ်ကူးရာမြစ်**

အနော်မာမြစ်

၄၂။ **ပယ်သောအရာ**

ဆံတော်နှင့်ဝတ်လဲတော်

၄၃။ **ဆံတော်တည်ရာစေတီ**

တာဝတိံသာနတ်ပြည်ရှိ စူဠာမဏိစေတီတော်

၄၄။ **ဝတ်လဲတော်တည်ရာစေတီ**

ဖြဟ္မာပြည်ရှိ ဒုဿစေတီ

၄၅။ **သင်္ကန်းပရိက္ခရာလှူသူ**

ဃဋီကာရဗြဟ္မာ

၄၆။ **ဘုရားလောင်းအားလောကီစျာန်နည်းပေးသူ**

အာဠာရရသေ့၊ ဥဒကရသေ့

၄၇။ **ဒုက္ကရစရိယာကျင့်သောနေရာ**

ဥရုဝေလတော

၄၈။ **ဒုက္ကရစရိယာကျင့်သောကာလ**

၆ နှစ် (မဟာသက္ကရာဇ် ၉၇ ခုမှ ၁၀၃ နှစ်အထိ)

၄၉။ **ဘုရားလောင်း၏အလုပ်အကျွေး**

ပဉ္စဝဂ္ဂိငါးဦး (ကျင့်စဉ်ကာလ)

၅၀။ **နို့ဃနာဆွမ်းအလှူရှင်**

သုဇာတာသူဌေးသမီး (သေနနိဂုံးရွာ)

၅၁။ **ရွှေခွက်အဓိဋ္ဌာန်ပြုမျှောရာမြစ်**

နေရဉ္ဇရာမြစ်

http://www.dhammadownload.com

၅၂။ **ရွှေခွက်ကိုသိမ်းထားသူ**

ကာလနဂါးမင်း

၅၃။ **မြက်ရှစ်ဆုပ်ပလ္လင်အလှူရှင်**

သုဒ္ဓိယ(မောင်စင်ကြယ်၊ မြက်ထမ်းသမား)

၅၄။ **မြက်ရှစ်ဆုပ်မှဖြစ်သောပလ္လင်**

ရွှေပလ္လင်

၅၅။ **ဘုရားပွင့်ရာသစ်ပင်**

မဟာဗောဓိပင်(ညောင်ဗုဒ္ဓဟေပင်)

၅၆။ **ရွှေပလ္လင်ကိုလာလုသူ**

ဝသဝတ္တီနတ်ပြည်မှမာရ်နတ်

၅၇။ **အောင်သောမာရ်**

ဒေဝပုတ္တမာရ်(နေမဝင်မီအောင်မြင်)

၅၈။ **ယာမ်နှင့်ညကျော်**

ညဉ့်ဦးယာမ်= ပုဗ္ဗေနိဝါသညာဏ်၊ သန်းခေါင်ယာမ်= ဒိဗ္ဗစက္ခုညာဏ်၊ မိုးသောက်ယာမ်= အာသဝက္ခယညာဏ်

၅၉။ **ဘုရားရှင်သစ္စာဆိုရာ သက်သေခံသူ**

ဝသုန္ဓရမြေစောင့်နတ်

၆၀။ **ဘုရားကိုဖြားယောင်းသူ**

မာဇာ၊ အရတီ၊ ရာဂါ၊ မာရ်နတ်သမီးများ

၆၁။ **ဘုရားရှင်၏ပထမဝဝနေ(စိတ်ထဲဆင်ခြင်စကား)**

အနေကဇာတိသံသာရံ-အစချီဂါထာ

၆၂။ **ခုနစ်ရက်၊ ခုနစ်လီ စမွာယ်ရာဌာန (သတ္တသတ္တာဟ)**

ပလ္လင်သတ္တာဟ၊ အနိမိသသတ္တာဟ၊ ရတနာစင်္ကမ သတ္တာဟ၊

http://www.dhammadownload.com

အဇပါလသတ္တာဟ၊ မုဉ္စလိန္ဒသတ္တာဟ၊ လင်းလွန်းပင်သတ္တာဟ
ရတနာဃရသတ္တာဟ

၆၄။ **မာရ်နတ်သမီးများ ဖြားယောင်းရာသတ္တာဟ**
အဇပါလသတ္တာဟ

၆၅။ **ဘုရားရှင်သုတ်၊ အဘိဓမ္မာ၊ ဝိနည်းဆင်ခြင်ရာသတ္တာဟ**
ရတနာဃရသတ္တာဟ

၆၆။ **ဘုရားဖြစ်တော်မူသောအရှယ်တော်**
၃၅ နှစ်

၆၇။ **ဘုရားဖြစ်တော်မူသောနေ့**
မဟာသက္ကရာဇ် ၁၀၃-ခုနှစ်၊ ကဆုန်လပြည့်၊ ဗုဒ္ဓဟူးနေ့

၆၈။ **ဘုရားဖြစ်ရာသက်တမ်း**
၁၀၀ တမ်း

၆၉။ **ဘုရားရှင်အား တရားဟောရန် တောင်းပန်သူ**
သဟမ္မတိဗြဟ္မာ

၇၀။ **ဘုရားရှင် ဗောဓိပင်အကြွေ လမ်း၌တွေ့သူ**
ဥပက

၇၁။ **ဘုရားရှင်တရားဦးဟောသည့်နေရာ**
ဗာရာဏသီပြည် မိဂဒါဝုန်တော

၇၂။ **ဟောတော်မူသောတရားဦး**
ဓမ္မစက္ကာတရားတော်

၇၃။ **ဟောတော်မူသောနေ့**
၁၀၃-ခု၊ ဝါဆိုလပြည့်၊ စနေနေ့

http://www.dhammadownload.com

၂၄။ **ပထမဆုံးသာဝက**

ပဉ္စဝဂ္ဂိငါးဦး (ကောဏ္ဍည၊ ဝပ္ပ၊ ဘဒ္ဒိယ၊ မဟာနာမ်၊ အဿဇိ)

၂၅။ **ဒွေဝါစိကသရဏဂုံတည်သူ**

တပုဿနှင့် ဘလ္လိက

၂၆။ **တေဝါစိကသရဏဂုံတည်သူ**

ယသ သတို့သားမိသားစု

၂၇။ **လက်ျာရံအဂ္ဂသာဝက**

အရှင်သာရိပုတြာ

၂၈။ **လက်ဝဲရံအဂ္ဂသာဝက**

အရှင်မဟာမောဂ္ဂလာန်

၂၉။ **ဘုရားရှင်၏ မယ်တော်ကျေးဇူးဆပ်တရား**

တာဝတိံသာနတ်ပြည်၌ မယ်တော်ဖြစ်ခဲ့ဖူးသော သန္တုသိတ နတ်သားအမျူးထား၍ နတ်ပြဟ္မာတို့အား ဝါတွင်းသုံးလ ဟောကြားသော အဘိဓမ္မာတရားတော်

၃၀။ **ဘုရားရှင်ချမှတ်ခဲ့သောလမ်းစဉ်**

မဂ္ဂင်ရှစ်ပါး မဇ္ဈိမပဋိပဒါလမ်းဂဉ်

၃၁။ **ဘုရားရှင်၏စရိယသုံးပါး**

လောကတ္ထစရိယ- လောကလူသားများအတွက် ကျင့်တော်မူခြင်း၊ ဉာတတ္ထစရိယ- ဆွေမျိုးအတွက် ကျင့်တော်မူခြင်း၊ ဗုဒ္ဓတ္ထစရိယ- သဗ္ဗညုတဉာဏ်တော်အတွက် ကျင့်ခြင်း၊

၃၂။ **ကျင့်စဉ်သိက္ခာသုံးရပ်**

သီလ သမာဓိ ပညာ

http://www.dhammadownload.com

၈၃။ **ဘုရားရှင်၏အောင်ခြင်းရှစ်ပါး**

(၁)မာရ်နတ် (၂)သစ္စကပရိုဗိုဇ် (၃) နန္ဒောပနန္ဒနဂါး (၄) ဗကဗြဟ္မာ (၅) အင်္ဂုလိမာလခိုးသား (၆) စိဉ္စမာဏဝိန်းမယုတ်၊ (၇) အာဠာဝကဘီလူး (၈) နာဠာဂီရိဆင်ဆိုး။

၈၄။ **တရားဟောကြားခဲ့သောနှစ်**

(၄၅) ဝါ

၈၅။ **ဟောကြားခဲ့သော ဓမ္မက္ခန္ဓာပေါင်း**

(၈၄၀၀၀) ရှစ်သောင်းလေးထောင်

၈၆။ **ဘုရားရှင်၏အလုပ်အကျွေး**

အရှင်အာနန္ဒာ

၈၇။ **နောက်ဆုံးဆွမ်းလှူသူ**

စုန္ဒ

၈၈။ **နောက်ဆုံးကျွတ်သောသာဝက**

သုဘဒ္ဒပရိုဗိုဇ်(ပရိနိဗ္ဗာန်စံဝင်ခါနီးဆဲဆဲ)

၈၉။ **ဘုရားရှင်၏နောက်ဆုံးဩဝါဒစကား**

ဟန္ဒဒါနိဘိက္ခဝေ၊ အာမန္တယာမိဝေါ၊ ဝယဓမ္မာသင်္ခါရာ၊ အပ္ပမာဒေန သမ္ပာဒေထ။

အကြောင်းရှိ၍ ဖြစ်ရသော(သင်္ခါရ) ဟူသမျှ ပျက်ခြင်းသဘောရှိကြ၏။ သတိတရားဖြင့် အကျင့်သိက္ခာကို ပြည့်စုံစေရစ်ကြ။

၉၀။ **ပရိနိဗ္ဗာန်စံဝင်သောနေ့**

မဟာသက္ကရာဇ် ၁၄၈ ခု၊ ကဆုန်လပြည့်နေ့၊ အင်္ဂါနေ့

၉၁။ **ပရိနိဗ္ဗာန်ပြုသောသက်တော်**

သက်တော် (၈၀)

http://www.dhammadownload.com

၉၂။ **ပရိနိဗ္ဗာန်ပြုရာအရပ်**

မလ္လာမင်းတို့၏ ကုသိနာရုံပြည် အင်ကြင်းဥယျာဉ်တော်

၉၃။ **တေဇောဓာတ်လောင်သောနေ့**

မဟာသက္ကရာဇ် ၁၄၈ ခု၊ ကဆုန်လပြည့်ကျော် ၁၂ ရက်၊ တနင်္ဂနွေနေ့၊

၉၄။ **ကြွင်းကျန်သောဓာတ်တော်**

၈ စိတ် (၃၂)ပြည်

၉၅။ **ဓာတ်တော်ဝေသူ**

ဒေါနပါမောက္ခပုဏ္ဏားကြီး

၉၆။ **မပြိုကွဲသောဓာတ်တော်**

စွယ်တော်လေးဆူ၊ ညှပ်ရိုးတော်နှစ်ဆူ၊ နဖူးသင်းကျစ်တစ်ဆူ၊

၉၇။ **ဗုဒ္ဓ**

မြတ်စွာဘုရား၊ သစ္စာလေးပါးကို ကိုယ်တိုင်ထိုးထွင်းသိသူ၊ ကိုယ်တိုင်သိသည့်အတိုင်း သတ္တဝါတို့အားလည်း သိအောင်ဟောကြားနိုင်သူ၊

၉၈။ **ဗုဒ္ဓသာသနာတော်**

မြတ်စွာဘုရား၏ အဆုံးအမ၊ ဘုရားဟောတရားတော်၊ သာသနာတော်သုံးရပ်မှာ -

(၁) ပရိယတ္တိသာသနာ - ပိဋကတ်စာပေသင်ကြားမှု

(၂) ပဋိပတ္တိသာသနာ - ဆုံးမသည့်အတိုင်းကျင့်ကြံ (တရားအားထုတ်မှု)

(၃) ပဋိဝေဓသာသနာ - သိအပ်ရအပ်သော စျာန်မဂ်ဖိုလ်နိဗ္ဗာန် တရား၊

http://www.dhammadownload.com

၉၉။ **ဗုဒ္ဓဘာသာဝင်**

ဘုရား၊ တရား၊ သံဃာ ရတနာမြတ်သုံးပါးတို့ကို ယုံကြည်ကိုးကွယ်ဆည်းကပ်၍ အဆုံးအမတရားတော်များကို လိုက်နာကျင့်သုံးသူ။

၁၀၀။ **ကမ္ဘာနှင့်ဘုရား**

တစ်ဆူ = သာရ၊ နှစ် = မဏ္ဍာ၊ ဝရ = သုံးဆူသာ။
သာရမဏ္ဍာ = လေးဆူပြု၊ ဘဒ္ဒ = ငါးဆူသာ။
တစ်ဆူသော်မျှ မပွင့်က သုညကပ်ကမ္ဘာ။
ကမ္ဘာခြောက်မျိုး မော်ကွန်းထိုး ကျမ်းရိုးစဉ်အလာ။

❖ ❖ ❖

ပါရမီ (၁၀) ပါးကဗျာ

ဒါန-သီလနေက္ခမပါ၊ ပညာဝီရိ ခန္တီသစ္စာ
အဓိဋ္ဌာန်ု့ မေတ္တုပေက္ခာ၊ ပါရမီဆယ်လီမှတ်စရာ၊

ပါရမီအထူး
ပါရမီဆယ်ပါး၊ အပြားသုံးဆယ်

(က) ခန္ဓာကိုယ်ပြင်ပဖြစ်သော ပစ္စည်းတို့ကို စွန့်၍ ဖြည့်ကျင့်ခြင်းသည်ပါရမီ။

(ခ) လက်၊ ခြေ၊ အင်္ဂါ အနစ်နာခံ၍ ဖြည့်ကျင့်ခြင်းသည် ဥပပါရမီ။

(ဂ) အသက်စွန့်၍ ဖြည့်ကျင့်ခြင်းသည် ပရမတ္ထပါရမီ။

ဒါန၊ သီလ၊ နေက္ခမ၊ ပညာ၊ ဝီရိယ၊ ခန္တီ၊ သစ္စာ၊ အဓိဋ္ဌာန်၊

http://www.dhammadownload.com

မေတ္တာ၊ ဥပေက္ခာ ဤ ၁၀ ပါးကိုတည်၊ ပါရမီ၊ ဥပပါရမီ၊ ပရမတ္ထပါရမီ သုံးမျိုးနှင့်မြောက်၊ အပြား ၃၀ ဖြစ်၏။ (ဗုဒ္ဓဝံသ၊ ၌၊ ၈၀၊ ၁၃၈။)

ပါရမီ (ကဗျာ)

သက်မဲ့သက်ရှိ၊ ဗာဟိရက၊ စွန့်နိုင်က၊ မူလပါရမီ
အင်္ဂကြီးငယ်၊ အသွယ်သွယ်၊ မတွယ်စိတ်မှ၊ စွန့်နိုင်က၊ ဥပပါရမီ
အသက်ဇီဝ၊ စွန့်နိုင်က၊ ပရမတ္ထပါရမီ
ပါရမီ ဆယ်ပါး၊ အကျယ်ပွား၊ အပြားသုံးဆယ်ညီ၊

ဩကာသကန်တော့ချိုး

ဩကာသ၊ ဩကာသ၊ ဩကာသ၊ ကာယကံ၊ ဝစီကံ၊ မနောကံ၊ သဗ္ဗဒေါသ၊ ခပ်သိမ်းသော အပြစ်တို့ကို ပျောက်ပါစေခြင်းအကျိုးငှာ၊ ပထမ၊ ဒုတိယ၊ ဟတိယ တစ်ကြိမ် နှစ်ကြိမ် သုံးကြိမ်မြောက်အောင် ဘုရားရတနာ၊ တရားရတနာ၊ သံဃာရတနာ ရတနာမြတ်သုံးပါးတို့ကို အရိုအသေ အလေးအမြတ် လက်အုပ်မိုး၍ ရှိခိုးပူဇော် ဖူးမြော်မာန် လျှော့ ကန်တော့ပါ၏ အရှင်ဘုရား။

ကန်တော့ရသော အကျိုးအားကြောင့် အပါယ်လေးပါး ကပ်သုံးပါး ရပ်ပြစ်ရှစ်ပါး ရန်သူမျိုးငါးပါး ဝိပတ္တိတရားလေးပါး ဗျသန တရားငါးပါးတို့မှ အခါခပ်သိမ်းကင်းလွတ်ငြိမ်းသည်ဖြစ်၍ မင်္ဂလာ၊ ဖိုလ်တရား၊ နိဗ္ဗာန်ချမ်းသာတရားတော်မြတ်ကိုရပါလို၏ အရှင်ဘုရား။

http://www.dhammadownload.com

သြကာသကန်တော့ချိုးရှင်းတမ်း

သြကာသ

ခွင့်တောင်းခြင်း၊ ခွင့်ပြုတော်မူပါ။

(ပူဇော်ခြင်းတို့၏ တည်ရာ၊ အကျိုးတရားကိုရခြင်းအကြောင်းတို့ကိုလည်း ဟောသည်။)

လေးနက်စေလိုခြင်း၊ ထင်ရှားပြန့်နှံ့စေလိုခြင်း၊ အရေးတကြီး လျှောက်ထားလိုခြင်းသဘောကို ပြလိုသောကြောင့် သုံးကြိမ်ရွတ်ဆိုရသည်။

ကံသုံးပါး

ကာယကံ = ကိုယ်ဖြင့်ပြစ်မှားမှု
ဝစီကံ = နှုတ်ဖြင့်ပြစ်မှားမှု
မနောကံ = စိတ်ဖြင့်ပြစ်မှားမှု
သဗ္ဗဒေါသ = ကာယကံ ဝစီကံ မနောကံအပြစ်များ
ကန်တော့ = ရှိခိုးခြင်း၊ ပူဇော်ခြင်း၊ ဝန်ချခြင်း

ရတနာမြတ်သုံးပါး

ရတနာမည်ပုံ။ ။ စိတ်နှလုံးမွေ့လျော်နှစ်သက်ခြင်းကို ဖြစ်စေတတ်သော သက်ရှိသက်မဲ့ အရာဟူသမျှသည် ရတနာမည်၏။

စိန်၊ ရွှေ၊ ငွေ၊ ကျောက်သံပတ္တမြားစသည်တို့သည် လောကရှိလူအပေါင်းတို့ စိတ်နှလုံးကို နှစ်သက်မွေ့လျော်စေတတ်သောကြောင့် လောကီရတနာမည်၏။

http://www.dhammadownload.com


ဘုရား၊ တရား၊ သံဃာတို့သည် လူ၊ နတ်၊ ဗြဟ္မာသတ္တဝါ အပေါင်းတို့၏ ကြည်ညိုလေးနက်နှစ်သက်စေတတ်၊ မြတ်နိုးစေတတ် သောကြောင့် လောကုတ္တရာ ရတနာမည်၏။



ရတနာ၏ လက္ခဏာ

* အလေးအမြတ်ပြုခံရခြင်း၊
* အဖိုးများစွာထိုက်တန်ခြင်း၊
* အတုမရှိ အသာဆုံးဖြစ်ခြင်း၊
* တွေ့ခဲ၊ ကြုံခဲ၊ ရခဲခြင်း၊
* ဘုန်းကံရှိသူတို့၏ အသုံးအဆောင် (သို့မဟုတ်) ကိုးကွယ်ရာဖြစ်ခြင်း

ဆောင်ပုဒ်။ ။ အလေးပြုအပ်၊ ဖိုးမပြတ်တည့်၊ နှိုင်းအပ်ပြိုင်ဖွယ်၊ မရှိကွယ်သား၊ မလွယ်တွေ့ဖို့၊ ရှေးကံချို့သည့်၊ လူတို့ သုံးစရာ၊ မဟုတ်ပါသည်၊ ရတနာပစ္စည်း၊ ခေါ်သတည်း။



http://www.dhammadownload.com



ဘုရားရတနာ

မြတ်စွာဘုရားသခင်သည် အရဟံ အစသော ဂုဏ်တော်ကိုးပါး နှင့်ပြည့်စုံပြီး ဘုရားရှင်၏တရားတော်ကို နာကြားရသူတို့မှာ စိတ်၏ အေးချမ်းသာယာမှု၊ အသိဉာဏ်တိုးတက်မှု၊ သံသရာဝဋ်ဆင်းရဲမှ လွတ် မြောက်မှုတို့ကို ရစေသောကြောင့် ဆည်းကပ်ကိုးကွယ်သူတို့ အလေး အမြတ်ပူဇော်အပ်သော ရတနာဖြစ်ပါသည်။

လောကဌ် ကျောက်သံပတ္တမြား စိန်ရွှေငွေရတနာတို့သည် လူသာမန်တို့ မသုံးနိုင်၊ ချမ်းသာကြွယ်ဝသူတို့သာ သုံးဆောင်နိုင်သကဲ့သို့ ဗုဒ္ဓရတနာကိုလည်း ဘုန်းကံရှိသူတို့သာ ဆည်းကပ်ကိုးကွယ်နိုင်သော ကြောင့် ဘုရားရတနာမည်ပါသည်။


http://www.dhammadownload.com



တရားရတနာ

မဂ်လေးပါး၊ ဖိုလ်လေးပါး၊ နိဗ္ဗာန်၊ ပရိယတ္တိ ဤဆယ်မျိုးကို ဓမ္မဟုခေါ်သည်။ ထိုတရားတော်ကို ဘုန်းကံနည်းသူများ မသိနိုင်၊ မသုံးစွဲနိုင်၊ ဘုန်းကံရှိသောသူတို့၏ အသုံးအဆောင်ဖြစ်၏။ ဤသို့လျှင် တရားတော်သည် ရတနာ၏ဂုဏ်နှင့်ထိုက်သောကြောင့် တရားရတနာ မည်ပါသည်။

http://www.dhammadownload.com



သံယာရတနာ

သမ္မုတိနှင့် အရိယာနှစ်ဖြာသော သံယာတော်အရှင်မြတ် အပေါင်းသည် သံယာရတနာမည်၏။

ထိုသံယာတော်အရှင်မြတ်တို့ကို ဘုန်းကံကြီးသူတို့သာ ဖူးတွေ့ ဆည်းကပ်ကိုးကွယ်နိုင်သောကြောင့် သံယာရတနာမည်ပါသည်။

ရတနာသုံးဂုဏ် တိုလွှမ်းခြုံ

အချိန်တိုင်းမှာ၊ သတိရကြ၊ ဗုဒ္ဓ ဓမ္မ သံဃကွယ်၊
ကိုးကွယ်ယုံကြည်၊ ဂုဏ်တော်များကို၊ ရိုသေလေးမြတ်ပူဇော်ကွယ်။
အကြောင်းရှိသော်၊ အဓိဋ္ဌာန်ပြုလို့၊ သစ္စာစကားဆိုကြကွယ်၊
ဘေးအန္တရာယ်၊ ရန်စွယ်ကင်းလို့၊ ကောင်းခြင်းသုခရကြမယ်။

(ရွှတ်ကွယ်)

http://www.dhammadownload.com

ထိခြင်းငါးပါးဖြင့်ရှိခိုးချုပ်

အမျိုးသားဖြစ်လျှင် = ဆောင့်ကြောင့်ထိုင် လက်အုပ်ချီပြီးလျှင် ထိခြင်းငါးပါးဖြင့် ရိုသေစွာ ရှိခိုးဦးချရမည်။

ခြေ-လက်-နဖူး-တံတောင်-ဒူး၊ ငါးဦးညီညွတ်စေ



ဆောင့်ကြောင့်ထိုင် | လက်အုပ်ချီ | လက်ထောက် | ဒူးချတံတောင်ချ | နဖူးချကာဦးချပါ

အရိုအသေ = ကိုယ်၊ နှုတ်၊ စိတ်၊ သုံးပါးတို့ဖြင့် အနှုးအညွတ် ရိုသေကိုင်းရှိုင်းခြင်းကိုခေါ်သည်။

အလေးအမြတ် = တကယ်အဟုတ် စိတ်ပါပါနှင့် အလေးဂရုပြုမြတ်နိုးခြင်းကို ဆိုလိုသည်။

လက်စုံမိုး၍ = လက်နှစ်ဖက်ကို ကြာဖူးကဲ့သို့လုပ်ပြီး ဦးခေါင်းထက်၌ တင်ထားခြင်းကိုဆိုလိုသည်။


ရှိခိုး = ခြေဖျားနှစ်ဖက် ကြမ်းပေါ်မှာတည်(ထိခြင်း) ဒူးနှစ်ဖက် ကြမ်းပေါ်မှာတည် (ထိခြင်း) တံတောင်နှစ်ဖက် ကြမ်းပေါ်မှာတည် (ထိခြင်း)

http://www.dhammadownload.com

လက်ဝါးနှစ်ဖက် ကြမ်းပေါ်မှာတည်(ထိခြင်း)
နဖူးလည်း ကြမ်းပေါ်မှာတည် (ထိခြင်း)
ဤငါးမျိုးလုံး ကြမ်းပေါ် (ဖျာ၊ အခင်း
စသည်၌) တည်ရှိအောင် ရှိခိုးခြင်းကို
ပဉ္စပတိဋ္ဌိတ ထိခြင်းငါးပါးဖြင့် ရှိခိုးခြင်း
ဟု ခေါ်သည်။

ထိခြင်းငါးပါးဖြင့်ရှိခိုးချပုံ

အမျိုးသမီးဖြစ်လျှင် = လက်အုပ်ချီ ပုဆစ်တုပ် ကျုံ့ကျုံ့ထိုင်ပြီးလျှင် ထိခြင်း
ငါးပါးဖြင့် ရှိသေစွာ ရှိခိုးဦးချရမည်။
ခြေ-လက်-နဖူး-တံတောင်-ဒူး၊ ငါးဦးညီညွတ်စေ



ထိခြင်းငါးပါးရှိခိုးပုံ (၁) ပုဆစ်တုပ်ကျုံ့ကျုံ့ထိုင်(ခြေ၊ ဒူးထိပြီးဖြစ်သည်။)
(၂) လက်ထောက်(လက်)
(၃) တံတောင်ချ(တံတောင်)
(၄) နဖူးချကာဦးချပါ။ (နဖူး)

http://www.dhammadownload.com

ပူဇော် = လက်အုပ်ချီမိုး ရှိခိုးခြင်းကိုပင်ခေါ်သည်။

မာန်လျော့ = ထောင်လွှားတက်ကြွတတ်သော မာန်မာနစိတ်ကို လျှော့ကျအောင် နှိမ့်ချညွှတ်နူးခြင်းကိုဆိုသည်။

ကန်တော့ = ကာယကံ၊ ဝစီကံ၊ မနောကံ တစ်ပါးပါးသော ကံများရှိခဲ့၏။ အပြစ် ကြီးငယ်တို့ရှိခဲ့သော် ထိုအပြစ်များ ပပျောက်အောင် ဝန်ချခြင်းကို ဆိုလိုသည်။

ကုသိုလ်ကံ = အကုသိုလ် ဒုစရိုက်တရားတို့၏ အပြစ်များမှ ကင်းစင်လွတ်မြောက်အောင် ပြုလုပ်အပ်သော အရိုအသေ အလေးအမြတ် ရှိခိုးပူဇော်ခြင်းစသော ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှုတို့ကိုဆိုသည်။

စေတနာ = ဘုရား တရား သံဃာ မိဘ ဆရာသမားတို့အား ရိုသေစွာ ရှိခိုးပူဇော်ရန် ဖူးမြော်ကန်တော့ရန် စေ့ဆော်တိုက်တွန်းတတ်သောတရား။

အပါယ်လေးပါး = ငရဲ တိရစ္ဆာန် ပြိတ္တာ အသူရကာယ်ဟူ၍ လေးပါးရှိ၏။

ငရဲ = ချမ်းသာသုခ နည်းနည်းမှမရှိ ဆင်းရဲအတိသာဖြစ်၍ မီးတောက် မီးလျှံ၊ သံမြေပူ၊ သံရေပူစသည်တို့၌ ပြင်းပြစွာ ဆင်းရဲကို ခံရသော ဘုံဌာနကိုခေါ်သည်။

http://www.dhammadownload.com

တိရစ္ဆာန် = လူတို့ကဲ့သို့ မတ်တတ်မသွားဘဲ ဖီလာကန့်လန့်ဖြတ်သွားတတ်သော သတ္တဝါမျိုး၊ (တစ်နည်း) မဂ်ဖိုလ်နိဗ္ဗာန်သို့ ဖြောင့်မတ်စွာမသွား တတ်ဘဲ ဖီလာကန့်လန့် တကွဲတခြားသွားတတ်သော သတ္တဝါမျိုးကို ခေါ်သည်။

ပြိတ္တာ = ကြမ်းတမ်းစက်ဆုတ်ဖွယ်ကောင်းသော ရုပ်အဆင်းမျိုးသာရှိ၍ ချမ်းသာခြင်းမှ ကင်းလျက် အချင်းခပ်သိမ်း ဆင်းရဲအမျိုးမျိုးကို ခံစားနေရသော တစ္ဆေ၊ မြေဘုတ်စသော သတ္တဝါမျိုးကိုခေါ်သည်။

အသူရကာယ် = ကိုယ်ချမ်းသာ စည်းစိမ်ဂုဏ်သိန်ဟူသော ရဲရင့်တင့်တယ်ခြင်း၊ မြူးတူးရွှင်ပြ၊ ထွန်းပခြင်းတို့မှ အလုံးစုံကင်းသောကြောင့် အသူရကာယ်ဟု ခေါ်သည်။ ထိုအသူရကာယ်၏ ကိုယ်သည် သုံးဂါဝုတ်လောက်ကြီး၏။ ပါးစပ်ကား အပ်နဖားပေါက်မျှလောက်သာရှိသည်။

လက်ာ = ကာယ်၊ ပြိတ်၊ စွာန်ကျဲ၊ သီးခြားဘုံ၊ တည်တံ့မရှိလတ်။ မနုဿဘုံ တည်ခိုလှုံကြည်ယုံမြဲစွာမှတ်။

အဓိပ္ပာယ် = ကုသိုလ်ကောင်းမှုကို များစွာပြုခွင့်မရသော အရပ်ကို အပါယ အပါယ်ဟုခေါ်သည်။

http://www.dhammadownload.com

ငရဲ = ငရဲကြီးရှစ်ထပ်ရှိ၏။ သိဝိုင်း၊ ကာလသုတ်၊ သံဃာတ၊ ရောရဝ၊ မဟာရောရဝ၊ တာပန၊ မဟာတာပန၊ အဝီစိဟူ၍ ငရဲကြီး ရှစ်ထပ်ရှိ၏။

သိဝိုင်းငရဲ = အဖန်တလဲလဲ ဆင်းရဲငြိုငြင်စွာ ခွေး၊ လင်းတစားခံရ၍ အသက်မသေဘဲ ခံနေရသော ငရဲ။
ဤလူ့ရွာ၌ အမျက်စောင်မာန်ကြီး၏။ ခိုက်ရန်တွေ့တတ်၏။ စဉ်းလဲခြင်းများ၏။ ရက်စက်ကြမ်းကြုတ်၏။ ထိုသူတို့သည် များသောအားဖြင့် သိဝိုင်းငရဲ၌ခံရ၏။ ထိုသိဝိုင်း ငရဲသက်ကား အနှစ်ငါးရာတိုင်တိုင်ရှိ၏။

ကာလသုတ်ငရဲ = မည်းနက်တောင်ပြောင်သော မျဉ်းကြိုးဖြင့်သား၍ ရှစ်စိပ်၊ ဆယ့်ခြောက်စိပ်၊ ခုတ်ရွေခြင်းခံရသော ငရဲ။
ရဟန်းသူတော်သူမြတ်တို့ကို နှိပ်စက်ပုတ်ခတ်ရေရွတ် ညှဉ်းပန်းခြင်းအမှုကိုပြုသော သူတို့သည် ကာလသုတ်ငရဲခံရ၏။ ထိုငရဲသက်တမ်းကား အနှစ်တစ်ထောင်ရှိ၏။

သံဃာတငရဲ = အလျှံပြောင်ပြောင် တောက်သောတောင်ကြီးတို့ဖြင့် လိမ့်ကြိတ်ခြင်းခံရသော ငရဲ၊ ဌက်မုဆိုး၊ သားမုဆိုး စစ်ထိုးကြူးသော

http://www.dhammadownload.com

မင်း၊ လူကို သတ်ဖြတ်ညှဉ်းဆဲတတ်သောမင်း၊ အမတ်စစ်သူကြီး အစရှိသော သူ၊ အလှူပေး၍ အကျိုးမရှိ၊ သီလစောင့်၍ အကျိုးမရှိဟု အယူရှိ၍ ဒုစရိုက်တို့နှင့်သာလျှင် အသက်မွေး၍နေသော သူတို့သည် သံဃာတဝေ၌ ခံရ၏။ ထိုဝေသက်တမ်းကား အနှစ်နှစ်ထောင်ရှိ၏။

ရောရုဝငရဲ = သံရည်ပူတို့ကို ပါးစပ်တွင်လောင်း၍ ပြင်းပြစွာ ငိုကြွေးဟစ်အော်၍ ခံနေရသော ငရဲ။

အကြင်သူသည် သတ္တဝါတို့အား မထောက်မစာ မညှာတာဘဲ အရှင်လတ်လတ်ကို မီးနှင့်လည်းကောင်း၊ အိုးခင်းပူဆီပူ ရေပူတို့၌လည်း သတ်ဖြတ်ညှင်းဆဲလျက် အသက်မွေးသောသူ၊ ယစ်ဝသောက်စား မပြစ်မှားသင့်သော သူကို ပြစ်မှားမိသောတို့ကား ရောရုဝငရဲ၌ ခံရ၏။ ငရဲသက်ကား အနှစ်လေးထောင်ရှိ၏။

မဟာရောရုဝငရဲ = အလွန်ပူသော သံတွေခဲ၊ သံရည်၊ ကြေးနီပူ ပါးစပ်တွင်လောင်း၍ ပြင်းပြစွာ ငိုကြွေးဟစ်အော်၍ ခံနေရသောငရဲ။ နှစ်ဆယ့်ငါးပါးသော ခိုးခြင်းတို့တွင် တစ်ပါးပါးသော ခိုးယူခြင်း စသောအမှု

http://www.dhammadownload.com

တို့ကို လွန်ကျူးသောသူတို့သည် မဟာရောရဝင်ရဲ့ ခံရ၏။ ငရဲသက်ကား အနှစ် ရှစ်ထောင်ရှိ၏။

တာပနငရဲ = အလျှံပြောင်ပြောင်တောက်သော သံတံကျင်နှင့် ထိုးခံနေရသောငရဲ။
ကရုဏာ ကင်းပြီး ဂတိလိုက်စား၍ ကျေးလက်ခရိုင် နိုင်ငံအဆုံး ပြည်အလုံးကို ဖျက်ဆီးသောမင်းများသည် တာပနငရဲ၌ခံရ၏။ ငရဲသက်ကား အနှစ် တစ်သောင်းခြောက်ထောင်ရှိ၏။

မဟာတာပနငရဲ = အလွန်ပြင်းထန်စွာ အလျှံပြောင်ပြောင်တောက်သော သံတံကျင်နှင့် အထိုးခံနေရသောငရဲ။
နိတ္ထိကဒိဋ္ဌ အဟေတုကဒိဋ္ဌ အကိရိယဒိဋ္ဌဟု ဆိုအပ်သော မိစ္ဆာဒိဋ္ဌ အယူရှိသော သူတို့သည် ဆင်းရဲခြင်းနက်စွာသော မဟာတာပနငရဲ၌ ခံရ၏။ ငရဲသက်ကား အနန္တကပ်ထက်ဝက်ဖြစ်၏။

အဝီစိငရဲ = ငရဲမီးလျှံအကြား၌ နားဖို့မရ၊ အမြဲခံနေရသောငရဲ။
အကြင်သူသည် ဤလူ့ရွာ၌ အမိအဘကို သတ်၏။ ရဟန္တာကိုသတ်၏။ ဒေဝဒတ်ကဲ့သို့ မြတ်စွာဘုရားခြေတော်ကို သွေး

http://www.dhammadownload.com

စိမ်းတည်အောင်ပြု၏။ သံယာကို သင်းခွဲ၏။ ပဒုဋ္ဌစိတ်ဖြင့် ဗောဓိပင်ကိုချိုး၏။ ဘုရားရုပ်တုတော်၊ ဆင်းတုတော်တို့ကို ဖျက်ဆီးသောသူများသည် အဝီစိငရဲ၌ ခံရ၏။ ငရဲသက်ကား ဝိဝဋ္ဋဌာယီကပ် တစ်ကပ်ရှည်၏။

ကပ်သုံးပါး = ကမ္ဘာမပျက်မီအကြား၌ အသေဆိုးနှင့် သေကြေပျက်စီးရသော ခေတ်ကာလကို (ဝါ) ပျက်စီးခြင်းကို ကပ်ဟုခေါ်ပါသည်)

(၁)**ဒုဘ္ဘိက္ခန္တရကပ်** = ငတ်မွတ်ဘေး ကြောင့်ပျက်စီးခြင်း၊
(လောဘတရားလွှမ်းမိုးသောကြောင့်)

(၂) **သတ္ထန္တရကပ်** = လက်နက်ဘေး ကြောင့်ပျက်စီးခြင်း၊
(ဒေါသတရားလွှမ်းမိုးသောကြောင့်)

(၃) **ရောဂန္တရကပ်** = ရောဂါဘေး ကြောင့်ပျက်စီးခြင်း၊
(မောဟတရားလွှမ်းမိုးသောကြောင့်)

ရပ်ပြစ်ရှစ်ပါး = မဂ်ဖိုလ်နိဗ္ဗာန်ရရန် တရားအားထုတ် ခြင်းမရှိသောအရပ်ကို ရပ်ပြစ်ရှစ်ပါးဟု ခေါ်သည်။

၁။ ၂။ ၃။ ဘုရားပွင့်တော်မူစဉ် ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်ဟူသော ဘုံ၌ဖြစ်ရခြင်း၊

http://www.dhammadownload.com

၄။ ဘုရားပွင့်တော်မူစဉ် သက်တမ်းရှည်လှသော အသည်းသတ်ဘုံနှင့် အရူပဘုံတွင် ပြဟ္မာဖြစ်နေရခြင်း၊

၅။ ပစ္စန္တရစ်ခေါ် တိုင်းစွန်ပြည်ဖျားလူရိုင်းများ၏ အရပ်ဒေသ၌ ဖြစ်နေရခြင်း၊

၆။ ဘုရားပွင့်တော်မူစဉ် မိစ္ဆာဒိဋ္ဌိဖြစ်နေရခြင်း၊

၇။ လူအ၊ လူထိုင်း မှတ်ဉာဏ်မရှိဖြစ်ရခြင်း၊

၈။ ဘုရားမပွင့်သောအခါ လူဖြစ်ရခြင်း၊

လက်ဝ = ဘုရားပွင့်ခါ၊ ပါယ်သုံးရွာနှင့်၊ ဒီဃာယုနတ်၊ ဖြစ်လတ်ပစ္စန်၊ မိစ္ဆာဉာဏ်ရှိ၊ ဉာဏ်မရှိသား၊ ဉာဏ်ရှိငြားလည်း၊ ဘုရားမဖြစ်၊ ကျမ်းဂန်လှစ်သည်၊ ရပ်ပြစ်ရှစ်ပါးသရုပ်တည်း။

ရန်သူမျိုးငါးပါး = ရေ၊ မီး၊ သူခိုး၊ မွေခံဆိုးနှင့် မင်းဆိုးအပြား၊ ဤငါးပါး၊ မှတ်သားရန်သူတည်း။

ဝိပွတ္တိတရားလေးပါး = ဖောက်ပြန်ချို့ယွင်း၊ ပျက်စီးခြင်းကို ဝိပွတ္တိဟုခေါ်သည်။

(၁) **ကာလဝိပွတ္တိ** = မင်းဆိုးအုပ်ချုပ်သောကာလ။

(၂) **ဂတိဝိပွတ္တိ** = အပါယ်လေးပါး၌လားရောက်ရခြင်း။

http://www.dhammadownload.com

(၃) **ဥပဓိဝိပွတ္တိ** = ရုပ်ဆင်းအင်္ဂါဟူသော ဥပဓိချို့တဲ့ခြင်း။

(၄) **ပယောဂဝိပွတ္တိ** = မကောင်းသော ပြုမူပြောဆိုကြံစည်မှု လုံ့လရှိခြင်း။

ဆောင်ပုဒ် = ကာလ၊ ဂတိ၊ ဥပဓိမဲ့ထ၊ ပယောဂ လေးဝဝိပွတ္တိ။

ဗျသနတရားငါးပါး = ဆွေပျက်မျိုးပျက်၊ ဥစ္စာပျက်နှင့် ဖြစ်လျက် ရောဂါ၊ မိစ္ဆာယူငြား၊ ကျင့်ပျက်ငြား၊ ငါးပါးဗျသန။

မင်္ဂလတရားမင်္ဂလာ = ကိလေသာကိုပယ်သတ်၍ နိဗ္ဗာန်သို့ ဆိုက်ရောက်တတ်သော ဉာဏ်။

ဖိုလ်တရား = မင်္ဂပယ်အပ်ပြီးသော ကိလေသာအပူကို ငြိမ်းစေတတ်။

မင်္ဂ၏ကိစ္စကို အပြီးသတ်သောဉာဏ်။

မင်္ဂလေးပါးဖိုလ်လေးပါး = ၁။ သောတာပတ္တိမင်္ဂ/ ဖိုလ်

= ၂။ သကဒါဂါမိမင်္ဂ/ ဖိုလ်

= ၃။ အနာဂါမိ မင်္ဂ/ ဖိုလ်

= ၄။ အရဟတ္တ မင်္ဂ/ ဖိုလ်

၁။ မဂ္ဂင်ရှစ်ပါး တရားရေအယဉ်သို့ ရောက်သောလမ်းကို သောတာပတ္တိမင်္ဂဟုခေါ်သည်။

ထို သောတာပတ္တိမင်္ဂကို ရောက်သော ပုဂ္ဂိုလ်သည် သောတာပတ္တိဖိုလ်ကိုလည်း အခါမလင့်ရပေသည်။

http://www.dhammadownload.com

သောတာပတ္တိမဂ်နှင့် ဖိုလ်ကိုရရှိပြီးသော အရိယာပုဂ္ဂိုလ်ကို သောတာပန်ဟုခေါ်သည်။

(သကဒါဂါမိစသည်တို့၌လည်း ဤနည်းတူမှတ်ပါ)

၂။ လူ့ဘဝသို့တစ်ကြိမ်မျှသာ ပြန်လာပြီး ဆင်းရဲခပ်သိမ်းငြိမ်းမည့်လမ်းကို သကဒါဂါမိမဂ်ဟု ခေါ်သည်။

၃။ ကာမဘုံသို့ ပဋိသန္ဓေအားဖြင့် ပြန်မလာသောလမ်းကို အနာဂါမိမဂ်ဟုခေါ်သည်။

၄။ ကိလေသာခပ်သိမ်းအပူငြိမ်း၍ အပူဇော်ခံထိုက်သောလမ်းကို အရဟတ္တမဂ်ဟုခေါ်သည်။

နိဗ္ဗာန် - ရုပ်နာမ်ခပ်သိမ်းချုပ်ပြတ်ငြိမ်း၍ အေးငြိမ်းရာအမှန်ကို နိဗ္ဗာန်ဟုခေါ်သည်။

သရဏဂုံ သီလတောင်းခံရန်

အဟံဘန္တေ တိသရဏေနသဟ ပဉ္စသီလံ ဓမ္မံယာစာမိ၊
အနုဂ္ဂဟံကတွာ သီလံဒေထ မေဘန္တေ။
ဒုတိယမ္ပိ အဟံဘန္တေ တိသရဏေနသဟ ပဉ္စသီလံ ဓမ္မံယာစာမိ၊
အနုဂ္ဂဟံကတွာ သီလံဒေထ မေဘန္တေ။
တတိယမ္ပိ အဟံဘန္တေ တိသရဏေနသဟ ပဉ္စသီလံ ဓမ္မံယာစာမိ၊
အနုဂ္ဂဟံကတွာ သီလံဒေထ မေဘန္တေ။

http://www.dhammadownload.com

ဘန္တေ- အရှင်ဘုရား၊ **အဟံ-** တပည့်တော်သည် **တိသရဏေန-** သရဏဂုံသုံးပါးနှင့်၊ **သဟ-** တကွ၊ **ပဉ္စသီလံ-** အင်္ဂါငါးပါးရှိသည့် ပဉ္စသီလဟုဆိုအပ်သော၊ **ဓမ္မံ-** တရားတော်မြတ်ကို၊ **ယာစာမိ-** တောင်းပါ၏။

ဘန္တေ- အရှင်ဘုရား၊ **မေ-** တပည့်တော်အား၊ **အနုဂ္ဂဟံ ကတွာ-** ချီးမြှောက်ခြင်းကိုပြု၍၊ **သီလံ-** ငါးပါးသီလကို၊ **ဒေထ-** ပေးသနားတော်မူပါဘုရား။

ဒုတိယမ္ပိ ဘန္တေ- အရှင်ဘုရား၊ **မေ-** တပည့်တော်အား၊ **အနုဂ္ဂဟံကတွာ-** ချီးမြှောက်ခြင်းကိုပြု၍၊ **သီလံ-** ငါးပါးသီလကို၊ **ဒေထ-**ပေးသနားတော်မူပါဘုရား။

တတိယမ္ပိ ဘန္တေ- အရှင်ဘုရား၊ **မေ-** တပည့်တော်အား၊ **အနုဂ္ဂဟံကတွာ-** ချီးမြှောက်ခြင်းကိုပြု၍၊ **သီလံ-** ငါးပါးသီလကို၊ **ဒေထ-** ပေးသနားတော်မူပါဘုရား။

ဘုရားရှိခိုးရန်
နမောတဿဘုရားရှိခိုး

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

(၃ခေါက်)

ဘဂဝတော = ဘုန်းတော်ကြီးတော်မူသော။

အရဟတော = ပူဇော်အထူးကို ခံယူတော်မူထိုက်သော။

သမ္မာသမ္ဗုဒ္ဓဿ = ဆရာမရှိ မိမိအလိုလိုကိုယ်တော်တိုင်သိတော်မူသော။

တဿ = ထိုမြတ်စွာဘုရားအား။

နမော = ရှိခိုးပါ၏။

http://www.dhammadownload.com

ဘုရားရှိခိုးရကျိုး
တစ်ကြိမ်ရှိခိုး၍ ကောင်းကျိုးရသောအမျိုးသားအကြောင်း

ဤဘဒ္ဒကမ္ပာမှ ပြန်၍ရေတွက်လျှင် ၉၅ ကမ္ပာထက်၌ ဝိပဿီမြတ်စွာဘုရားပွင့်တော်မူခဲ့သည်။ ထိုမြတ်စွာဘုရားသည် ရွှေအဆင်းကဲ့သို့ ဝါဝင်းသောအဆင်းရှိ၍ အလွန်တင့်တယ်တော်မူသည်။

တစ်နေ့သောအခါတွင် ဆွမ်းခံကြွလာတော်မူသော ထိုမြတ်စွာဘုရားရှင်ကို ဖူးမြင်လိုက်ရသော အမျိုးသားတစ်ယောက်သည် အလွန်ကြည်ညိုသော စိတ်ဖြစ်လျက် လက်အုပ်ချီရှိခိုးလိုက်လေသည်။

ထိုကောင်းမှုကုသိုလ်ကြောင့် အမျိုးကောင်းသားသည် ထိုဘဝမှစ၍ ယခုပွင့်တော်မူပြီးသော ဂေါတမမြတ်စွာဘုရားရှင်လက်ထက်တော်ကိုင်အောင် မကောင်းသောဘဝတို့၌ တစ်ကြိမ်တစ်ခါမျှမဖြစ်ရဘဲ လူ့ဘဝ၊ နတ်ပြည်ဘွာ ဘဝတို့၌သာဖြစ်ခဲ့ရပြီး လက်ရှိဘဝ၌ စည်းစိမ်ဥစ္စာကြွယ်ဝချမ်းသာသော အမျိုးဌ်ဖြစ်၍ အရွယ်ရောက်သောအခါ ရဟန်းပြုပြီးလျှင် မကြာမီပင် ရဟန္တာအဖြစ်သို့ရောက်ခါ 'ဧကဥ္ဆလိယမထေရ်' ဟူသော အမည်အားဖြင့် ထင်ရှားခဲ့လေသည်။

(သူဘူတိဝဂ်၊ ဧကဥ္ဆလိယထေရ အပဒါန်ပါဠိတော်)

တိုက်တွန်းချက် ။ ။ ဘုရားရှင်ကို စိတ်ပါလက်ပါလက်အုပ်တစ်ကြိမ်ချီ၍ ရှိခိုးလိုက်ရုံ ကုသိုလ်မျှဖြင့် ဆင်းရဲဒုက္ခရောက်သော (ဒုဂ္ဂတိ) ဘဝတို့၌ မဖြစ်ခဲ့ ရဘဲ ဘဝကောင်းမှာချည်းဖြစ်၍ နောက်ဆုံး၌ ရဟန္တာဖြစ်ပြီး နိဗ္ဗာန်တိုင်အောင် အကျိုးရသောကြောင့် ဘုရားရှိခိုးကြပါရန် သားငယ်သမီးငယ်များအား တိုက်တွန်းအပ်ပါသည်။

❖ ❖ ❖

http://www.dhammadownload.com

နမောတဿဘုရားရှိခိုးရှင်းတမ်း
နမောတဿဆိုင်ရာ

ကျမ်းစာအစ နမောတဿ - ပါရမီတော်အကြောင်းကိစ္စပြီး၍ အကျိုးဟူသမျှ အထွတ်အထိပ်ရတော်မူသော မြတ်စွာဘုရားအားရှိခိုးခြင်းသည် အမြတ်ဆုံးမင်္ဂလာဖြစ်ပါသည်။

ထိုအကျိုးကို သိစေလိုသော လောကီလောကုတ္တရာကျမ်းဆရာများသည် ကျမ်းဦးအစ၌ နမောတဿဖြင့် ရှိခိုးကြပါသည်။ ထို့ကြောင့် ရှေးပညာရှင်ကြီးများနည်းတူ သီလတောင်းအပြီး သရဏဂုံဆောက်တည်မည့်အခါတွင်သီလကို ပညတ်တော်မူသော မြတ်စွာဘုရားသခင်အား အမြတ်ဆုံးမင်္ဂလာကြီးဖြစ်ရန်နှင့် အန္တရာယ်ကင်းပျောက်လိုရင်း အကျိုးပြီးမြောက်ရန် ရှိခိုးရပါသည်။

နမောတဿရှိခိုးသူ - ပဋ္ဌကတ်တော်များ၌ နမောတဿကို သိကြားမင်းဝမ်းမြောက်လှသဖြင့် ဥဒါန်းကျူးသည်ဟုလာသည်။ ပသေနဒီကောသလမင်း၊ ကာရဏပါဠိပုဏ္ဏား၊ ဝေဏုသောဏိပုဏ္ဏား၊ ဗြဟ္မာယုပုဏ္ဏား၊ ဓနဉ္စာနီပုဏ္ဏားမတို့လည်းရှိခိုးကြသည်။ သဒ္ဒါဝေယ်ဋ္ဌီကာများ၌မူ သာတာဂီရိနတ်မင်းက နမော၊ အသူရိန်နတ်မင်းက တဿ၊ စတုမဟာရာဇ်နတ်မင်းကြီး ၄ ယောက်က ဘဂဝတော၊ သိကြားမင်းက အရဟတော၊ ဗြဟ္မာမင်းက သမ္မာသမ္ဗုဒ္ဓဿ ရွတ်ဆိုကြောင်းပြဆိုပါသည်။

နမောဗုဒ္ဓဿ ရှိခိုးအကျိုးပြ ထင်းဂွေသားအဖဝတ္ထု

မြတ်စွာဘုရားလက်ထက်တော်အခါက ရာဇဂြိုဟ်မြို့တွင် သမ္မာဒိဋ္ဌိ (မှန်သောအယူရှိသူ) သူငယ်နှင့် မိစ္ဆာဒိဋ္ဌိ (မှားသောအယူ

http://www.dhammadownload.com

ရှိသူ) သူငယ်နှစ်ယောက်တို့သည် အတူတကွ မကြာခဏ ကျောက်ဒိုး ကစားတတ်ကြသည်။ သမ္မာဒိဋ္ဌိသူငယ်သည် ကစားသောအခါ ဘုရား ကိုသတိရ၍ နမောဗုဒ္ဓဿ ဘုရားရှိခိုးပါ၏ဟု ရွတ်ဆိုကစားလေ့ရှိရာ ထိုသူငယ်သည် နေ့စဉ်နိုင်၏။ မိစ္ဆာဒိဋ္ဌိသူငယ်လည်း အတုလိုက်၍ နမော ဗုဒ္ဓဿဘုရားရှိခိုးပါ၏ဟူ၍ မကြာမကြာရွတ်ဆိုလေ့ရှိ၏။

တစ်နေ့သောအခါတွင် ထိုမိစ္ဆာဒိဋ္ဌိသူငယ်သည် ဖခင်နှင့်အတူ တောသို့ ထင်းခုတ်သွားပြီးပြန်လာ၍ မြို့ပြင်ဘက်သုသာန်အနီး၌ ထမင်းစားနေစဉ် နွားတို့သည်စားကျက်မှပြန်လာသော နွားတို့နှင့်အတူ မြို့တွင်းသို့ဝင်သွားကြောင်းသိရသဖြင့် ဖခင်ဖြစ်သူသည် သူငယ်ကို လှည်းစောင့်ထားခဲ့ပြီး မြို့တွင်းသို့လိုက်၍ နွားတို့ကို ဖမ်းပြီးမှ ပြန်လာရာ မြို့တံခါးပိတ်သွားသဖြင့် ဖခင်တခြား သားတခြားနှင့် တစ်ညလုံးနေရ လေရာ သူငယ်သည် မကြာမကြာရွတ် ဆိုလေ့ရှိသော နမောတဿ ဟူ၍ ရွတ်ဆိုလျက် အိပ်ပျော်သွားလေတော့သည်။

ထိုညဉ့်တွင် သရဲဘီလူးနှစ်ကောင်သည် သုသာန်အနီးလှည့် လည်စဉ် ထိုသူငယ်ကိုမြင်ရာ မိစ္ဆာဒိဋ္ဌိဘီလူးက ဒီသူငယ်လေးတို့အစာ ဖြစ်ပြီဟုဆိုရာ သမ္မာဒိဋ္ဌိဘီလူးက တားမြစ်ပြောဆိုသည်။ မိစ္ဆာဒိဋ္ဌိ ဘီလူးက နားမထောင်ဘဲ သူငယ်ကိုစားအံ့ဟု ခြေထောက်ကိုဆွဲသည်။ သူငယ်ကယောင်ပြီးလျှင် နမောတဿဟု ရွတ်ဆိုမိရာ မိစ္ဆာဒိဋ္ဌိဘီလူး သည် ကြောက်ရွံ့၍ လွှတ်လိုက်ရသည်။ ထိုအခါ သမ္မာဒိဋ္ဌိဘီလူးက အပြစ်တင်၍ "ထိုသူငယ်ကိုပြစ်မှားမိသည့်အပြစ်ကို ငါတို့ခံထိုက်သည်" ဟု ပြော၍ တစ်ညလုံးသူငယ်ကို စောင့်ရှောက်နေကြလေသည်။ မိစ္ဆာဒိဋ္ဌိဘီလူးက မြို့ထဲဝင်ပြီး ရှင်ဘုရင်၏ ပွဲတော်အုပ်ကို ခိုးယူပြီးလျှင် ဖခင်ယောင်ဆောင်ကာ သူငယ်အားကျွေးရာ သူငယ်သည် မိဘနှစ်ပါး

http://www.dhammadownload.com



နမောဗုဒ္ဓသာသနာရှိခိုးအကျိုးပြု ထင်းဆွေသားအဖ ဝတ္ထုသရုပ်ဖော်ပုံ

http://www.dhammadownload.com

တို့ စောင့်ရှောက်ကျွေးမွေးသည်ထင်မှတ်လျက် နှစ်သက်စွာစားသောက်၍ အိပ်ပျော်ရှာလေသည်။

ဓမ္မပဒ, ပကိဏ္ဏကဝဂ္ဂ, ဒါရုသာကဋ္ဌိကပုတ္တဝတ္ထု

သရဏာဂုံဆောက်တည်ပုံ

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
ဓမ္မံ သရဏံ ဂစ္ဆာမိ။
သံဃံ သရဏံ ဂစ္ဆာမိ။
ဒုတိယမ္ပိ ( )
တတိယမ္ပိ ( )

ဗုဒ္ဓံ = မြတ်စွာဘုရားကို သရဏံ ကိုးကွယ်ရာဟူ၍ ဂစ္ဆာမိ ဆည်းကပ်ပါ၏။

ဓမ္မံ = တရားတော်မြတ်ကို သရဏံ ကိုးကွယ်ရာဟူ၍ ဂစ္ဆာမိ ဆည်းကပ် ပါ၏။

သံဃံ = သံဃာတော်မြတ်ကို သရဏံ ကိုးကွယ်ရာဟူ၍ ဂစ္ဆာမိ ဆည်းကပ်ပါ၏။

(ဒုတိယမ္ပိ နှစ်ကြိမ်မြောက်လည်း၊ တတိယမ္ပိ သုံးကြိမ်မြောက်လည်း)

ဆောင်ပုဒ် - ဘုရားကိုလည်း စိတ်မှာစွဲ၊ အမြဲကိုးကွယ်မည်။
- တရားကိုလည်း စိတ်မှာစွဲ၊ အမြဲကိုးကွယ်မည်။
- သံဃာကိုလည်း စိတ်မှာစွဲ၊ အမြဲကိုးကွယ်မည်။

http://www.dhammadownload.com

သရဏာဂုံအဓိပ္ပာယ်

ဘေးရန်ဖယ်ရှား၊ ကောင်းကျိုးများအောင်၊ ဆင်းရဲပယ်ဖျောက်၊ ချမ်းသာရောက်အောင် စောင့်ရှောက်တော်မူတတ်သဖြင့် အမြတ်ဆုံးသော ကိုးကွယ်အားထားရာဟူ၍ အလေးအနက် အသိအမှတ်ပြုယုံကြည်ခြင်း၊ ကိုးကွယ်အားထားခြင်းသည် သရဏာဂုံမည်ပါသည်။

သရဏာဂုံတည်ခြင်းနှင့်ပျက်ခြင်း

"ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ" စသည်ဖြင့်ရွတ်ဆို၍ ခံယူကိုးကွယ်သောသူသည် သရဏာဂုံတည်သူ မည်ပါသည်။ သရဏာဂုံခံယူရာတွင် စေတီရုပ်ပွားဘုရားထံ၌ဖြစ်စေ၊ ရဟန်းသံဃာတော်များ ထံ၌ဖြစ်စေ မည်သူမဆို 'ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ' စသည်ဖြင့် လေးမြတ်ယုံကြည်စွာဖြင့် ရွတ်ဆိုခံယူရုံမျှဖြင့် သရဏာဂုံတည်သူ၊ အမြင်မှန်ရှိသူတစ်ဦးဖြစ်လာတော့သည်။ အသက်မသေသေးသမျှ၊ အခြားအယူဝါဒသို့ မကူးပြောင်းသေးသမျှ ထိုသရဏာဂုံသုံးပါးသည် သရဏာဂုံတည်နေသူအား ဘေးရန်ပယ်ရှား ကောင်းကျိုးများအောင်၊ ဆင်းရဲပယ်ဖျောက်ချမ်းသာရောက်အောင် အမြဲစောင့်ရှောက်အကာအကွယ်ပေးနေမည်ဖြစ်ပါသည်။

သရဏာဂုံအကျိုးပြု (ကဗျာ)

သရဏာဂုံ ဆောက်တည်မြဲရင်
အပါယ်ငရဲ ကင်းလွတ်မယ်။
နတ်ဖြစ်ရင်တောင် သာလွန်ပြီးတော့
ဆယ်မျိုးဂုဏ်ထူး ပိုလိမ့်မယ်။
ငါးဖြာအာရုံ တွေ့ကြုံထူးလို့
အာယု၊ ဝဏ္ဏ၊ သုခ ကြွယ်

http://www.dhammadownload.com

တန်ခိုးအာဏာ ခြွေရံတိုးလို့
ဆယ်မျိုးဂုဏ်ကဲ သာလိမ့်မယ်
ဆောက်တည်ကြ သုံးဝသရဏ တည်ကြပါစေကွယ်။

သရဏဂုံဆောက်တည်ရကျိုး

သရဏဂုံတည်သောအမျိုးသား

ရှေးရှေးဘုရားတစ်ဆူဖြစ်တော်မူသော အနောမဒဿီမြတ်စွာဘုရားပွင့်တော်မူသောအခါတွင် မျက်မမြင်မိဘတို့ကို လုပ်ကျွေးနေသော လုလင်တစ်ယောက်သည် အခြားသောအမျိုးကောင်းသားများနည်းတူ အပါယ်လေးပါးမှ ကင်းလွတ်ရန် ရဟန်းပြုရန် ဆန္ဒပြင်းပြခဲ့လေသည်။ သို့သော် အခွင့်မရသဖြင့် သရဏဂုံသုံးပါးကိုသာ တစ်သက်လုံး မပျက်အောင် ထိန်းသိမ်းဆောက်တည်ခဲ့လေသည်။

ထိုလုလင်သည် ထိုဘဝမှ သေလွန်သော် သရဏဂုံ ဆောက်တည်ထားသောကောင်းမှုကြောင့် တာဝတိံသာနတ်ပြည်၌ နတ်သားဖြစ်ရသည်။ ထိုနတ်သားဘဝမှစ၍ အပါယ်လေးပါးသို့မလားရဘဲ နတ်မင်းစည်းစိမ်၊ လူမင်းစည်းစိမ်တို့ကို အဖန်ဖန်ခံစားပြီးလျှင် ဤဂေါတမမြတ်စွာဘုရားရှင်လက်ထက်၌ သာဝတ္ထိပြည်သူဌေးမျိုး၌ ဖြစ်လာရသည်။

ထိုသူဌေးသားသူငယ်သည် ခုနစ်နှစ်အရွယ်သို့ရောက်လျှင် ကစားဖော်သူငယ်များကို ဦးဆောင်၍ ရဟန်းတော်များ သီတင်းသုံးရာ ကျောင်းတိုက်တစ်တိုက်သို့ရောက်သွားလေရာ ရဟန္တာမထေရ်မြတ်တစ်ပါးကို ဖူးတွေ့ရသည်။ ထိုမထေရ်မြတ်က သူငယ်များအား ဖော်ရွေစွာ နှုတ်ဆက်ပြီး ကလေးများနားဝင်သိလွယ်သောတရားကိုဟောပြော၍ သရဏဂုံသုံးပါးကို နှုတ်တိုက်ရအောင်ချပေးလိုက်သည်။

http://www.dhammadownload.com



သရဏဂုံဆောက်တည်ရကျိုး

http://www.dhammadownload.com

ထိုသူဌေးသား သူငယ်သည် ရှေးကပင် သရဏဂုံအထုံဝါသနာပါလာခဲ့သူဖြစ်ရာ သရဏဂုံသုံးပါးကို ရွတ်ဆိုလိုက်သည်နှင့် ရှေးဘဝကို ပြန်လည်သတိရလျက် တရားနှလုံးသွင်း ဆင်ခြင်ရှုပွားလိုက်ရာ ထိုနေရာ၌ပင် ခုနစ်နှစ်သားအရွယ်နှင့်ပင် ရဟန္တာအရှင်မြတ်အဖြစ် ရောက်ရှိတော်မူခဲ့လေသည်။



ငါးပါးသီလဆိုင်ရာ သိမှတ်ဖွယ်

ငါးပါးသီလကို ပိဋကတ်တော်တွင် အမည်အမျိုးမျိုးခေါ်ဆိုထားသည်။ ထင်ရှားသောအခေါ်အဝေါ်များကိုပြဆိုပါမည်။

စာရိတ္တသီလ - မြတ်စွာဘုရားဟောကြားသော အကျင့်မြတ်တို့ကို ဖြည့်ကျင့်ခြင်းသည် စာရိတ္တသီလဖြစ်သည်။ ဓုတင် ၁၃ ပါးစသည့် အကျင့်မြတ်တို့သည် စာရိတ္တသီလမည်သည်။ စာရိတ္တသီလသည် ကျင့်လျှင်ကုသိုလ်ရသည်။ မကျင့်လျှင် ကုသိုလ်မရ။

ဝါရိတ္တသီလ - ဝါရိတ္တသီလသည်ကား ဤအမှုမျိုးကို မပြုဆိုက် ရှောင်ကြဉ်ရမည်ဟူ၍ မြတ်စွာဘုရားဟောကြားသည့် ပညတ်ချက် သိက္ခာပုဒ်တို့ကို ရှောင်ကြဉ်ခြင်းသည် ဝါရိတ္တသီလမည်သည်။

ငါးပါးသီလသည် လူတိုင်းကျင့်ရမည့် ဝါရိတ္တသီလဖြစ်သည်။

http://www.dhammadownload.com

ဝါရိတ္တသီလသည် ရှောင်ကြဉ်လျှင် ကုသိုလ်ရ၍ မရှောင်ကြဉ်က အပြစ်ဖြစ်သည်။

(ဝိသုဒ္ဓိမဂ် သီလနိဒ္ဒေသ)

ပဉ္စသီလ = အင်္ဂါငါးပါး သိက္ခာပုဒ်ငါးမျိုးရှိ၍ ပဉ္စသီလဟု ခေါ်သည်။

ပဉ္စသိက္ခာပဒ = ပါဏာတိပါတစသည့် ငါးပါးကို တစ်ပါး နှစ်ပါး ရေတွက်လျှင် ငါးပါးရှိ၍ ပဉ္စသိက္ခာပဒဟုခေါ်သည်။

စက္ကဝတ္တိဓမ္မသတ် = ကမ္ဘာအဆက်မှ စကြဝတေးမင်းဟူသမျှတို့ ကမ္ဘာကိုအုပ်ချုပ်ရာ၌ ငါးပါးသီလကို ဓမ္မသတ်ပြု၍ အုပ်ချုပ်ခဲ့ကြသည်။ ငါးပါးသီလသည် စကြဝတေးမင်းတို့၏ ဓမ္မသတ်၊ ရာဇသတ်၊ ဥပဒေဖြစ်၍ 'စက္ကဝတ္တိဓမ္မသတ်' ဟုလည်း ခေါ်ထိုက်သည်။

ဂရုဓမ္မ = ငါးပါးသီလသည် လူတို့စောင့်ထိန်းအပ်သည့် သီလဖြစ်သောကြောင့် 'ဂရုဓမ္မသီလ' ဟုလည်း ခေါ်သည်။

အရိယဓမ္မ = ငါးပါးသီလသည် အရိယာသူတော်ကောင်းတို့၏ တရားဖြစ်၍ 'အရိယဓမ္မ' ဟူ၍လည်းခေါ်သည်။

ဂဟဋ္ဌသီလ = ငါးပါးသီလသည် လူတို့စောင့်ထိန်းအပ်သည့် သီလဖြစ်သောကြောင့် 'ဂဟဋ္ဌသီလ' ဟုလည်း ခေါ်သည်။

http://www.dhammadownload.com

နိစ္စသီလ = ငါးပါးသီလသည် လူတို့ခါးဝတ်ပုဆိုးကဲ့သို့ အမြဲတမ်းစောင့်ထိန်းအပ်သောကြောင့် 'နိစ္စသီလ' ဟုလည်းခေါ်သည်။

အရိယကန္တ = ငါးပါးသီလသည် အရိယာသူတော်ကောင်းတို့ နှစ်သက်အပ်သောကြောင့် 'အရိယကန္တ' ဟုလည်းခေါ်သည်။

ငါးပါးသီလ ခံယူဆောက်တည်ပုံ

(က) ပါဏာတိပါတာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ၊
(ခ) အဒိန္နာဒါနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ၊
(ဂ) ကာမေသု မိစ္ဆာစာရာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ၊
(ဃ) မုသာဝါဒါ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ၊
(င) သုရာမေရယ မဇ္ဇပွမာဒဋ္ဌာနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ၊

(က) **ပါဏာတိပါတာ**- သူ့အသက်ကို သတ်ခြင်းမှ၊ **ဝေရမဏိသိက္ခာပဒံ**- ရှောင်ကြဉ်ရာ ရှောင်ကြဉ်ကြောင်းဖြစ်သော သိက္ခာပုဒ်ကို၊ **သမာဒိယာမိ**- ဆောက်တည်ပါ၏။

(ခ) **အဒိန္နာဒါနာ**- ပိုင်ရှင်သည် ကိုယ်နှုတ်တို့ဖြင့် မပေးအပ်သော သူတစ်ပါး၏ ဥစ္စာကို ယူငင်ခြင်းမှ၊ **ဝေရမဏိသိက္ခာပဒံ**- ရှောင်ကြဉ်ရာ ရှောင်ကြဉ်ကြောင်းဖြစ်သော သိက္ခာပုဒ်ကို၊ **သမာဒိယာမိ**- ဆောက်တည်ပါ၏။

(ဂ) **ကာမေသုမိစ္ဆာစာရာ**- ကာမဂုဏ်တို့၌ မှားယွင်းစွာကျင့်ခြင်းမှ၊ **ဝေရမဏိသိက္ခာပဒံ**- ရှောင်ကြဉ်ရာ ရှောင်ကြဉ်ကြောင်းဖြစ်သော သိက္ခာပုဒ်ကို၊ **သမာဒိယာမိ**- ဆောက်တည်ပါ၏။

http://www.dhammadownload.com

(ဃ) **မုသာဝါဒါ**- မဟုတ်မမှန်ပြောဆိုခြင်းမှ၊ **ဝေရမဏိသိက္ခာပဒံ**- ရှောင်ကြဉ်ရာ ရှောင်ကြဉ်ကြောင်းဖြစ်သော သိက္ခာပုဒ်ကို၊ **သမာဓိယာမိ**- ဆောက်တည်ပါ၏။

(င) **သုရာမေရယ မဇ္ဇပွမာဒဋ္ဌာနာ**- မူးယစ်မေ့လျော့စေတတ်သော သေရည်သေရက် မူးယစ်ဆေးဝါးစသည်တို့ကို သောက်စားသုံးစွဲခြင်းမှ၊ **ဝေရမဏိသိက္ခာပဒံ**- ရှောင်ကြဉ်ရာ ရှောင်ကြဉ်ကြောင်းဖြစ်သော သိက္ခာပုဒ်ကို၊ **သမာဓိယာမိ**-ဆောက်တည်ပါ၏။

ဆောင်ပုဒ်။ ။ သူ့အသက်လည်း၊ မသတ်ဘဲ၊ အမြဲရှောင်ကြဉ်မယ်။
(မသတ်ဘူးကွယ်)
သူ့ဥစ္စာလည်း၊ မခိုးဘဲ၊ အမြဲရှောင်ကြဉ်မယ်။
(မခိုးဘူးကွယ်)
ကာမဂုဏ်လည်း၊ မမှားဘဲ၊ အမြဲရှောင်ကြဉ်မယ်။
(မမှားဘူးကွယ်)
လိမ်ညာ၍လည်း၊ မပြောဘဲ၊ အမြဲရှောင်ကြဉ်မယ်။
(မလိမ်ဘူးကွယ်)
မူးဆေးအရက်လည်း၊ မသောက်ဘဲ၊ အမြဲရှောင်ကြဉ်မယ်။
(မသောက်ဘူးကွယ်)

ငါးပါးသီလစောင့်ထိန်းကျိုးပြဝတ္ထု
သီလမြွေပေ-ငယ်စဉ်မသေ-ဓမ္မပါလသတို့သား

ရှေးလွန်လေပြီးသောအခါက ကာသိတိုင်းရွာတစ်ရွာရှိ ရွာသူရွာသားအားလုံးတို့သည် ငါးပါးသီလစသော တရားတို့ကို ကျင့်သုံး

http://www.dhammadownload.com

နေထိုင်လေ့ရှိ၍ မျိုးရိုးစဉ်လိုက် အသက်ရှည်ကြသည်။ ငယ်ငယ်ကမသေကြီးမှသာ သေကြရသည်။ ဤသို့ ငါးပါးသီလစောင့်ထိန်းကြသောကြောင့် ထိုရွာကို ဓမ္မပါလရွာ၊ ရွာသားတို့ကို ဓမ္မပါလမျိုးဟု ခေါ်ကြလေသည်။

တစ်ရံရောအခါတွင် ထိုရွာသူကြီး၏ သားဖြစ်သူ ဓမ္မပါလသည် တက္ကသိုလ် ပြည်သို့ ပညာသင်သွားခဲ့သည်။ ထိုသို့ ပညာသင်ယူနေချိန်တွင် ဆရာကြီး၏ သားငယ်သည် ကွယ်လွန်လေရာ ဓမ္မပါလက "အဘယ်ကြောင့် ဤသို့ ငယ်ငယ်ရွယ်ရွယ်နှင့် သေရပါသနည်း"ဟု အံ့ဩကြီးစွာ မေးသည်။

"ကြီးငယ်မဟူ သေမင်းခေါ်လျှင် သေရသည်ချည်းဖြစ်သည်။ သင်တို့အရပ်မှာကော မသေကြဘူးလား" ဟု လူအများက ပြန်လည်မေးကြသည်။

"သေတော့သေကြရပါတယ်။ ဒါပေမဲ့ ငယ်ငယ်ရွယ်ရွယ်နှင့် သေရိုးထုံးစံမရှိပါ" ဟု ဓမ္မပါလက တည်ကြည်စွာ အခိုင်အမာပြောကြားသည်။

ဤသို့ ထူးဆန်းသောစကားကို ကြားရသော တက္ကသိုလ်ဆရာကြီးသည် ဓမ္မပါလသူငယ်၏ ပြောစကားဟုတ်မဟုတ် မှန် မမှန် စုံစမ်းရန် ဓမ္မပါလကို ဆရာ့ကိုယ်စားထားခဲ့ပြီး ဆိတ်ရိုးတို့ကို ယူဆောင်ကာ ဓမ္မပါလရွာသို့ သွားရောက်ခဲ့လေသည်။ ရွာသို့ရောက်လျှင် ဓမ္မပါလသတို့သား၏ ဖခင်ရွာသူကြီးထံသို့ သွားပြီး "သင့်သားဓမ္မပါလ ကွယ်လွန်သဖြင့် မီးသင်္ဂြိုဟ်ပြီး အရိုးတို့ကို ယူလာခဲ့ပါသည်"ဟု ပြော၍ အရိုးများကို ပြသည်။

ထိုအခါတွင် ဓမ္မပါလရွာသူကြီးနှင့် ဆွေမျိုးများသည် ဝိုင်း၍ ရယ်မောကြပြီး "ဤအရိုးသည် သူတို့၏ သားဓမ္မပါလ၏ အရိုးမဖြစ်နိုင်၊ အခြားအရိုးသာ ဖြစ်ပေလိမ့်မည်"ဟု ဆိုကြသည်။

http://dhammadownload.com



ဦးဒါးသီလဓောဇိဆိန်းကျိုး
ဒီသတင်းစာတွဲဆရာကြီးက ဓမ္မပါလဇာတ်ကြီးအား ဆိတ်ရိုးများဝိုင်ပြုနေပုံ

http://www.dhammadownload.com

ထိုအခါတွင် ဆရာကြီးက "လူတို့မည်သည် အရွယ်မရွေး သေမျိုး ချည်းဖြစ်ပါလျက် သင်တို့အမျိုးမှာ အဘယ်ကြောင့် ငယ်ငယ် ရွယ်ရွယ်တွင် မသေကြပါသနည်း"ဟု မေးသည်။

ဓမ္မပါလသတို့သား၏ ဖခင်ရွာသူကြီးက "ကျွန်ုပ်တို့ ဓမ္မပါလရွာ တွင် ဓမ္မပါလအမျိုးသားတို့သည် အမြဲမပြတ် အလှူပေးကြသည်။ သီလ ကို စောင့်ထိန်းကြသည်။ မကောင်းမှု ဒုစရိုက်ဟူသမျှကို မပြုကြပါ။ လူကြီးသူမတို့၏ စကားကို လူငယ်များက အမြဲနားထောင်ပြီး ရပ်ရွာ အကျိုး အများကောင်းစားချမ်းသာရေးတို့ကို ဆောင်ရွက်ကြပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့ရွာ ဓမ္မပါလအမျိုးမှာ ငယ်ငယ်ရွယ်ရွယ်နှင့် သေရိုး ထုံးစံမရှိပါ"ဟု ရှင်းပြပြောဆိုလေသည်။

ထိုအခါတွင် တက္ကသိုလ်ဆရာကြီးသည် ဓမ္မပါလ၏ ဖခင်ရွာ သူကြီးကို ကန်တော့ပြီးလျှင် "သင့်သားဓမ္မပါလသည် မသေပါ၊ ဓမ္မပါလ ရွာသားတို့သည် ငယ်ငယ်ရွယ်ရွယ်နှင့် မသေကြဟူသော သင့်သား၏ စကားကိုမယုံ၍ ဟုတ်မဟုတ် စုံစမ်းရန်လာခဲ့ခြင်းဖြစ်ပါသည်"ဟုပြော ပြီးလျှင် ဓမ္မပါလအမျိုးတို့ စောင့်သုံးသော ကျင့်ဝတ်သီလတို့ကို မေးမြန်း မှတ်သားပြီး တက္ကသိုလ်ပြည်သို့ ပြန်ခဲ့လေတော့သည်။

ပါဏာတိပါတ သိက္ခာပုဒ်

ပါဏာတိပါတာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

ပါဏာတိပါတာ- သူ့အသက်ကို သတ်ခြင်းမှ၊ **ဝေရမဏိ သိက္ခာပဒံ**- ရှောင်ကြဉ်ရာရှောင် ကြဉ်ကြောင်းဖြစ်သော သိက္ခာပုဒ်ကို၊ **သမာဒိယာမိ**- ဆောက်တည်ပါ၏။

http://www.dhammadownload.com

လွန်ကျူးပြစ်(ကဗျာ)

သူ့အသက်မသတ်နှင့် . . .
သက်ရှိမှန်စွာ သိပါလျက်နှင့်၊ ဒေါသစိတ်ထားသတ်ကြတယ်။
လုံလထုတ်ကာ သေအောင်သတ်တော့၊ ပါဏာတိပါတ်ကံမြောက်တယ်
သတ်မိရင်ကွယ် ဧကန်ပဲကွယ့်၊ အပါယ်ငရဲကျလိမ့်မယ်။
ငရဲလွတ်ပြန် ရောဂါစွဲလို့၊ ဆင်းရဲကံမွဲ သက်တိုမယ်။
ကျင့်ဆောင်ကြ ပဥ္စသီလ ခိုင်မြဲကြပါကွယ်။

လွန်ကျူးပြစ်(ကဗျာ)အဓိပ္ပာယ်

မည်သည့်သက်ရှိသတ္တဝါကိုမဆို ညှဉ်းဆဲသတ်ဖြတ်သော သူသည် သေသောအခါ ငရဲ၌ ဖြစ်ရသည်၊ ငရဲမှလွတ်၍ လူဖြစ်လာလျှင်သော်မှ -

(၁) ကိုယ်အင်္ဂါချို့တဲ့တတ်ခြင်း၊
(၂) အရွယ်ဆိုးခြင်း၊
(၃) အားအင်ချိနဲ့ခြင်း၊
(၄) လျင်မြန်ဖျတ်လပ်မှုမရှိခြင်း၊
(၅) ဘေးရန်နှင့်တွေ့က ကြောက်ရွံ့ခြင်း၊
(၆) သူများသတ်၍သေရခြင်း၊ မိမိကိုယ်ကိုသတ်၍ သေရခြင်း၊
(၇) အနာရောဂါများခြင်း၊
(၈) ခြွေရံပျက်စီးခြင်း၊
(၉) အသက်တိုခြင်း၊ ဤသို့စသည်ဖြင့် များစွာသော အပြစ်များကိုလည်း ခံစားရတတ်သည်။

http://www.dhammadownload.com

ပါဏာတိပါတ အကျိုးအပြစ်ပြ(လက်ာ)

ပါဏာတိပါတ်၊ သူသက်သတ်မှု၊ အဂိါချို့တဲ့၊ ရုပ်သွင်ညံ့လျက်။
ခိုနဲ့အားအင်၊ မလျင်မမြန်၊ ကြောက်တတ်ပြန်၍၊ အသတ်ခံရ။
အနာများကာ၊ ဆွေရံကွာ၍၊ အသက်လည်းတို၊ ပြစ်များပိုသည်။
ရှောင်လေအပြန် အကျိုးတည်း။

ပါဏာတိပါတကံပျက်လျှင် ခံရမည့် အပြစ်ပြဝတ္ထု

ရှေးအခါက အိမ်ရှင်မတစ်ယောက်သည် ဧည့်သည်ရောက်သောအခါ ကျွေးမွေးရန် ဟင်းလျာမရှိသဖြင့် အိမ်၌ မွေးထားသော သိုးကလေးကို သတ်ပြီးလျှင် ချက်ပြုတ်ကျွေးမွေးခဲ့လေသည်။

ထိုသို့ သိုးငယ်ကို သတ်ဖြတ်ခဲ့သော ပါဏာတိပါတမကောင်းမှုကံကြောင့် သေလွန်သောအခါတွင် ထိုသိုးကလေး၏ အမွေးအရေအတွက်နှင့်အမျှ နှစ်ပေါင်းများစွာ ငရဲ၌ခံရသည်။ ငရဲမှ လွတ်သောအခါ၌လည်း ဘဝများစွာ သူတစ်ပါးအသတ်ခံရ၍ချည်း သေခဲ့ရလေသည်။

သူ့အသက်မသတ်ရှောင်ကြဉ်ရကျိုး

ပါဏာတိပါတသိက္ခာပုဒ်ကို လုံခြုံအောင် စောင့်ထိန်းသော ပုဂ္ဂိုလ်သည် သေလွန်ပြီးနောက် နတ်ပြည်သို့ လားရောက်ရသည်။ နတ်ပြည်မှ စုတေပြီး လူဘုံ၌ ဖြစ်သောအခါတွင် -

(၁) အဂိါကြီးငယ်တို့နှင့် ပြည့်စုံခြင်း၊
(၂) အလုံးအရပ်လိုက်လျောညီညွတ်ခြင်း၊
(၃) လျင်မြန်သော အဟုန်နှင့် ပြည့်စုံခြင်း၊

http://www.dhamma...



ဒါဟာတစ်ဒါတစ်ယောက်သွင်းခဲ့ရည့်အပြစ်
အဓိပ္ပာယ်မဲ့ သို့ပေါ်သတင်းကြီး တင်းကျပ်ပဲနှင့် ခရီးဆုံး

http://www.dhammadownload.com

(၄) ကောင်းစွာ ညီညွတ်သော ခြေဖဝါးရှိခြင်း၊
(၅) တင့်တယ်ပြေပြစ်ခြင်း၊
(၆) နူးညံ့သိမ်မွေ့ခြင်း၊
(၇) သန့်ရှင်းစင်ကြယ်ခြင်း၊
(၉) ခွန်အားဗလကြီးမားခြင်း၊
(၁၀) ပြေပြစ်သန့်ရှင်းသော စကားရှိခြင်း၊
(၁၁) သတ္တဝါအများတို့၏ ချစ်ခင်မြတ်နိုးမှုကို ခံရခြင်း၊
(၁၂) မိမိ၏ ပရိသတ်သည် စည်းလုံးညီညွတ်စွာရှိခြင်း၊
(၁၃) ကိုယ်လက်ခက်တရော်မရှိခြင်း၊
(၁၄) မိမိအားသူတစ်ပါးတို့ မဖျက်ဆီးနိုင်ခြင်း၊
(၁၅) သူတစ်ပါးတို့ လက်နက်ဖြင့် မသေရခြင်း၊
(၁၆) များသောအခြံအရံရှိခြင်း၊
(၁၇) ရွှေအဆင်းပမာ ဝင်းဝါလှပသော အဆင်းရှိခြင်း၊
(၁၈) ကောင်းသောရုပ်ရည်အသွင်သဏ္ဌာန်ရှိခြင်း၊
(၁၉) အနာရောဂါကင်းခြင်း၊
(၂၀) စိုးရိမ်ပူပန်မှု (သောက) ကင်းခြင်း၊
(၂၁) ချစ်သောသူတို့နှင့် အတူတကွ အမြဲနေရခြင်း၊
(၂၂) အသက်ရှည်ခြင်းစသော အကျိုးတို့ ရရှိနိုင်ပါသည်။

အဒိန္နာဒါနာသိက္ခာပုဒ်

အဒိန္နာဒါနာ ဝေရမဏိသိက္ခာပဒံသမာဒိယာမိ၊

အဒိန္နာဒါနာ - ပိုင်ရှင်သည် ကိုယ်နှုတ်တို့ဖြင့် မပေးအပ်သော သူတစ်ပါးဥစ္စာ ယူငင်ခြင်းမှ၊

http://www.dhammadownload.com

ဝေရမဏိသိက္ခာပဒံ - ရှောင်ကြဉ်ရာ ရှောင်ကြဉ်ကြောင်းဖြစ်သေ သိက္ခာပုဒ်ကို၊

သမာဓိယာမိ - ဆောက်တည်ပါ၏။

လွန်ကျူးပြစ်(ကဗျာ)

သူ့ဥစ္စာမခိုးနှင့် . . .
သူများဥစ္စာ သိပါလျက်နှင့်၊ မတော်လောဘခိုးယူတယ်။
လုံ့လထုတ်ကာ ခိုးရင်ဖြင့်ပေါ့၊ အဒိန္နကံထိုက်လိမ့်မယ်။
ခိုးမိရင်ကွယ် ဧကန်ပဲကွယ်၊ အပါယ်ငရဲကျလိမ့်မယ်။
ငရဲလွတ်ပြန် ဥစ္စာမွဲလို့၊ ဆင်းရဲဆင်းရဲကြုံလိမ့်မယ်။
ကျင့်ဆောင်ကြ ပဉ္စသီလ ခိုင်မြဲကြပါကွယ်။

အဒိန္နာဒါန လွန်ကျူးပြစ်ကဗျာ၏ အဓိပ္ပာယ်

ပိုင်ရှင်သည် ကိုယ်နှုတ်ဖြင့် မပေးအပ်သော သက်ရှိသက်မဲ့ ပစ္စည်းကို ခိုးယူခြင်း၊ ဓားပြတိုက်ခြင်း၊ အလေးတင်းတောင်းခိုန်ခွင်တို့ကို မမှန်ပြု၍ လိမ်လည်လှည့်စားယူခြင်း၊ ရောင်းကုန်များ၌ ဈေးသည် ရောနှော၍ ရောင်းချခြင်း၊ ဖျင်းအသူတို့၏ ပစ္စည်းကို လိမ်ညာ၍ယူခြင်း၊ ခြောက်လှန့်၍ ယူခြင်း၊ နှိုက်၍ ယူခြင်းစသော မတရားမှုဖြင့် ရယူမှု အားလုံးသည်ခိုးယူသည် မည်၏။ ထိုအဒိန္နာဒါန .အမှုကို ပြုသောသူသည် သေသော်ငရဲ၌ဖြစ်ရသည်။

ငရဲမှလွတ်၍ လူဖြစ်ခွင့်ရလာလျှင်သော်မှ -

(၁) မွဲတတ်ခြင်း၊
(၂) ကိုယ်စိတ်ဆင်းရဲခြင်း
(၃) ငတ်မွတ်ခြင်း

http://www.dhammadownload.com

(၄) အလိုရှိသောအရာကိုမရခြင်း
(၅) ဥစ္စာပစ္စည်းပျက်စီးခြင်း
(၆) ရန်သူမျိုးငါးပါးဖျက်ဆီးခံရခြင်း
စသောမကောင်းကျိုးများခံစားရတတ်ပါသည်။

အကျိုးအပြစ်ပြလက်စ်(ကဗျာ)

အဒိန္နာဒါ၊ သူ့ဟာခိုးမူ၊ ဥစ္စာလည်းမွဲ၊ လွန်ဆင်းရဲ၍၊
ငတ်ဘိလိုရာ၊ မရရှာဘဲ၊ ဘောဂပျက်စီး၊ ရေမီးသူခိုး၊
မွေခံဆိုးနှင့်၊ မင်းဆိုးဘေးရောက်၊ ရန်မျိုးငါးကြောင့်၊
ပျက်ပြားဥစ္စာ၊ ပြစ်များစွာသည်၊ ရှောင်လေအပြန်အကျိုးတည်း။

အဒိန္နာဒါနကံပျက်လျှင် ခံရမည့်အပြစ်ပြဝတ္ထု

ရှေးအခါက စျေးသည်မိန်းမလေးယောက်တို့သည် မတော်လောဘစိတ်ထားလျက် မမှန်သော ချိန်စဉ်းလဲ၊ အလေးစဉ်းလဲတို့ဖြင့် ရောင်းချပြီးပစ္စည်းဥစ္စာများကို စုဆောင်းခဲ့ကြသည်။ ထိုမိန်းမတို့သည် အရွယ်ကောင်းတုန်းမှာပင် သေလွန်ကြပြီး ပြိတ္တာမများဖြစ်ကြရသည်။ လင်ယောကျ်ားများကား နောက်အိမ်ထောင်များပြု၍ ပျော်ပါးနေကြသည်။

ထိုပြိတ္တာမများသည် မိမိတို့ရှေးကပြုခဲ့သော မကောင်းမှုကံများကို သိမြင်ကြလျက် ကျန်ရစ်သော လင်ယောကျ်ားတို့သည် နောက်မယားယူကြပြီးလျှင် မိမိတို့ မတော်လောဘဖြင့် ရှာဖွေစုဆောင်းခဲ့ကြသော ပစ္စည်းဥစ္စာများဖြင့် သုံးဖြုန်းပျော်ပါးနေကြသည်ကိုပါ သိမြင်ကြရရာ ပြိတ္တာမတို့မှာ "ငါတို့မှာတော့ ဒီပစ္စည်းဥစ္စာတွေကို မတရားနည်းနဲ့ ရှာဖွေခဲ့ကြလို့ ဒုက္ခဆင်းရဲကြီးစွာ ခံစားနေကြရပြီး သင်းတို့မှာတော့

https://www.dhammadownlo



အဒိန္နာဒါနကံပျက်လျှင်ခံရမည့်အပြစ်
ဈေးသည် အလေးဒိုးရောင်းပုံနှင့် လင်သားများ နောက်ဆိန်းဈေးနှင့်ကျောနေပုံ

http://www.dhammadownload.com

နောက်မယားတွေယူပြီး ပျော်ပါးသုံးစားဖြုန်းတီးရက်ကြပါပေတယ်"ဟု ဝိုင်းကြွေးမြည်တမ်းနေကြရလေသည်။

သူတစ်ပါး၏ပစ္စည်းဥစ္စာကိုမခိုးယူဘဲ ရှောင်ကြဉ်ရကျိုး

အဒိန္နာဒါန သိက္ခာပုဒ်ကို လုံခြုံအောင်စောင့်ထိန်းသော ပုဂ္ဂိုလ်သည် သေလွန်ပြီးနောက် နတ်ပြည်သို့လားရောက်ရသည်။ နတ်ပြည်မှစုတေပြီး လူ့ဘုံ၌ဖြစ်သောအခါ-

(၁) များစွာသောဥစ္စာစပါးရှိခြင်း၊
(၂) အပိုင်းအခြားမရေတွက်နိုင်သောစည်းစိမ်ဥစ္စာရှိခြင်း၊
(၃) ခိုင်မြဲသောစည်းစိမ်ဥစ္စာရှိခြင်း၊
(၄) အလိုရှိအပ်သောပစ္စည်းဥစ္စာတို့ လျင်မြန်စွာတိုးပွားခြင်း၊
(၅) မင်းအစရှိသော ရန်သူတို့က မနှောင့်ယှက်နိုင်သော ပစ္စည်းဥစ္စာရှိခြင်း၊
(၆) မြတ်သောစည်းစိမ်ဥစ္စာရှိခြင်း၊
(၇) ထိုထိုနေရာအရပ်၌ အကြီးအကဲဖြစ်ရခြင်း၊
(၈) မရှိဟူသောအဖြစ်မျိုးကိုမသိရခြင်း၊
(၉) ငြိမ်းချမ်းအေးမြစွာနေထိုင်ရခြင်း စသော အကျိုးတို့ကို ရရှိခံစားရနိုင်ပါသည်။

ကာမေသုမိစ္ဆာစာရသိက္ခာပုဒ်

ကာမေသုမိစ္ဆာစာရာဝေရမဏိသိက္ခာပဒံသမာဒိယာမိ။

ကာမေသုမိစ္ဆာစာရာ -ကာမဂုဏ်တို့၌ မှားယွင်းစွာကျင့်ခြင်းမှ၊

http://www.dhammadownload.com

ဝေရမဏိသိက္ခာပဒံ -ရှောင်ကြဉ်ရာရှောင်ကြဉ် ကြောင်းဖြစ်သော သိက္ခာပုဒ်ကို၊

သမာဓိယာမိ - ဆောက်တည်ပါ၏။

လွန်ကျူးပြစ်(ကဗျာ)

မလွန်ကျူးအပ်သူ၊ မိန်းမများကို၊ မရှောင်မရှား ပေါင်းဖော်တယ်။
လုံ့လထုတ်ကာ ကျူးလွန်မိတော့၊ ကာမေသုပြစ်ရလိမ့်မယ်။
လွန်ကျူးမိရင် ဧကန်ပဲကွယ့်၊ အပါယ်ငရဲကျလိမ့်မယ်။
ငရဲလွတ်က၊ နပုန်းပ၊ မိန်းမဘဝရတတ်တယ်၊
ကျင့်ဆောင်ကြ၊ ပဥ္စသီလ ခိုင်မြဲကြပါကွယ်။

ကာမေသုမိစ္ဆာစာရ လွန်ကျူးပြစ်ကဗျာအဓိပ္ပာယ်

မိမိ ဇနီး ခင်ပွန်း လင်ယောကျ်ားမှတစ်ပါး အခြားမည်သည့် မိန်းမယောကျ်ားတို့နှင့်မဆို ဖောက်ပြန်ပေါင်းသင်းလွန်ကျူးခြင်းကို ကာမဂုဏ်တို့၌ မှားယွင်းစွာကျင့်သည်ဟုခေါ်သည်။ ထိုသို့မှားယွင်းစွာကျင့်သူကို ကာမေသုမိစ္ဆာစာရကံလွန်ကျူးသူဟုခေါ်သည်။ ထိုလွန်ကျူးသူသည် သေသောအခါ ငရဲ၌ဖြစ်ရသည်။ ငရဲမှလွတ်၍ လူပြန်ဖြစ်ခွင့်ရလျှင်သော်မှ -

၁။ မလိုမုန်းထားသူပေါများခြင်း၊
၂။ ရန်သူလည်းများခြင်း၊
၃။ လာဘ်တိတ်ရှားပါးခြင်း၊
၄။ ချမ်းသာမရှိခြင်း၊
၅။ မိန်းမဖြစ်ရခြင်း၊

http://www.dhammadownload.com

၆။ မိန်းမမဟုတ်ယောကျ်ားမဟုတ် (နပုန်းပဏ္ဏာတ်)ဖြစ်ရခြင်း၊
၇။ ယောကျ်ားဖြစ်သော် အမျိုးယုတ်၌ဖြစ်ရခြင်း၊
၈။ မျက်နှာပျက်အရှက်ကွဲရတတ်ခြင်း၊
၉။ ကိုယ်အင်္ဂါချို့တဲ့သေးသိမ်ခြင်း၊
၁၀။ စိုးရိမ်ကြောင့်ကြအားကြီးခြင်း၊
၁၁။ ချစ်သူနှင့်ကွေကွင်းရခြင်း၊ အိမ်ထောင်မမြဲခြင်းစသော အပြစ်များ ခံစားရတတ်သည်။

အကျိုးအပြစ်ပြလက်ာ(ကဗျာ)


မိစ္ဆာကာမာ လွန်ကျူးပါမူ၊ မုန်းသူလည်းများ ရန်သူပွား၍
ရှားပါးလာဘ်တိတ် ချမ်းသာဆိတ်၍၊ ဣတ္ထိပဏ္ဏာတ်မျိုးယုတ်ဖြစ်ခါ
မျက်နှာမပွင့် အရှက်သင့်လျက်၊ ရုပ်ဣန္ဒြေ ယွင်းသွေချို့သိမ်
စိုးရိမ်များစွာ ချစ်သူကွာရ၊ ပြစ်များစွသည်၊ ရှောင်လေအပြန်
အကျိုးတည်း။

ကာမေသုမိစ္ဆာစာရကံပျက်လျှင် ခံရမည့်အပြစ်ပြဝတ္ထု

ကဿပမြတ်စွာဘုရားလက်ထက်တော်အခါက ဗာရာဏသီမြို့မှ ကုဋုမ္ဗရေးဆယ် ကြွယ်ဝကုန်သော သူဌေးသားလေးယောက်တို့သည် ကဿပဘုရားရှင်၏ သာသနာတော်၌ ကောင်းမှုကုသိုလ်တစ်စုံတစ်ရာမျှ မပြုကြဘဲ ပစ္စည်းဥစ္စာဖြင့် ဖြားယောင်း၍ သူတစ်ပါး၏ ချောမောလှပသော မယားများ၊ သမီးပျိုများကို ကျူးလွန်ဖျက်ဆီးခဲ့ကြသည်။

ထိုသူဌေးသားလေးယောက်တို့သည် အနှစ်နှစ်သောင်းမျှ ထိုကာမေသုမိစ္ဆာစာရ အကုသိုလ်ကံကို ကျူးလွန်ကြ၍ သေလွန်လေသော် မဟာအဝီစိငရဲသို့ ကျရောက်ခဲ့ကြရလေသည်။

http://www.dhammadownload.com



ကာမဇသုမိန္ဒာစောရကံပျက်လျှင်ခံရမည့်အပြစ်
သူများသားမယားပြစ်မှား၍ ငရဲခံနေရပုံ

http://www.dhammadownload.com

ထို သူဌေးသားလေးယောက်သည် ကဿပဘုရားရှင်လက်ထက်တော်မှစ၍ ငရဲ၌ခံစားခဲ့ကြရာမှ ယခုအခါ အကုသိုလ်ကံအကြွင်းကြောင့် ယူဇနာခြောက်ဆယ်ရှိသော လောဟကုမ္ဘီခေါ် ကြေးအိုးကြီးငရဲ၌ ဒုက္ခကြီးစွာ ခံစားနေရရှာရာ ငရဲအိုးကြီးအောက် နစ်မြုပ်ရာတွင် နှစ်ပေါင်းသုံးသောင်းကြာပြီး အထက်သို့ ပေါ်လာရာတွင်လည်း နှစ်ပေါင်းသုံးသောင်းကြာသည်။ ပေါ်လာသောအခါတွင် မိမိတို့ အကုသိုလ်ကံလွန်ကျူးမိသည်ကို နောင်တကြီးစွာရလျက် အသီးသီး ဒု-သ-န-သောဟူရွတ်ဆိုလျက် အောက်သို့ပြန်လည်နစ်မြုပ်ကာ ကြီးစွာသောဒုက္ခဖြင့် ငရဲခံစားနေကြရလေသည်။

ကာမေသုမိစ္ဆာစာရကံ ရှောင်ကြဉ်ရကျိုး

အမျိုးသားများအတွက် သူတစ်ပါး၏ မယားနှင့် အုပ်ထိန်းခြင်းမကင်းသော သမီးပျိုများကို မပြစ်မှား မကျူးလွန်ခြင်း၊ အမျိုးသမီးများအတွက် မိမိ၏ကာမပိုင်လင်ယောကျ်ားများ မဟုတ်သူနှင့် မေထုန်မကျူးလွန်ခြင်းဖြင့် သိက္ခာပုဒ်ကို လုံခြုံအောင်စောင့်ထိန်းသော ပုဂ္ဂိုလ်သည် သေလွန်ပြီးနောက် နတ်ပြည်သို့လားရောက်ရသည်။

နတ်ပြည်မှ စုတေပြီး လူ့ဘုံ၌ဖြစ်သောအခါ -

(၁) ရန်သူမရှိခြင်း၊

(၂) အလုံးစုံသောသတ္တဝါတို့၏ ချစ်ခင်မြတ်နိုးခြင်းကိုခံရခြင်း၊

(၃) ထမင်း အဖျော် အဝတ်တန်ဆာစသည်တို့ကိုရခြင်း၊

(၄) ချမ်းသာစွာအိပ်ရခြင်း၊

(၅) ချမ်းသာစွာအိပ်ရာမှနိုးရခြင်း၊

(၆) အပါယ်ဘေးမှလွတ်ရခြင်း၊

http://www.dhammadownload.com

(၇) နပုန်းအဖြစ်မှကင်းခြင်း၊
(၈) အမျက်ဒေါသမကြီးခြင်း၊
(၉) မှန်ကန်စွာပြုမူလေ့ရှိခြင်း၊
(၁၀) မျက်နှာသွင်ပြစွာရှိခြင်း၊
(၁၁) နှစ်သက်အပ်သောချမ်းသာသုခရရှိခြင်း၊
(၁၂) ပြည့်ဝစုံလင်သောကွန်ဖြိုယရုပ် (မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်ကာယ၊ ယောကျ်ားဖြစ်က ပုမ္ဘာဝရုပ်၊ မိန်းမဖြစ်က ဣတ္ထိဘာဝရုပ်)စသည်ရှိခြင်းဟူသော အကျိုးများရရှိနိုင်ပါသည်။

မုသာဝါဒါဝေရမဏိသိက္ခာပုဒ်

မုသာဝါဒါ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

မုသာဝါဒါ - မဟုတ်မမှန် ပြောဆိုခြင်းမှ
ဝေရမဏိသိက္ခာပဒံ - ရှောင်ကြဉ်ရာ ရှောင်ကြဉ်ကြောင်းဖြစ်သော သိက္ခာပုဒ်ကို
သမာဒိယာမိ - ဆောက်တည်ပါ၏။

မုသာဝါဒကံလွန်ကျူးပြစ်(ကဗျာ)

မုသားဆိုကာ သူတစ်ပါးကို လိမ်လည်လှည့်ဖြားစကားဆို
အကြောင်းမိပွာယ် သူလေသိလို့ အကျိုးပျက်က အကုသိုလ်
လိမ်မိရင်ကွယ် ကောန်ပဲကွယ့် အပါယ်ငရဲကျလိမ့်မယ်။
ငရဲလွတ်ပြန် ပါးစပ်ပြလို့ သွားကြွနှုတ်ခမ်းတိုလိမ့်မယ်။
ကျင့်ဆောင်ကြ၊ ပဉ္စသီလ၊ ခိုင်မြဲကြပါကွယ်။

http://www.dhammadownload.com

မုသာဝါဒကံ လွန်ကျူးပြစ်ကဗျာအဓိပ္ပာယ်

ကိုယ်အမူအရာဖြင့်ဖြစ်စေ၊ နှုတ်ဖြင့်ဖြစ်စေ၊ သူတစ်ပါးအကျိုး ပျက်စီးအောင် မဟုတ်မမှန်၊ လိမ်လည်လျှင် မုသာဝါဒကံလွန်ကျူးသည် မည်၏။ ထိုသို့ မဟုတ်မမှန်ပြောဆိုမှုသည် တစ်ဖက်သားအကျိုး ပျက်စီး မှုအားကြီးလျှင်ကြီးသလောက် အပြစ်ကြီးသည်။ ထိုသူသည် သေသော အခါ ငရဲ၌ဖြစ်ရသည်။ ငရဲမှလွတ်၍ လူပြန်ဖြစ်ခွင့်ရလျှင်သော်မှ -

(၁) စကားမပီသခြင်း၊
(၂) သွား မညီညွတ်ခြင်း၊
(၃) ခံတွင်းပုပ်ညှီခြင်း၊
(၄) အသားအရေမွဲခြောက်ခြင်း၊
(၅) မျက်စိနားမကြည်လင်ခြင်း၊
(၆) ရုပ်အဆင်းချို့တဲ့ခြင်း၊
(၇) သြဇာအာဏာမတည်ခြင်း၊
(၈) နှုတ်လျှာပြောဆိုမှုကြမ်းတမ်းခြင်း၊
(၉) စိတ်မတည်လျှပ်ပေါ်လော်လီတတ်ခြင်းစသော အပြစ်များခံစား ရတတ်သည်။

အကျိုးအပြစ်ပြလက်ာ(ကဗျာ)

မုသားစကား ပြောဆိုငြားက၊ စကားမပီ သွားမညီဘူး။
ပုပ်ဟောင်ပါးစပ် ခြောက်ကပ်ကိုယ်ရေ၊ ကွန်ဒြေမဲ့ရောက် ရုပ်ဆင်းဖောက်လျက်၊ သြဇာမတည်၊ နှုတ်ရည်ကြမ်းထော် လျှပ်ပေါ်လော်လည်၊ စိတ်မတည်ရာ ပြစ်များစွသည်၊ ရှောင်လေအပြန် အကျိုးတည်း။

http://www.dhammadownload.com



မုသာဝါဒကံပျက်လျှင်ခံရမည့်အပြစ်
လင်ကိုညာပြောပုံနှင့် မိန်းမများအား ခွေးနက်ကြီးကိုက်စားခံရပုံ

http://www.dhammadownload.com

မသာဝါဒကံပျက်လျှင် ခံရမည့်အပြစ်ပြဝတ္ထု

ရှေးလွန်လေပြီးသောအခါ ကဿပဘုရားရှင်လက်ထက်တော်၌ ကိမိလပြည်သား ,သောတာပန်ဖြစ်သော ဥပါသကာတစ်ယောက်သည် ဥပါသကာငါးရာတို့နှင့် စိတ်တူကိုယ်တူ သစ်ပင်စိုက်ခြင်း၊ တံတားခင်းခြင်း၊ ကျောင်းဆောက်လှူခြင်းစသော ကုသိုလ်ကောင်းမှုများကို ပြုလုပ်ကြသည်။ ကျောင်းသို့သွား၍ တရားနာကြသည်။ ထိုသူတို့၏ မယားငါးရာတို့သည်လည်း လှူဖွယ်ဝတ္ထုများဖြင့် ရံဖန်ရံခါ ကျောင်းသို့သွား၍ တရားနာကြသည်။

တစ်နေ့သောအခါ အရက်သမား သေသောက်ကြူးတို့သည် ထိုမိန်းမငါးရာတို့ကိုတွေ့ မြင်လျှင် တပ်မက်ကြသဖြင့် မိမိတို့အချင်းချင်း "ဘယ်သူသည် ထိုမိန်းမတို့၏ အကျင့်သီလကို ဖျက်ဆီးနိုင်ကြပါသနည်း" ဟုဆိုကြသည်။ အရက်သမားတစ်ယောက်က "ငါဖျက်ဆီးနိုင်၏"ဟုဆို၍ အလောင်းအစားပြုပြီး နည်းမျိုးစုံဖြင့် ထိုမိန်းမတို့ကို ဖြားယောင်းသွေးဆောင်ဖျက်ဆီးလေရာ မိန်းမတစ်ဦးသည် သီလပျက်ပြီး အရက်သမားတစ်ယောက်နှင့် ဖောက်ပြန်မိလေတော့သည်။

ထိုအကြောင်းကို အလောင်းအစားရှုံးခဲ့သော အရက်သမားမှ တစ်ဆင့် ထိုမိန်းမသီလပျက်ကြောင်းကို လင်ယောကျ်ားဖြစ်သူကြား၍ မယားဖြစ်သူအားခေါ်မေးသည်။ မယားဖြစ်သူက "မဟုတ်ပါ"ဟု လိမ်လည်ပြောဆိုသည်။ လင်က မယုံသဖြင့် ထိုမိန်းမသည် အနီးတွင်ရှိသော ခွေးနက်နားရွက်ပြတ်ကြီးကိုပြလျက် "ကျွန်မသည် တခြားသောယောကျ်ားနှင့် ဖောက်ပြန်ကျူးလွန်မိပါက နောက်ဘဝတွင် ဤခွေးနက်ကြီး၏ အစားခံရပါစေ"ဟု ကျိန်ဆိုပြောခဲ့လေသည်။

http://www.dhammadownload.com

ဤသို့ ကျိန်ဆိုပြောဝံ့လည်း လင်ဖြစ်သူက မယုံသေးသဖြင့် အဖော်ဖြစ်သော မိန်းမတို့ကို မေးမြန်းစုံစမ်းသည်။ ထိုမိန်းမတို့ကလည်း သိလျက်နှင့် "ကျွန်မတို့မသိပါ။ ဤစကား မမှန်ပါက ထိုမိန်းမ၏ ကျွန်ဖြစ်ပါစေ"ဟု ကျိန်ဆိုပြောကြလေသည်။

များမကြာမီ ဖောက်ပြန်ကျူးလွန်သော မိန်းမသည် သေလွန်ပြီးလျှင် သီလရှိသော လင်ကိုလိမ်လည်လှည့်ဖြားပြောဆိုမိသော မုသာဝါဒကံကြောင့် ဟိမဝန္တာတော ကဏ္ဏာပုဏ္ဏာအိုင်အနီး၌ နတ်ပြိတ္တာမဖြစ်ရလေသည်။ ထို့အတူ သူနှင့်အလားတူ လိမ်လည်၍ မုသားကျိန်ဆိုခဲ့ကြသော မိန်းမလေးရာ ကိုးဆယ့်ကိုးယောက်တို့သည်လည်း ထိုမိန်းမ၏ ကျွန်များဖြစ်ကြရလေသည်။

ကာမဂုဏ်ဖောက်ပြန်မှုအပေါ် မုသားဆိုခဲ့ကြသော ထိုမိန်းမတို့သည် တစ်ချိန်က ရတနာသုံးပါးအား ကြည်ညိုပြီး တရားနာခဲ့ဖူးသော ကောင်းမှုကြောင့် နေ့အခါတွင် လွန်စွာကြီးကျယ်ခမ်းနားသော ရွှေဗိမာန်၌ နတ်စည်းစိမ်ကို ကောင်းစွာခံစားကြရသည်။ မုသာဝါဒကံအပြစ်ကြောင့်လည်း ကျိန်ဆိုခဲ့ကြသည့်အတိုင်း ညဉ့်အခါ ခွေးနက်ကြီးကိုက်စားခံကြရရှာသည်။ ထို့ပြင်လည်း ထိုပြိတ္တာမတို့သည် နေ့အခါ နတ်စည်းစိမ်ခံစားရချိန်၌လည်း ယောကျ်ားမရှိ၊ ကင်းကွာနေရသဖြင့် ပျော်ရွှင်မှုမရှိ၊ ပျင်းရိငြီးငွေ့နေကြရရှာလေသည်။

မုသာဝါဒသည် အကုသိုလ်အရာတွင် အပြစ်အကြီးဆုံးဖြစ်၍ မှန်ကန်သောစကားကို ပြောဆိုခြင်းသစ္စာစကားသည် ကုသိုလ်အရာတွင် အကြီးဆုံးဖြစ်ကြောင်း သိရှိအပ်ပါသည်။

http://www.dhammadownload.com

မုသာဝါဒကံကျောင်ကြဉ်ရကျိုး

မဟုတ်မမှန်သောစကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း မုသာဝါဒသိက္ခာပုဒ်ကို လုံခြုံအောင်စောင့်ထိန်းသော ပုဂ္ဂိုလ်သည် သေပြီးနောက် နတ်ပြည်သို့ရောက်ရသည်။ နတ်ပြည်မှ စုတေပြီး လူ့ဘုံ၌ ဖြစ်သောအခါ-

(၁) ကြည်လင်သောကွန်ဖြေရှိခြင်း
(၂) အပြစ်လွတ်ကင်း၍ ချိုသာသောစကားရှိခြင်း၊
(၃) ညီညီညွတ်ညွတ်ဖြူစင်သောသွားရှိခြင်း၊
(၄) မဝလွန်းခြင်း၊
(၅) မပိန်လွန်းခြင်း၊
(၆) မပုလွန်းခြင်း၊
(၇) မမြင့်လွန်းခြင်း၊
(၈) ကောင်းသောအတွေ့ရှိခြင်း၊
(၉) ခံတွင်း၌ ကြာညိုအနံ့ကဲ့သို့မွှေးကြိုင်သောအနံ့ရှိခြင်း၊
(၁၀) ရှိသေစွာနားထောင်လိုက်နာသောပရိသတ်ရှိခြင်း၊
(၁၁) လေးလေးနက်နက်မှတ်ယူအပ်သောစကားရှိခြင်း၊
(၁၂) ကြာပွင့်ချပ်ကဲ့သို့ နူးညံ့နီမြန်းပါးလွှာသောလျှာရှိခြင်း၊
(၁၃) ဆုတ်နစ်မှုမရှိခြင်း၊
(၁၄) တုန်လှုပ်ခြင်းမရှိခြင်းစသော အကျိုးတို့ကိုရရှိနိုင်ပါသည်။

http://www.dhammadownload.com

သုရာမေရယသိက္ခာပုဒ်

သုရာမေရယ မဇ္ဇပွမာဒဋ္ဌာနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

သုရာမေရယမဇ္ဇပွမာဒဋ္ဌာနာ - မူးယစ်မေ့လျော့စေတတ်သော သေရည်သေရည် မူးယစ်ဆေးဝါး စသည်တို့ကို သောက်စားသုံးစွဲခြင်းမှ

ဝေရမဏိသိက္ခာပဒံ - ရှောင်ကြဉ်ရာ ရှောင်ကြဉ်ကြောင်း ဖြစ်သော သိက္ခာပုဒ်ကို၊

သမာဒိယာမိ - ဆောက်တည်ပါ၏။

သုရာမေရယကံလွန်ကျူးပြစ်(ကဗျာ)

မူးယစ်သေစာ၊ အရက်များကို၊ သောက်စားမျိုကြ ရှူကြတယ်။
မူးယစ်လာရင်၊ သွေးဆူကြွလို့၊ လူစိတ်များလဲ ပျောက်တတ်တယ်။
သောက်ကြူမိရင် ဧကန်ပဲကွယ့် အပါယ်ငရဲကျလိမ့်မယ်။
ငရဲလွတ်ပြန်၊ လူမွေးမူးတဲ့၊ အရူးဆက်တိုင်း ဖြစ်တတ်တယ်။
ကျင့်ဆောင်ကြ၊ ပဥ္စသီလ၊ ခိုင်မြဲကြပါကွယ်။

သုရာမေရယကံ လွန်ကျူးပြစ်ကဗျာအဓိပ္ပာယ်

သေရည်သေရက် မူးယစ်ဆေးဝါးအားလုံးသည် မွေမူး မူးရစ်၍ ပင်ကိုစိတ်ကိုပျောက်စေ၍ ဆင်ခြင်တုံအသိတရားကင်းမဲ့စေတတ်သည်။ တစ်ခါသောက်သုံးမိလျှင် ထပ်ခါထပ်ခါ သောက်ချင်သုံးစွဲချင်၏။ မူးယစ်မှုအားကြီးလာသောအခါ ထုံထိုင်းမေ့လျော့ ဆင်ခြင်တုံလွတ်၍ အချင်းချင်းကိုဖြစ်စေ၊ အခြားသူအားဖြစ်စေ၊ ရိုက်မှု၊ သတ်မှု၊ ခိုးမှု၊ လိမ်ညာမှု၊ သူ့သားမယားအိမ်ရာ ပြစ်မှားမှုစသည်တို့ကို လွန်ကျူးမိတတ်ကြလေသည်။

http://www.dhammadownload.com

သေရည်သေရက် မူးယစ်ဆေးဝါး သောက်စားသုံးစွဲမှုသည် ဤဘဝမှာပင် အရှက်တကွဲ အကျိုးနည်းလျက် အသက်ဆုံးရှုံးသည်အထိ ဆိုးကျိုးများကိုသာဖြစ်စေပြီး သေလွန်ပြီးနောက်လည်း ငရဲသို့ကျရောက်ရတတ်လေသည်။

ထိုသေရည်သေရက် မူးယစ်ဆေးဝါးကို သောက်စားသုံးစွဲသော သူသည် မျက်မှောက်ဘဝ၊ ဖြစ်လေရာဘဝတို့၌-

(၁) အရေးအခွင့် သင့်မသင့်ကို မသိတတ်ခြင်း၊
(၂) ပျင်းရိတတ်ခြင်း၊
(၃) မေ့လျော့မူးဝေတတ်ခြင်း၊
(၄) သူ့ကျေးဇူးကိုမသိတတ်ခြင်း၊
(၅) အရှက်အကြောက်ကင်းခြင်း၊
(၆) ရူးသွပ်တတ်ခြင်း၊
(၇) မကောင်းမှုအားလုံး ကျူးလွန်လွယ်ခြင်းစသော အပြစ်များစွာတို့ကို ခံစားရတတ်သည်။

သုရာမေရယကံအကျိုးအပြစ်ပြလက်စ်(ကဏ္ဍ)

မေ့မူးသေရည် သောက်ပါလေမူ၊ ရေးခွင့်မသိ၊ ပျင်းရိမေ့မူး၊
ကျေးဇူးပျက်လတ် ရှက်ကြောက်တတ်ကင်း၊ အခင်းများထို၊
အကုသိုလ်ကို၊ ဆင်ခြင်ကင်းပ၊ ပြုကျင့်ကြက၊ ပြစ်များစွသည်၊
ရှောင်လေအပြန် အကျိုးတည်း။

http://www.dhammadownload.com

သုရာမေရယကံပျက်လျှင် ခံရမည့်အပြစ်ပြဝတ္ထု

ဗာရာဏသီပြည်၌ ဘုရားအလောင်းသည် ကုဋေရှစ်ဆယ် ကြွယ်ဝသော မျိုး၌ဖြစ်သည်။ ဘုရားအလောင်းသူဌေးသည် ဒါန၊ သီလစသော ကုသိုလ်ကောင်းမှုတို့ကိုပြုပြီးနောက် သေလွန်လေသော် တာဝတိသာနတ်ပြည်၌ သိကြားမင်းဖြစ်ရလေသည်။

ဘုရားအလောင်းသူဌေး၏သားသည် မိဘတို့ ကွယ်လွန်သော် ကျန်ရစ်ခဲ့သော ပစ္စည်းဥစ္စာများကို သေအရည်သောက်ကာ သုံးဖြုန်း ပစ်ခဲ့သည်။ ငွေကုန်ပြန်သောအခါ မြေ၌မြှုပ်ထားသော ကုဋေလေးဆယ် ကိုဖော်ထုတ်ပြီး သေတင်းကုပ်ဆောက်သည်။ သူငယ်ချင်းအပေါင်း အသင်းများနှင့် ပျော်ပျော်ပါးပါး အရက်သေစာ သောက်စားမူးယစ် သည်။ အရက်မူးသောအခါ ကျွမ်းသမား ကချေသည်တို့ကို အသပြာ တစ်ထောင်စီပေး၍ ဖြေဖျော်စေသည်။

ဤသို့ သူဌေးသားမိုက်သည် သောက်စားဖြုန်းတီးလာခဲ့ရာ ကုဋေလေးဆယ် ကုန်ပြီး ဆင်းရဲမွဲတေသည့်ဘဝသို့ ဆိုက်ရောက်ခဲ့သည်။ သို့ဖြစ်၍ ပုဆိုးကြမ်းစုတ်ကိုဝတ်လျက် ခွက်လက် ဆွဲကာ တောင်းစားရ သည့် သူတောင်းစားဘဝသို့ရောက်ပြီး နောက်ဆုံး၌ အသေဆိုးဖြင့် သေရလေသည်။

သုရာမေရယကံရှောင်ကြဉ်ကျိုး

သေရည်အရက်သောက်စားမှုမှရှောင်ကြဉ်ခြင်း သုရာမေရယ သိက္ခာပုဒ်ကို လုံခြုံအောင် စောင့်ထိန်းသော ပုဂ္ဂိုလ်သည် သေပြီးသည့် နောက် နတ်ပြည်သို့ရောက်ရသည်။ နတ်ပြည်မှစုတေပြီး လူ့ဘုံ၌ဖြစ် သောအခါ-

http://www.dhammadownload.com

(၁) ကာလသုံးပါး၌ ပြုအပ်သောကိစ္စတို့မှာ မမေ့မလျော့သတိရှိခြင်း
(၂) ဉာဏ်ပညာရှိခြင်း၊
(၃) အခါခပ်သိမ်းသတိရှိခြင်း၊
(၄) ဖြစ်ပေါ်လာသောကိစ္စတို့၌ အကြောင်းအားလျော်စွာ ဖြစ်ပေါ်လာသောဉာဏ်ရှိခြင်း၊
(၅) ပျင်းရိမှုမရှိခြင်း၊
(၆) မဆွံ့မအခြင်း၊
(၇) မရူးမသွပ်ခြင်း၊
(၈) ထိတ်လန့်တုန်လှုပ်မှုမရှိခြင်း၊
(၉) ဖိနှိပ်ချုပ်ချယ်မှုမရှိခြင်း၊
(၁၀) ငြူစူမှုမရှိခြင်း၊
(၁၁) နှမြောတွန့်တိုမှုမရှိခြင်း၊
(၁၂) မှန်ကန်သောစကားကိုပြောဆိုခြင်း
(၁၃) ကုန်းတိုက်ခြင်း၊ ကြမ်းတမ်းသောစကားကိုပြောဆိုခြင်း၊ အကျိုးမရှိသောစကားကို ပြောဆိုခြင်းမှ ကင်းလွတ်ခြင်း၊
(၁၄) သူတစ်ပါး၏ ကျေးဇူးကိုသိခြင်း၊
(၁၅) သူတစ်ပါး၏ ကျေးဇူးကို ထင်စွာပြုခြင်း၊
(၁၆) စွန့်ကြဲလှူဒါန်းမှုရှိခြင်း၊
(၁၇) သီလရှိခြင်း၊
(၁၈) ဖြောင့်မတ်စွာပြုတတ်ခြင်း၊
(၁၉) အမျက်ဒေါသနည်းပါးခြင်း၊
(၂၀) အရှက်အကြောက်ဟီရိဩတ္တပ္ပနှင့် ပြည့်စုံခြင်း၊
(၂၁) ဖြောင့်မတ်မှန်ကန်သော အယူဝါဒရှိခြင်း၊

http://www.dhammadownload.com



သူရာဇစရိယတံပျက်လျှောခံရမည့်အငြိမ်
ဓမ္မဒိန်ကြားမင်းပေးသော ဗုဒ္ဓဘာသယအိုးကို အရက်များ၍ ကျက်စားစေသော သားမြီတော်ငံ့

http://www.dhammadownload.com

(၂၂) မြင့်မြတ်သောအဖြစ်နှင့်ပြည့်စုံခြင်း၊

(၂၃) ပညာရှိခြင်း၊

(၂၄) အကျိုးရှိမရှိတို့၌ လိမ္မာခြင်း စသည့်အကျိုးတို့ကို ရရှိနိုင်ပါသည်။

(ကျွတိဝုတ္ထက အဋ္ဌကထာ တိကနိပါတ် ပဉ္စမသုတ် တတိယဝဂ္ဂ၌ လာရှိပါသည်။)

ငါးပါးသီလစောင့်ထိန်းကျိုးပြလက်ာ(ကဗျာ)

သီလဖြူစင် ကိုယ်ကျင့်ကောင်းမှ တောင့်တတိုင်းလည်းပြည့်စုံမယ်။
ပဒေသာပင် ကိုယ်ပိုင်ရှိသလို လိုရာသုံးလို့မကုန်နိုင်တယ်။
ပစ္စည်းဥစ္စာ အပုံမယွင်း ကောင်းသတင်းလည်းကျော်စောမယ်။
ရောက်လေရာမှာ ပွဲလယ်တင့်လို့ ရဲရင့်ရွှင်ပြ ချစ်ကြမယ်။
သေမည့်ခါနဝယ် သတိကောင်းလို့ ဘဝပြောင်းတော့နတ်ပြည်မယ်။
ကောင်းကျိုးပွားများ သီလတရား အားကိုးထိုက်ပါတယ်။
ကျင့်ဆောင်ကြ ပဉ္စသီလ ခိုင်မြဲကြပါကွယ်။

ဒုစရိုက်နှင့်သုစရိုက်ရှင်းတမ်း

ဒုစရိုက်အဖွင့်

မကောင်းသောအကျင့်ကို ပါဠိဘာသာအားဖြင့် ဒုစရိတ မြန်မာလို ဒုစရိုက်ဟုခေါ်သည်။

ကောင်းသောအကျင့်ကို ပါဠိဘာသာအားဖြင့် သုစရိတ မြန်မာလို သုစရိုက်ဟုခေါ်သည်။

http://www.dhammadownload.com

[ဒု - မကောင်းသော + သု ကောင်းသော + စရိတ = (အကျင့်)]
ထို ဒုစရိုက်၊ သုစရိုက်တို့ကား ကာယကံ (၃) ပါး၊ ဝစီကံ (၄) ပါး၊ မနောကံ (၃) ပါးအားဖြင့် (၁၀) ပါးရှိပါသည်။

ဒုစရိုက် ကာယကံ (၃) ပါး

၁။ ပါဏာတိပါတ = သူ့အသက်သတ်မှု။
၂။ အဒိန္နာဒါန = သူ့ဥစ္စာခိုးမှု။
၃။ ကာမေသုမိစ္ဆာစာရ = ကာမဂုဏ်တို့၌ လွဲမှားယုတ်မာစွာကျင့်မှု။

ဒုစရိုက် ဝစီကံ (၄) ပါး

၄။ မုသာဝါဒ = မုသားစကားပြောဆိုမှု။
၅။ ပိသုဏဝါစာ = ချောပစ်ကုန်းတိုက်မှု (ချစ်ခင်သူနှစ်ဦး ကွဲလွဲအောင် သို့မဟုတ် မိမိအားချစ်လာအောင် ချစ်ခင်သူနှစ်ဦးကို ရန်တိုက်ကွဲပြားစေမှု)
၆။ ဖရုသဝါစာ = ညစ်ညမ်းယုတ်မာဆဲဆိုမှု။
၇။ သမ္ဖပ္ပလာပဝါစာ = ပိန်ဖျင်းသောစကားကိုပြောဆိုမှု၊ (အနှစ်မရှိသော စပါးပိန်စပါးဖျင်းကဲ့သို့ အနှစ်မရှိသော စကားဆိုမှု၊ အနှစ်လည်းမဖက် အနက်အဓိပ္ပာယ် မဟုတ်မမှန် ဒဏ္ဍာရီယုံတမ်းစကားမျိုး ရွှေယုန်နှင့်ရွှေကျားသက်ကယ် ရိပ်သွားဟူသောစကားမျိုး၊ အကယ်မဟုတ်သော်လည်း ဥပမာသဘောအကျိုးထင်ရှိအောင် ပြောဆိုရေးသားခြင်းမျိုးက သမ္ဖပ္ပလာပမဟုတ်)

http://www.dhammadownload.com

ဒုစရိုက်မနောက် (၃)ပါး

(၈) အဘိဇ္ဈာ - သူတစ်ပါးစည်းစိမ်ကို ငါ့ဥစ္စာဖြစ်လျှင် ကောင်းလေစွဟု လောဘစိတ်ထား မတရားကြံစည်မှု (တောင်း၍လည်းကောင်း၊ ဝယ်၍လည်းကောင်း၊ တရားနည်းလမ်းကျ ကြံစည်မှုကား အဘိဇ္ဈာမဟုတ်)

(၉) ဗျာပါဒ - သူတစ်ပါးအား သေကြေပျက်စီးသွားလျှင် ကောင်းလေစွ ဟုကြံစည်ပြစ်မှားမှု။

(၁၀) မိစ္ဆာဒိဋ္ဌိ - အယူမှားမှု (ကံ ကံ၏အကျိုးကိုမယုံမှု)

ဤဒုစရိုက် (၁၀)ပါးကို အကုသလကမ္မပထဆယ်ပါးဟုလည်းခေါ်သည်။

(အကုသလ = အကုသိုလ် + ကမ္မ = ကံ + ပထ = အပါယ်ရောက်ကြောင်းလမ်း) အပါယ်ရောက်ကြောင်း၊ မကောင်းသော အကုသိုလ်ကံများကို ဆိုလိုသည်။

ဤဆယ်ပါးတို့တွင်

(၁) ကိုယ်တိုင်ပြုခြင်း = သာဟတ္ထိက။

(၂) သူများကိုပြုခိုင်းခြင်း = အာဏတ္ထိက။

(၃) ဒုစရိုက်ပြုလျှင် ရနိုင်မည့်လောကီကျိုးကိုဖော်ပြခြင်း= ဝဏ္ဏဘာသန။

(၄) သူတစ်ပါးပြုသည်ကို ဝမ်းမြောက်သဘောတူခြင်း= သမနုညာ။

ဤလေးမျိုးဖြင့် မြောက်ပွားလျှင် ဒုစရိုက် (၄၀) ဖြစ်သည်။

http://www.dhammadownload.com

သုစရိုက်အဖွင့်

သုစရိုက်ကာယက် (၃)ပါး

(၁) ပါဏာတိပါတဝိရတိ = သူ့အသက်သတ်မှုမှရှောင်ကြဉ်မှု

(၂) အဒိန္နာဒါနဝိရတိ = သူ့ဥစ္စာခိုးခြင်းမှရှောင်ကြဉ်မှု

(၃) ကာမေသုမိစ္ဆာစာရဝိရတိ = လွဲမှားသော ကာမဂုဏ်လိုက်စား ပြုကျင့်ခြင်းမှ ရှောင်ကြဉ်မှု

သုစရိုက်ဝစီက် (၄)ပါး

(၄) မုသာဝါဒဝိရတိ = မဟုတ်မမှန် လိမ်လည်ပြောဆိုခြင်းမှ ရှောင်ကြဉ်မှု။

(၅) ပိသုဏဝါစာဝိရတိ = ချောပြစ်ကုန်းတိုက်ခြင်းမှ ရှောင်ကြဉ်မှု။

(၆) ဖရုသဝါစာဝိရတိ = ရုန့်ရင်းကြမ်းတမ်း ပြောဆိုခြင်းမှ ရှောင်ကြဉ်မှု။

(၇) သမ္ဖပ္ပလာပဝိရတိ = သိမ်ဖျင်းသော ပြောဆိုခြင်းမှ ရှောင်ကြဉ်မှု။

သုစရိုက်မနောက် (၃) ပါး

(၈) အနဘိဇ္ဈာ = လောဘစိတ်ထား မတရားကြံစည်မှု မပြုခြင်း။

(၉) အဗျာပါဒ = သူတစ်ပါးသေကြေပျက်စီးအောင် ကြံစည်ပြစ်မှားမှု မပြုခြင်း။

(၁၀) သမ္မာဒိဋ္ဌိ = ကောင်းသောအယူကိုယူခြင်း။

ဤသုစရိုက်ဆယ်ပါးကို ကုသလကမ္မပထ (၁၀) ပါးဟုလည်း ခေါ်သည်။

http://www.dhammadownload.com

(ကုသလ = ကုသိုလ်+ ကမ္မ = ကံ + ပထ = လူ့ပြည်နတ်ပြည် ရောက်ကြောင်း)

ဤသုစရိုက်တရားများတွင်လည်း

(၁) ကိုယ်တိုင်ပြုခြင်း၊

(၂) သူတစ်ပါးပြုဖို့ရန် တိုက်တွန်းစေခိုင်းခြင်း၊

(၃) သုစရိုက်တရား၏ အကျိုးကျေးဇူးကိုပြောကြားခြင်း၊

(၄) သူတစ်ပါးတို့အလိုအလျောက်ပြုနေသည်ကို သဘောတူခြင်း၊

ဤ (၄) မျိုးဖြင့်မြောက်ပွားလျှင် သုစရိုက် (၄၀) ဖြစ်၏။

(ဆောင်ပုဒ်) သုစရိုက်ပြုင်၊ ဤဆယ်ခိုင်ကို၊
ကိုယ်တိုင်ပြုပြေား၊ သူများခိုင်းတုံ့၊
ဂုဏ်ကိုပြောပြ၊ ဝမ်းမြောက်ကြပြန်၊
လေးဆယ်မှန်၊ မြောက်ဟန်သဘောပိုက်။

(ဂီဟိဝိနယစာတမ်း)

ပတ္တိဒါန၊ ပတ္တာနုမောဒန

ကုသိုလ်ကောင်းမှုပြုရာ၌ မိမိကုသိုလ်ရသကဲ့သို့ သူတစ်ပါးတို့ကိုလည်း မိမိနည်းတူ အညီအမျှ ကုသိုလ်အဖို့ရစေရန် ဝေငှခြင်းကို ပတ္တိဒါန = အမျှဝေခြင်းဟုခေါ်သည်။

ထိုအမျှပေးဝေသံကို ကြားသူတို့က တော်ပါပေသည်။ ကောင်းမှုကုသိုလ်ပြုနိုင်ပါပေသည်ဟု သဘောထား၍ ဝမ်းမြောက်ဝမ်းသာသာဓုခေါ်မှုကို ပတ္တာနုမောဒနဟုခေါ်သည်။

ထိုသို့ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်ဆိုလျှင် ကောင်းမှုရှင်နှင့် အလားတူစွာ ကုသိုလ်အဖို့ရ၏။ ပြိတ္တာဖြစ်နေသူတို့ သာဓုခေါ်ဆိုရလျှင် ချက်ချင်းပင်အကျိုးထူးခံစားကြရ၏။

http://www.dhammadownload.com

ဝမ်းမြောက်ဝမ်းသာမဟုတ်ဘဲ ဝတ်ကျေတမ်းကျေသာခု ခေါ်လျှင် တော်ရုံသာအဖို့ရ၏။ သူတစ်ပါးလျှဒါန်းနိုင်သည်ကိုမနာလို မရှုစိမ့်လျှင်ကား ကျွဿာအကုသိုလ်ဖြစ်တတ်ပါသည်။

စေတနာသုံးတန်

မပြုခင် ရှေ့အဖို့ဖြစ်စေသော စေတနာကို ပုဗ္ဗစေတနာဟုခေါ်သည်။

ပြုတုန်းစွန့်လွှတ်တုန်း၌ ဖြစ်သောစေတနာကို မုဉ္စစေတနာဟုခေါ်သည်။

ပြုပြီးနောက်ဝမ်းမြောက်သောစေတနာကို အပရစေတနာဟုခေါ်သည်။

သီလစောင့်ထိန်း၍ ဒုစရိုက် (၁၀) ပါးကို ရှောင်ကြဉ်ပြီးလျှင် သုစရိုက် (၁၀) ပါး၊ ပုည ကြိယာဝတ္ထု (၁၀) ပါးကို တွေ့ကြုံရာ၌ ပြုကျင့်အားထုတ်နေသူသည် စင်စစ်ကောန် သူတော်ကောင်းဖြစ်၍ စင်စစ် သုဂတိဘဝကို ရပေမည်။

(ဆောင်ပုဒ်) ၁။ ဒါနသီလ၊ ဘာဝနာနှင့် အပစာယနာ၊
ရိုသေစွာ၊ ဝေယျာဝစ္စဖြင့်။
၂။ ပတ္တိဒါန၊ အမျှပေးဝေ၊ ခေါ်လေသာမှ၊ ပတ္တာနုမော၊
ဟောလေသမျှ၊ နာယူက၊ ဓမ္မသဝနသင့်။
၃။ ကိုယ်တိုင်ဟောပြ၊ ဓမ္မဒေသနာ၊ ဖြောင့်စွာယူမှု။
ဒိဋ္ဌဇုကမ်၊ ဤဆယ်တန်၊ မှတ်ရန်အဆင့်ဆင့်။

ညောင်တုန်းမြို့၊ ရွှေဟင်္သာတောရစံကျောင်းဆရာတော် ဦးဝါယမ (မြန်မာ ၁၂၃၅-၁၃၀၉) (ဂိဟိဝိနယစာတမ်း)

❖ ❖ ❖

http://www.dhammadownload.com

အခန်း(၃)

ရတနာမြတ်သုံးပါးဂုဏ်တော်

ဘုရားဂုဏ်တော် (၉)ပါး ပါဠိ
ဣတိပိသော ဘဂဝါ -

၁။ အရဟံ
၂။ သမ္မာသမ္ဗုဒ္ဓေါ၊
၃။ ဝိဇ္ဇာစရဏသမ္ပန္နော၊
၄။ သုဂတော၊
၅။ လောကဝိဒူ၊
၆။ အနုတ္တရော ပုရိသ ဓမ္မသာရထိ၊
၇။ သတ္ထာဒေဝမနုဿာနံ၊
၈။ ဗုဒ္ဓေါ၊
၉။ ဘဂဝါ၊

http://www.dhammadownload.com

ဘုရားဂုဏ်တော် (၉)ပါးအနက်

၁။ **သောဘဂဝါ**- ထိုအကျွန်ုပ်တို့ ဆရာမြတ်စွာဘုရားသည်၊ **ဣတိပိ**- ဤသို့လျှင် ဖြဟ္မာနတ်လူ သုံးဘုံသူတို့၏ ကြည်ဖြူကော်ရော်ပူဇော်အထူးကို ခံထိုက်ကြောင်းဖြစ်သော အတုမရှိသော သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်၊ ဝိမုတ္တိဂုဏ်၊ ဝိမုတ္တိဉာဏဒဿနဂုဏ်တို့နှင့် ပြည့်စုံတော်မူသောကြောင့်လည်း၊ **အရဟံ**- အရဟာ မည်တော်မူ၏။

၂။ **သောဘဂဝါ**- ထိုအကျွန်ုပ်တို့ ဆရာမြတ်စွာဘုရားသည်၊ **ဣတိပိ**- ဤသို့လျှင် သစ္စာဥေယျမမ္မအပုံ အလုံးစုံကို အကုန်မကျန် မြတ်ရွေဉာဏ်ဖြင့် အမှန်ထိုးထွင်း အလင်းထင်ပေါ် သိမြင်တော်မူသောကြောင့်လည်း၊ **သမ္မာသမ္ဗုဒ္ဓေါ**- သမ္မာသမ္ဗုဒ္ဓမည်တော်မူ၏။

၃။ **သောဘဂဝါ**- ထိုအကျွန်ုပ်တို့ ဆရာမြတ်စွာဘုရားသည်၊ **ဣတိပိ**- ဤသို့လျှင် စရဏအပြား တစ်ဆယ့်ငါးပါးတည့် သုံးပါးရှစ်ဖြာဉာဏ်ဝိဇ္ဇာတို့နှင့် ပြည့်စုံတော်မူသောကြောင့်လည်း၊ **ဝိဇ္ဇာစရဏသမ္ပန္နော** - ဝိဇ္ဇာစရဏသမ္ပန္နမည်တော်မူ၏။

၄။ **သောဘဂဝါ**- ထိုအကျွန်ုပ်တို့ဆရာ မြတ်စွာဘုရားသည်၊ **ဣတိပိ**- ဤသို့လျှင် သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိမကပ်ငြိဘဲ မဇ္ဈိမပဋိပတ်ကောင်းမြတ်ဖြောင့်တန်း မဂ္ဂင်လမ်းဖြင့် ရွှေနန်းပူရီ ဘေးမဲ့ပြည်သို့ ကြွချီဆိုက်ရောက်တော်မူသောကြောင့်လည်း၊ **သုဂတော**- သုဂတမည်တော်မူ၏။

၅။ **သောဘဂဝါ**- ထိုအကျွန်ုပ်တို့ ဆရာမြတ်စွာဘုရားသည်၊ **ဣတိပိ**- ဤသို့လျှင် ကာမရူပ အရူပဟု လောကအပြင် ဘုံတစ်ခွင်ကို ကုန်စင်ခပင်းမကျန်ကြွင်းအောင် အလင်းထင်ပေါ် သိမြင်တော်မူသောကြောင့်လည်း၊ **လောကဝိဒူ**- လောကဝိဒူမည်တော်မူ၏။

http://www.dhammadownload.com

၆။ **သောဘဂဝါ**- ထိုအကျွန်ုပ်တို့ ဆရာမြတ်စွာဘုရားသည်၊ **ဣတိပိ** - ဤသို့လျှင် ဇာတိမာန်၊ ပုညမာန်၊ ဂုဏမာန်၊ ဗလမာန်၊ ဣဿရိယမာန်၊ ပညာမာန်တို့ဖြင့် မိုးစွန်ကြွားကြွား ငါတကားဟု ကြုံးဝါးခက်ထန် အဆိပ်လျှံသည့် နန္ဒောပနန္ဒ အဂ်ိုလိမာလ သစ္စကနှင့် ဗကဗြဟ္မာ သတ္တဝါတို့ကို ဒေသနာသံ ဆိပ်အန်ငြိမ်ဆေး အမြန်ပေး၍ ယဉ်ကျေးအောင်ပြု ဆုံးမမှဝယ် အတုမရှိ လွန်ကဲ ဘိကြောင့်လည်း၊ **အနုတ္တရော ပုရိသဒမ္မသာရထိ**- မည်တော်မူ၏။

၇။ **သောဘဂဝါ**- ထိုအကျွန်ုပ်တို့ ဆရာမြတ်စွာဘုရားသည်၊ **ဣတိပိ**- ဤသို့လျှင် လူနတ်ဗြဟ္မာ သတ္တဝါအများ သောင်းထိုက်သားတို့၏ ဝပ်တွားရိုပျောင်း ညွတ်ညောင်းခယ ဆုံးမခံရာ ဆရာသခင် ဦးထိပ်တင်ကြီး ဖြစ်တော်မူသောကြောင့်လည်း၊ **သတ္ထာဒေဝမနုဿာနံ**- မည်တော်မူ၏။

၈။ **သောဘဂဝါ**- ထိုအကျွန်ုပ်တို့ ဆရာမြတ်စွာဘုရားသည်၊ **ဣတိပိ** - ဤသို့လျှင် သစ္စာလေးရပ် တရားမြတ်ကို လူနတ်အများသိထင်ရှားအောင် ဟောကြားထုတ်ဖော် သိစေတော်မူသောကြောင့်လည်း၊ **ဗုဒ္ဓေါ**- ဗုဒ္ဓမည်တော်မူ၏။

၉။ **သောဘဂဝါ**- ထိုအကျွန်ုပ်တို့ ဆရာမြတ်စွာဘုရားသည်၊ **ဣတိပိ**- ဤသို့လျှင် ဘုန်းတော်အနန္တ၊ ကံတော်အနန္တ၊ ဉာဏ်တော်အနန္တ၊ တန်ခိုးတော်အနန္တကြီးမြတ်လှ၍ လောကသုံးပါး လူအများတို့ လေးစားဂရု ချီးပမူကြောင့်လည်း၊ **ဘဂဝါ**- ဘဂဝါမည်တော်မူ၏။

တံ- ထိုအရဟံအစ ဘဂဝါအဆုံး ဘဝဂ်ချုံးမျှ ဘုန်းတော်ကြီးများဂုဏ်ကိုးပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားကို၊ **အဟံ**- ခန္ဓာအာယတန ဓာတ်အစုမျှကို ကာယသမုတ် အကျွန်ုပ်သည်၊ **ဝန္ဒာမိ**-

http://www.dhammadownload.com

သဒ္ဓါစိတ်ဇော အာရုံပြော၍ မနောဝစီကာယညီလျက် ဦးချီလက်မိုး ကြာဝုံဖြိုးသို့ ရှိခိုးပါ၏ဘုရား။

ဘုံရားဝုဏ်တော်(ကဗျာ)

ဘုရားဖြစ်စဉ် ကောင်းစွာသိမှ
ဘုရားရှင်ကို ကြည်ညိုမယ်။
ကြည်ညိုတတ်သူ မိန့်ဆိုဟောမှ
စိတ်ထားကြည်နူး လေးမြတ်မယ်။
ဂုဏ်တော်ကိုးတန် အမှန်သိလို့
မမေ့မလျော့ ပူဇော်မယ်။
ပူဇော်ရွတ်သော် ဘေးရန်ကင်းလို့
ကောင်းခြင်းချမ်းသာ ရလိမ့်မယ်။ (ရမယ်)[၂]

ဘုရားဝုဏ်တော်အာရုံပြုရကျိုး

ဘုရားဝုဏ်တော် အာရုံပြုလို့
မမေ့မလျော့ အောက်မေ့လျှင်
စဉ်အမြဲသာ ကောင်းစွာနိုးလို့
ချမ်းသာဖွံ့ဖြိုး ကောင်းကျိုးထင်။(ကောင်းကျိုးထင်)[၂]

တရားဝုဏ်တော် (၆)ပါး ပါဠိ

၁။ သွက္ခာတော ဘဂဝတာဓမ္မော၊
၂။ သန္ဒိဋ္ဌိကော၊

http://www.dhammadownload.com

၃။ အကာလိကော၊
၄။ ဧဟိပဿိကော၊
၅။ ဩပနေယျိကော၊
၆။ ပစ္စတ္တံဝေဒိတဗ္ဗော ဝိညူဟိ။

တရားဂုဏ်တော် (၆)ပါးအနက်

၁။ **ဘဂဝတော**- မြတ်စွာဘုရားသည်။
ဓမ္မော- တရားတော်မြတ်ကို၊ **သွက္ခာတော** - စလယ်အဆုံး သုံးပါးအစုံကောင်းခြင်းဂုဏ်နှင့် ပြည့်စုံစွာ ဟောကြားတော်မူအပ်၏။
ဓမ္မော- တရားတော်မြတ်သည်။

၂။ **သန္ဒိဋ္ဌိကော**- ကျင့်ဆောင်သူတို့အား ယခုဘဝပစ္စက္ခဋ္ဌပင် ဒိဋ္ဌ ကိုယ်တွင် တွေ့မြင်ခံစားရသော ဂုဏ်ကျေးဇူးအထူးနှင့် ပြည့်စုံ တော်မူ၏။

၃။ **အကာလိကော**- ကာလမရွေ့ ကျင့်သည့်နေ့ပင် တွေ့မြင်ယုံကြည် ရသော ကောင်းကျိုးချမ်းသာနှင့်လည်း ပြည့်စုံတော်မူ၏။

၄။ ဧဟိပဿိကော - လာရောက်ရှုမြင်ကျေးဇူးတင်မြဲဖြစ်၍ လာပါ ရှုပါ ကျင့်ကြံပါဟု မပါပါအောင် ခေါ်ဆောင်သွတ်သွင်းတိုက် တွန်းခြင်းငှာ ထိုက်တန်စွာသော ဂုဏ်ထူးဝိသေသနှင့်လည်း ပြည့်စုံတော်မူ၏။

၅။ **ဩပနေယျိကော**- မိမိကာယအဇ္ဈတ္တတွင် ရရှိပေါက်ရောက်ကိုယ် တွေ့မြောက်အောင်ကပ်၍ ဆောင်ထိုက်သော ဂုဏ်ထူးဝိသေသ နှင့်လည်း ပြည့်စုံတော်မူ၏။

http://www.dhammadownload.com

၆။ **ဝိညူဟိ**- ပညာရှိသူရှင်လူအပေါင်း သူတော်ကောင်းတို့သည်၊ **ပစ္စတ္တံ** - အသီးသီးသော မိမိတို့သန္တာန်၌၊ **ဝေဒိတဗ္ဗော** - ချမ်းသာလေ့၊ ကောင်းလေစွ ကာယစိတ္တ သုခနှစ်ပြင် ထင်ထင်ရှားရှား ခံစားသိမြင်ရသော ဂုဏ်ထူးဝိသေသနှင့်လည်း ပြည့်စုံတော်မူ၏။ **တံ** - ထိုသွက္ခာတ အစ ဝေဒိတဗ္ဗောအဆုံး ဘဝဂ်ချုံးမျှ ဘုန်းရှိန်ကြီးမား ဂုဏ်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော တရားတော်မြတ်ကို၊ **အဟံ** - ခန္ဓာ အာယတန ဓာတ်စုမျှကို ကာယသမုတ် အကျွန်ုပ်သည်၊ **ဝန္ဒာမိ** - သဒ္ဓါစိတ်ဇော အာရုံပြော၍ မနောဝစီကာယညီလျက် ဦးခိုက်မိုးရှိုခိုးပါ၏။ဘုရား။

တရားဂုဏ်တော်ကဗျာ

တရားဂုဏ်တော်ကောင်းစွာသိမှ
တရားမြတ်ကို ကျင့်နိုင်မယ်။
တရားမှန်ကို ကောင်းစွာကျင့်မှ
ချမ်းသာသုခ ရလိမ့်မယ်။
တရားမှားတွေ ကျင့်ခဲကြလို့
ကမ္ဘာလောက မအေးချင်းတယ်
အေးချမ်းချင်ရင် အမှန်တရားကို
လိုက်နာဆောင်ထား ကျင့်ရမယ်။(ကျင့်မယ်)၂

တရားဂုဏ်တော်အာရုံပြုရကျိုး

တရားဂုဏ်တော်အာရုံပြုလို့
မမေ့မလျော့ အောက်မေ့လျှင်
စဉ်အမြဲသာ ကောင်းစွာနိုးလို့
ချမ်းသာဖွံ့ဖြိုး ကောင်းကျိုးထင်။(ကောင်းကျိုးထင်)၂

http://www.dhammadownload.com

သံဃာ့ဂုဏ်တော် (၉)ပါး ပါဠိ

၁။ သုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊

၂။ ဥဇုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊

၃။ ဉာယပဋိပန္နော ဘဂဝတော သာဝကသံဃော၊

၄။ သာမိစိပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊ ယဒိဒံစတ္တာရိ ပုရိသယုဂါနိ အဋ္ဌပုရိသပုဂ္ဂလာ၊ ဧသ ဘဂဝတော သာဝကသံဃော၊

၅။ အာဟုနေယ္ယော၊

၆။ ပါဟုနေယ္ယော၊

၇။ ဒက္ခိနေယ္ယော၊

၈။ အဉ္ဇလိကရဏီယော၊

၉။ အနုတ္တရံ ပုညက္ခေတ္တံ လောကဿ။

သံဃာ့ဂုဏ်တော် (၉)ပါးအနက်

၁။ **ဘဂဝတော**- မြတ်စွာဘုရား၏။

သာဝကသံဃော- သီလဝန် ဂုဏဝန် ပညာဝန် ကလျာဏ ပုထုဇ္ဇန်၊ အရှင်မွန် အရှင်မြတ်တို့နှင့်တကွ ပရမတ္ထသံဃာ အရိယာရှစ်ပါး တပည့်သား သံဃာတော်မြတ်အပေါင်းသည်၊

သုပ္ပဋိပန္နော - အဓိသီလ အဓိစိတ္တ အဓိပညာသိက္ခာသုံးရပ် လွန်ကောင်းမြတ်သော ပဋိပတ်ဂုဏ်နှင့်လည်း ပြည့်စုံတော်မူပါပေ၏။

၂။ **ဘဂဝတော**- မြတ်စွာဘုရား၏

သာဝကသံဃော- သီလဝန် ဂုဏဝန် ပညာဝန် ကလျာဏ ပုထုဇ္ဇန်၊ အရှင်မွန် အရှင်မြတ်တို့နှင့်တကွ ပရမတ္ထသံဃာ အရိယာရှစ်ပါး တပည့်သား သံဃာတော်မြတ် အပေါင်းသည်

http://www.dhammadownload.com

ဥဇုပွဋိပန္နော- အဓိသီလ အဓိစိတ္တ အဓိပညာ သိက္ခာသုံးရပ် ရိုသေအပ်သော ပဋိပတ်ဂုဏ်နှင့်လည်း ပြည့်စုံတော်မူ၏။

၃။ **ဘဂဝတော**- မြတ်စွာဘုရား၏

သာဝကသံဃော - သီလဝန် ဂုဏဝန် ပညာဝန် ကလျာဏ ပုထုဇ္ဇန်၊ အရှင်မွန် အရှင်မြတ်တို့နှင့်တကွ ပရမတ္ထသံဃာ အရိယာရှစ်ပါး တပည့်သား သံဃာတော်မြတ်အပေါင်းသည်

ညာယပွဋိပွန္နော- အဓိသီလ အဓိစိတ္တ အဓိပညာ သိက္ခာသုံးရပ် လွန်သင့်မြတ်သော ပဋိပတ်ဂုဏ်နှင့်လည်း ပြည့်စုံတော်မူ၏။

၄။ **ဘဂဝတော**- မြတ်စွာဘုရား၏

သာဝကသံဃော- သီလဝန် ဂုဏဝန် ပညာဝန် ကလျာဏ ပုထုဇ္ဇန်၊ အရှင်မွန် အရှင်မြတ်တို့နှင့်တကွ ပရမတ္ထသံဃာ အရိယာရှစ်ပါး တပည့်သား သံဃာတော်မြတ်အပေါင်းသည်

သာမိစိပွဋိပန္နော- အဓိသီလ အဓိစိတ္တ အဓိပညာ သိက္ခာသုံးရပ် ရိုသေအပ်သော ပဋိပတ်ဂုဏ်နှင့်လည်း ပြည့်စုံတော်မူ၏။

ယဒိဒံ- ယာနိ ဣမာန်စတ္တာရိပုရိသယုဂါနိ အကြင်လေးပါးသော ယောကျ်ားမြတ်အစုံတို့သည်။

သန္တိ- ရှိကုန်၏။

ဘဂဝတော- မြတ်စွာဘုရား၏

ဧသ- ဧသော သာဝကသံဃော ဤလေးစုံရှစ်ပါး တပည့်သား သံဃာတော်မြတ် အပေါင်းတို့သည်။

၅။ **အာဟုနေယျော**- လက်ဆောင်အလို့ငှာယူ၍လာသော အလျှူဝတ္ထု မျိုးကိုခံယူခြင်းငှာ ထိုက်တန်စွာသော သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့နှင့်လည်း ပြည့်စုံတော်မူ၏။

http://www.dhammadownload.com

၆။ **ပါဟုနေယျော-** အာဂန္တုအားရည်၍ထားသော အလျှဝတ္ထုမျိုးကို ခံယူခြင်းငှာ ထိုက်တန်စွာသော သီလဂုဏ် သမာဓိဂုဏ် ပညာဂုဏ် တို့နှင့်လည်း ပြည့်စုံတော်မူ၏။

၇။ **ဒက္ခိနေယျော-** နောက်နောက်ဘဝအကျိုးရဖို့ ပျိုးချတုံလင်မြတ်သော အလျှဝတ္ထုမျိုးကို ခံယူခြင်းငှာ ထိုက်တန်စွာသော သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့နှင့်လည်း ပြည့်စုံတော်မူ၏။

၈။ **အဉ္ဇလီကရဏီယော** - လူမင်း နတ်မင်း ဗြဟ္မာမင်းတို့၏ လက်အုပ်ချီမိုးရှိခိုးခြင်းကို ခံယူထိုက်သော သီလဂုဏ် သမာဓိဂုဏ် ပညာဂုဏ် တို့နှင့်လည်း ပြည့်စုံတော်မူ၏။

၉။ **လောကဿ-** လူအပေါင်း၏

အနုတ္တရံ- အတုမရှိမြတ်သော

ပုညက္ခေတ္တဿ- ကုသိုလ်မျိုးကို စိုက်ပျိုးချရာ လယ်ယာမြေကောင်းသဖွယ်လည်း ဖြစ်တော်မူ၏။

တံ- ထိုသုပ္ပဋိပန္နအစ ပုညက္ခေတ္တအဆုံး ဘဝဂ်ချီးမျှ ဘုန်းရှိန်ကြီးမား ဂုဏ်ကိုးပါးနှင့် ပြည့်စုံတော်မူသော သံဃာတော်မြတ်အပေါင်းကို၊

အဟံ- ခန္ဓာအာယတန ဓာတ်စုမျှကို ကာယသမုတ် အကျွန်ုပ်သည်။

ဝန္ဒာမိ- သဒ္ဓါစိတ်ဖော အာရုံပြော၍ မနောဝစီကာယညီလျက် ဦးချိုလက်မိုး ကြာငုံဖြိုးသို့ ရှိခိုးပါ၏ဘုရား။

သံဃဂုဏ်တော်ကဗျာ

သံဃာဂုဏ်တော် ကောင်းစွာသိမှ
သံဃာမြတ်ကို ကြည်ညိုမယ်။

http://www.dhammadownload.com

သံယာမြတ်ဟာ အမှန်ပဲကွယ့်
ဘုရားသားတော် ဖြစ်ကြတယ်။
တရားမှန်ကို သိဆောင်ကျင့်ဖို့
သံယာတော်မြတ် ဟောပြတယ်။
ဂုဏ်တော်ကိုးတန် သံယာမြတ်ကို
ပူဇော်ဆည်းကပ် ကိုးကွယ်မယ်။ (ဆည်းကပ်မယ်)♩

သံယာဂုဏ်တော်အာရုံပြုရကျိုး

သံယာ့ဂုဏ်တော်အာရုံပြုလို့၊
မမေ့မလျော့ အောက်မေ့လျှင်
စဉ်အမြဲသာ ကောင်းစွာနိုးလို့
ချမ်းသာဖွံ့ဖြိုး ကောင်းကျိုးထင်။ (ကောင်းကျိုးထင်)♩



http://www.dhammadownload.com

အခန်း (၄)

ဆွမ်းတော်ကပ်နှင့်ဆုတောင်း



အရဟတာဒိ နဝဂုဏေဟိ အရဟံ- အစရှိသော ကိုးပါးသော ဂုဏ်တော်တို့နှင့်၊ **သမန္နာဂတံ**- ပြည့်စုံတော်မူသော၊ **နာထံ** လူနတ်တို့၏ ကိုးကွယ်ရာဖြစ်တော်မူသော၊ **ပုဒ္ဓံ** - သက်တော် ထင်ရှား သဗ္ဗညုမြတ်စွာဘုရားကို၊ **ဥဒ္ဒိဿ**- ရည်မှတ်၍၊ **စေတီယဿ**- ဓာတုစေတီ၊ ဓမ္မစေတီ၊ ဥဒ္ဒိဿစေတီ၊ ပရိဘောဂစေတီတော်မြတ်အား၊ **ဝဏ္ဏဂန္ဓရသသမန္နံ**- အဆင်းအနံ့အရသာနှင့် ပြည့်စုံသော၊ **ဣမံ ပိဏ္ဍပါတ ခါဒနီယ ဘောဇနီယံ**- ဤဆွမ်းခဲဖွယ် ဘောဇဉ်ချိုချဉ်အရသာကို၊ **သက္ကစ္စံ**- ရိုရိုသေသေ၊ **ဒေမိ**- နိဗ္ဗာန်ရည်မှန်း လျှဒါန်းပါ၏၊ အရှင်ဘုရား၊ **ပူဇေမိ**- နိဗ္ဗာန်ကိုမျှော် ပူဇော်ပါ၏၊ အရှင်ဘုရား။

http://www.dhammadownload.com

ဆုတောင်းပါဦ ။ ။ ကြွဒံမေပုညံ အာသဝက္ခယာ ဝဟံ ဟောတု။

အနက် ။ ။ **မေ**- တပည့်တော်၏၊ **ကြွဒံပုညံ**-ဤကောင်းမှုသည်၊ **အာသဝက္ခယာဝဟံ**- အာသဝေါတရားလေးပါးတို့၏ ကုန်ရာကုန်ကြောင်းဖြစ်သော မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် မြတ်နိဗ္ဗာန်ကို ဧကန်ရောက်အောင် ရွက်ဆောင်နိုင်သည်၊ **ဟောတု**-ဖြစ်ပါစေသတည်း။

မြန်မာလိုဆွမ်းတော်ကပ်

ဘုန်းတော်အနန္တ ဂုဏ်တော်အနန္တ ဉာဏ်တော်အနန္တ တန်ခိုးတော်အနန္တနှင့် ပြည့်စုံတော်မူသော သုံးလောကထွတ်ထား သဗ္ဗညုရှင်တော်မြတ်ဘုရားအား အဆင်းအနံ့ အရသာဖုံဖုံ ပြည့်စုံပါသော ဘောဇဉ်ခဲဖွယ်အသွယ်သွယ်ကို ရင်ဝယ်သိမ့်သိမ့် ပီတိစိတ်မျှ ချမ်းငြိမ်းကြည်သာစေတနာဖြင့် ခေမာမြို့နန်း ရောက်ဖို့မှန်း၍ လျှဒါန်းဆက်ကပ်ပါ၏ဘုရား။

http://www.dhammadownload.com

ပန်းတော်ကပ်နှင့်ဆုတောင်း



အရဟာတာဒိ နဝဂုဏေဟိ အရဟံ - အစရှိသော ကိုးပါးသော ဂုဏ်တော်တို့နှင့်၊ **သမန္နာဂတံ**- ပြည့်စုံတော်မူသော၊ **နာထံ**- လူနတ်တို့၏ ကိုးကွယ်ရာဖြစ်တော်မူသော၊ **ဗုဒ္ဓံ**- သက်တော်ထင်ရှား သဗ္ဗညုမြတ်စွာဘုရားကို၊ **ဥဒ္ဒိဿ**- ရည်မှတ်၍၊ **စေတိယဿ**- ဓာတုစေတီ၊ ဓမ္မစေတီ၊ ဥဒ္ဒိယစေတီ၊ ပရိဘောဂစေတီတော်မြတ်အား၊ **ဝန္ဒာ ဂန္ဓ သမ္မန္နံ**- အဆင်းအနံ့နှင့် ပြည့်စုံတော်မူသော၊ **ကွမံ ပုပ္ဖံ**- ဤပန်းကို၊ **သက္ကစ္စံ**- ရိုရိုသေသေ၊ **ဒေမိ**- နိဗ္ဗာန်ရည်မှန်း လျှဒါန်းပါ၏၊ အရှင်ဘုရား။ **ပူဇေမိ**- နိဗ္ဗာန်ကိုမျှော် ပူဇော်ပါ၏၊ အရှင်ဘုရား။

ဆုတောင်းပါဦ ။ ။ ကွဒံ မေ ပုညံ အာသဝက္ခယာ ဝဟံ ဟောတု။


အနက် ။ ။ (အထက်ပါအတိုင်း)

မြန်မာလိုပန်းတော်ကပ်

ဘုန်းတော်အနန္တ၊ ဂုဏ်တော်အနန္တ၊ ဉာဏ်တော်အနန္တ၊ တန်ခိုးတော်အနန္တနှင့် ပြည့်စုံတော်မူသော သုံးလောကထွတ်ထား သဗ္ဗညုရှင်တော်မြတ်ဘုရားအား အဆင်းအနံ့ သင်းပြန့်လှိုင်ကြွယ် ပန်းသွယ်သွယ်ကို ရင်ဝယ်သိမ့်သိမ့် ပီတိစိမ့်မျှ ချမ်းငြိမ်းကြည်သာ စေတနာဖြင့် ခေမာမြို့နန်းရောက်ဖို့မှန်း၍ လျှဒါန်းဆက်ကပ်ပါ၏၊ အရှင်ဘုရား။

http://www.dhammadownload.com

ရေတော်ကပ်နှင့်ဆုတောင်း



အရဟာတာဒိ နဝဂုဏောဟိ အရဟံ- အစရှိသော ကိုးပါးသော ဂုဏ်တော်တို့နှင့်၊ **သမန္နာဂတံ**- ပြည့်စုံတော်မူသော၊ **နာထံ**- လူနတ်တို့၏ ကိုးကွယ်ရာဖြစ်တော်မူသော၊ **ဗုဒ္ဓံ** - သက်တော်ထင်ရှားသဗ္ဗညုမြတ်စွာဘုရားကို၊ **ဥဒ္ဒိဿ**- ရည်မှန်း၍၊ **စေတီယဿ**- ဓာတုစေတီ၊ ဓမ္မစေတီ၊ ဥဒ္ဒိဿစေတီ၊ ပရိဘောဂစေတီတော်မြတ်အား၊ **သုဒ္ဓသီတလပသန္နံ**- သန့်ရှင်းအေးမြကြည်လင်သော၊ **ကမ္မံပါနီယ ပရိဘောဇနီယံ**- ဤသောက်တော်ရေ၊ သုံးတော်ရေကို၊ **သက္ကစ္စံ**- ရိုရိုသေသေ၊ **ဒေမိ**- နိဗ္ဗာန်ရည်မှန်းလျှဒါန်းပါ၏ အရှင်ဘုရား၊ **ပူဇေမိ**- နိဗ္ဗာန်ကိုမျှော် ပူဇော်ပါ၏အရှင်ဘုရား။

ဆုတောင်းပါဦး ။ ။ ကဒံမေပုညံ အာသဝက္ခယာဝဟံ ဟောတု။

အနက် ။ ။ (အထက်ပါအတိုင်း)

မြန်မာလိုရေတော်ကပ်

ဘုန်းတော်အနန္တ၊ ဂုဏ်တော်အနန္တ၊ ဉာဏ်တော်အနန္တ၊ တန်ခိုးတော်အနန္တနှင့် ပြည့်စုံတော်မူသော သုံးလောကထွတ်ထား သဗ္ဗညုရှင်တော်မြတ်ဘုရားအား အေးမြကြည်လင် မြတ်ရေစင်ကို ကြည်ရွှင်ရင်သိမ့်ပီတိစိမ့်မျှ ချမ်းငြိမ်းကြည်သာ စေတနာဖြင့် ခေမာမြို့နန်းရောက်ဖို့ မှန်း၍ လျှဒါန်းဆက်ကပ်ပါ၏ အရှင်ဘုရား။

http://www.dhammadownload.com

ဆီမီးတော်ကပ်နှင့်ဆုတောင်း



အရဟတာဒိ နဝဂုဏေဟိ အရဟံ- အစရှိသော ကိုးပါးသော ဂုဏ်တော်တို့နှင့်၊ **သမန္နာဂတံ**- ပြည့်စုံတော်မူသော၊ **သဗ္ဗညုတာ နာဝရဏ ဉာဏေဟိ**- သဗ္ဗညုတဉာဏ် အနာဝရဏဉာဏ်တော်တို့ဖြင့်၊ **တိလောကေ**- သုံးပါးသောလောကဋ္ဌ၊ **အဝိဇ္ဇာအန္ဓကာရံ**-အဝိဇ္ဇာတည်းဟူသော အမိုက်မှောင်ကို၊ **ဝိဓမိတ္တာ**- ပယ်ဖျောက်၍၊ **ဇလံ ဇလန္တော**- ထွန်းလင်းတောက်ပတော်မူစေနိုင်သော၊ **ဗုဒ္ဓံ**- သက်တော်ထင်ရှား သဗ္ဗညုမြတ်စွာဘုရားကို၊ **ဥဒ္ဓိဿ**- ရည်မှတ်၍၊ **စေတီယဿ**- ဓာတု စေတီ၊ ဓမ္မစေတီ၊ ဥဒ္ဒိသစေတီ၊ ပရိဘောဂစေတီတော်မြတ်အား၊ **ပဘာဝဏ္ဍောဟိ**- အရောင်အဆင်းတို့ဖြင့်၊ **အန္ဓကာရံ**- အမိုက်မှောင်ကို၊ **ဝိနာသကံ**- ပယ်ဖျောက်တတ်သော၊ **ဣမံဒီပဇာလံ**- ဤဆီမီးလျှံကို **သက္ကစ္စံ**- ရိုရိုသေသေ၊ **ဒေမိ**- နိဗ္ဗာန်ရည်မှန်းလျှဒါန်းပါ၏အရှင်ဘုရား၊ **ပူဇေမိ**- နိဗ္ဗာန်ကိုမျှော် ပူဇော်ပါ၏အရှင်ဘုရား။

ဆုတောင်းပါဠိ ။ ။ ဣဒံမေပုညံ အာသဝက္ခယာဝဟံ ဟောတု။

အနက် ။ ။ **မေ**- တပည့်တော်၏၊ **ဣဒံပုညံ**- ဤကောင်းမှုသည်၊ **အာသဝက္ခယာဝဟံ**- အာသဝေါတရားလေးပါးတို့၏ ကုန်ရာကုန်ကြောင်းဖြစ်သော မဂ်ဉာဏ်ဖိုလ်ဉာဏ် မြတ်နိဗ္ဗာန်ကို ဧကန်ရောက်အောင် ရွက်ဆောင်နိုင်သည်။ **ဟောတု**- ဖြစ်ပါစေသတည်း။

http://www.dhammadownload.com



ခွေးကပ်လှူရက်ကျိုး
မြတ်စွာဘုရားကိုခွေးကပ်လှူ၍ နတ်ပြည်ဥဿဒ နတ်သားဖြစ်ရပုံ

http://www.dhammadownload.com

မြန်မာလို ဆီမီးတော်ကပ်

ဘုန်းတော်အနန္တ၊ ဂုဏ်တော်အနန္တ၊ ဉာဏ်တော်အနန္တ၊ တန်ခိုးတော်အနန္တနှင့် ပြည့်စုံတော်မူသော သုံးလောကထွတ်ထား သပ္ပညုရှင်တော်မြတ်ဘုရားအား ဖယောင်းဆီမီး လျှပ်စစ်မီးနှင့် မီးအသွယ်သွယ် ရောင်လှုံခြယ်၍ ရင်ဝယ်သိမ့်သိမ့် ပီတိစိမ့်မျှ ချမ်းငြိမ်းကြည်သာစေတနာဖြင့် ခေမာမြို့နန်း ရောက်ဖို့မှန်း၍ လျှဒါန်းဆက်ကပ်ပါ၏၊ အရှင်ဘုရား။

ဆွမ်း၊ ရေချမ်း၊ ပန်း၊ ဆီမီး လှူကျိုးများ

* သက်ရှည်ဆင်းလှ သုခခွန်အား ပညာပွား ငါးပါးဆွမ်းလှူကျိုး။
* လျင်မြန်သန့်ရှင်း၊ ကျော်စောခြင်းနှင့်၊ လွတ်ကင်းမွတ်သိပ်၊ မဆိတ်ခြံရံ ဒီယံအသက်ရှည် ရုပ်ရည်ဆင်းလှ သုခခွန်အား ပညာများ၊ ဆယ်ပါးရေလှူကျိုး။
* ပန်းလိုလှပ ဘဝရုပ်ရည်၊ ခန္ဓာကိုယ်တွင်း သန့်ရှင်းပေသည်။ နံစော်ကင်းလို့ ခံတွင်းမွှေးကြည်၊ ပန်းလှူကျိုး၊ သုံးမျိုးရနိုင်သည်။
* ဘုရားရှင်အား စိတ်ထားကြည်ဖြူ ဆီမီးလျှပ်ပန်းလှူဒါန်းသောသူ၊ စက္ခုမံသဉာဏ်စွမ်းဆူ၊ ကြည်လင်၏ ဖြစ်ဘိဉာဏ်ကြီးသူ။

ဆွမ်းတော်ကပ်လှူရသောအကျိုး

ဤဘဒ္ဒကမ္ပာမှ ပြန်၍ ရေတွက်သော် ၉၄ ကမ္ပာထက်၌ သိဒ္ဓတ္ထဘုရားရှင် ပွင့်တော်မူခဲ့လေသည်။ အခါတစ်ပါး၌ ရွှေအဆင်းကဲ့သို့ ဝါဝင်းသော အဆင်းတော်ဖြင့် တင့်တယ်စွာ ဆွမ်းခံကြွတော်မူလာခဲ့

http://www.dhammadownload.com



ရေချိုးကဝိသျှရုကျိုး
ဗောဓိဝင်ဘို့ရေသွန်းလောင်းသျှရုကျိုးကြောင့် နတ်ပြည်၌ နတ်သားဖြစ်ရုံ

http://www.dhammadownload.com

သော ဘုရားရှင်ကို အမျိုးသားတစ်ယောက် ဖူးမြင်ရလေလျှင် အလွန်ကြည်ညိုလှ၍ အိမ်သို့ပင့်ပြီးလျှင် ဆွမ်းတော်ကပ်လှူခဲ့လေသည်။

ထိုအမျိုးသားသည် ထိုဘဝမှ စုတေသေလွန်သောအခါ ထိုဆွမ်းလှူခဲ့ရသော ကောင်းမှုကြောင့် နတ်ပြည်၌ ဖြစ်ရလေသည်။ ထိုကဲ့သို့ နတ်စည်းစိမ် လူစည်းစိမ်တို့ကို အကြိမ်ကြိမ်ခံစား၍ အပါယ် ၄ ပါး၌ မဖြစ်ခဲ့ရဘဲ ဂေါတမမြတ်စွာဘုရားရှင် လက်ထက်တော်ဝယ် အမျိုးကောင်းသားဖြစ်ပြီးလျှင် အရွယ်ရောက်သောအခါ ရဟန်းပြု၍ ရဟန္တာဖြစ်လေသည်။

သုဘူတိဝတ္ထု၊ အနုသံ သာဝကထေရအပဒါန်ပါဠိတော်။


ရေလှူရသောအကျိုး

ပဒုမုတ္တိုရ်မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူပြီးသောအခါ ဗုဒ္ဓဘာသာဝင် လူအပေါင်းတို့သည် ဗောဓိပင်ကို ရေစင်ရေကောင်းတို့ဖြင့် သွန်းလောင်းပူဇော်ကြလေသည်။ ထိုအခါ အမျိုးသားတစ်ယောက်သည် လှပသော ရေအိုး၌ နံ့သာထုံထားသော ရေတို့ကို ထည့်၍ ဗောဓိပင်ကို သွန်းလောင်းပူဇော်လေသည်။

ထိုအမျိုးသားသည် ထိုဘဝမှ စုတေသေလွန်သောအခါ တုသိတာနတ်ပြည်၌ဖြစ်၍ ထိုဘဝမှ နောက်၌ လူမင်းစည်းစိမ် နတ်မင်းစည်းစိမ်တို့ကို အကြိမ်ကြိမ်ခံစား၍ ဂေါတမမြတ်စွာ ဘုရားရှင် လက်ထက်တော်ဝယ် လူ့ဘောင်မှ ထွက်၍ ရဟန်းပြုပြီးလျှင် ဂန္ဓောဒကိယမထေရ်ဟူသော အမည်ဖြင့်ထင်ရှားသော ရဟန္တာတစ်ပါးဖြစ်လာလေသည်။

ဒီဇနိဝတ္ထု, ဂန္ဓောဒကိယထေရ အပဒါန်ပါဠိတော်။

http://www.dhammadownload.com



ပန်းတင်လှူရာကျိုး

ပန်းလှူရာကျိုးကြောင့် နတ်ပြည်၌ နတ်သမီးဖြစ်၍ ဘုံဗိမာန်နှင့် စံနေရသည်ကို

အရှင်မဟာကောဋ္ဌလွှာန်ကွေ့မြင်စို့

http://www.dhammadownload.com

ပန်းလှူရသောအကျိုး

ကျွန်ုပ်တို့ မြတ်စွာဘုရားရှင်၏ လက်ထက်တော်၌ တန်ဖိုးကြီးသောအရာ၌ အသာဆုံးဖြစ်သော အရှင်မဟာမောဂ္ဂလ္လာန် မထေရ်မြတ်ကြီးသည် နတ်ပြည်သို့ ဒေသစာရီ လှည့်လည်တော်မူရာတွင် ရေ၌ပွင့်သောကြာပန်းအမျိုးမျိုးနှင့် ကုန်း၌ပွင့်သော ပန်းမျိုးစုံတို့ အလယ်၌ကြီးကျယ်ခမ်းနားလှသော ဗိမာန်ကို တွေ့မြင်ရသည်။ ထိုဗိမာန်အတွင်း၌ နတ်သမီးများစွာ ခြံရံလျက်ပျော်စံနေသော နတ်သမီးကို မြင်ရပြန်၍ ရှေးဘဝကုသိုလ်ကံကို မေးမြန်းတော်မူလေသည်။

ထိုအခါ နတ်သမီးက သူ၏ ရှေးကုသိုလ်ကိုလျှောက်ထားသည်၊ တပည့်တော်မသည် ရာဇဂြိုဟ်မြို့တော်၏ အရှေ့ နာဠာကရွာ၌ ပေသဝတီမည်သော အမျိုးသမီးတစ်ယောက်ဖြစ်ခဲ့ပါသည်။ တစ်နေ့သ၌ ဥပတိဿ (အရှင်သာရိပုတ္တြာ) အမည်ရသော ရဟန္တာမထေရ်မြတ်ကြီး ကို မြင်၍ ကြည်လင်ရွှင်လန်းသော စိတ်ဖြင့် ပန်းများစွာကို လှူဒါန်းပူဇော်ခဲ့ပါသည်။ ထိုကောင်းမှုကြောင့် ဤဗိမာန်ကိုရ၍ ချမ်းမြေ့သာယာစွာ စံစားနေရပါသည်ဟု လျှောက်ထားလေသည်။

ပါရိဆတ္တက တတိယဝဂ္ဂ, ပေသဝတီ ဝိမာနဝတ္ထုပါဠိတော်။

http://www.dhammadownload.com



ဆီမီးတင်သူရုက္ခကျိုး

ဓောဓိဝင်ကို ဆီမီးတင်သူရုက္ခကျိုးကြောင့် နတ်ပြည်သို့ နတ်သားဖြစ်ရခဲ့

http://www.dhammadownload.com

ဆီမီးလျှံရသောအကျိုး

ပဒုမုတ္တိုရ်မြတ်စွာဘုရားရှင် လက်ထက်တော်၌ အမျိုးသား တစ်ယောက်သည် ဗောဓိပင် ကိုဝိုင်း၍ ဆီမီးငါးပွင့်ဖြင့် ပူဇော်ခဲ့လေသည်။ ထိုအမျိုးသားသည် ထိုဘဝမှစုတေသော် ထိုဆီမီး လျှံရသော ကောင်းမှုကြောင့် နတ်ပြည် လူ့ပြည်တို့၌ အဆက်ဆက်ဖြစ်လျက် ဖြစ်လေရာဘဝတို့တွင် အကာအကွယ်ရှိသော နေရာတို့ကို ထွင်းဖောက်လျက် ယူဇနာတစ်ရာလောက်ကို မြင်နိုင်သော မျက်စိကိုရလေသည်။

ထိုအမျိုးသားသည် ကျွန်ုပ်တို့ ဘုရားရှင်လက်ထက်တော်၌ ပဥ္စဒီပကမထေရ်ဟူသော အမည်အားဖြင့် ထင်ရှားသော ရဟန္တာ အရှင်မြတ်တစ်ပါးဖြစ်ခဲ့လေသည်။

ဗီဇနီဝဂ္ဂ, ပဥ္စဒီပကထေရ အပဒါန်ပါဠိတော်။

http://www.dhammadownload.com

မေတ္တာဟူးနည်း (၁၁)နည်း

၁။ လုံးစုံများစွာ၊ သတ္တဝါ၊ ချမ်းသာကိုယ်စိတ်မြဲပါစေ။
ဥပါဒ်ရန်ဘေး၊ ကင်းစင်ဝေး၊ ငြိမ်းအေးကြပါစေ။

၂။ ကြောက်တတ်၊ မကြောက်တတ်နှစ်ရပ်များစွာ၊
သတ္တဝါ၊ ချမ်းသာ ကိုယ်စိတ်မြဲပါစေ။
ဥပါဒ်ရန်ဘေး၊ ကင်းစင်ဝေး၊ ငြိမ်းအေးကြပါစေ။

၃။ မြင်အပ်မမြင်အပ် နှစ်ရပ်များစွာ သတ္တဝါ၊
ချမ်းသာကိုယ်စိတ် မြဲပါစေ။
ဥပါဒ်ရန်ဘေး၊ ကင်းစင်ဝေး၊ ငြိမ်းအေးကြပါစေ။

၄။ ဝေးနေနီးနေ၊ နှစ်ထွေများစွာ သတ္တဝါ၊ ချမ်းသာကိုယ်စိတ်မြဲပါစေ။
ဥပါဒ်ရန်ဘေး၊ ကင်းစင်ဝေး၊ ငြိမ်းအေးကြပါစေ။

၅။ ဘဝဇာတ်ဆုံး၊ မဆုံးများစွာ သတ္တဝါ၊ ချမ်းသာကိုယ်စိတ်မြဲပါစေ။
ဥပါဒ်ရန်ဘေး၊ ကင်းစင်ဝေး၊ ငြိမ်းအေးကြပါစေ။

၆။ ရှည်တိုအလတ် သုံးရပ်ခန္ဓာ သတ္တဝါ၊ ချမ်းသာကိုယ်စိတ်မြဲပါစေ။
ဥပါဒ်ရန်ဘေး၊ ကင်းစင်ဝေး၊ ငြိမ်းအေးကြပါစေ။

၇။ ကြီး၊ ငယ်၊ အလတ်၊ သုံးရပ်ခန္ဓာ သတ္တဝါ၊ ချမ်းသာကိုယ်စိတ်မြဲပါစေ။
ဥပါဒ်ရန်ဘေး၊ ကင်းစင်ဝေး၊ ငြိမ်းအေးကြပါစေ။

၈။ ဆူကြုံအလတ်၊ သုံးရပ်ခန္ဓာ သတ္တဝါ၊ ချမ်းသာကိုယ်စိတ်မြဲပါစေ။
ဥပါဒ်ရန်ဘေး၊ ကင်းစင်ဝေး၊ ငြိမ်းအေးကြပါစေ။

၉။ လူအချင်းချင်း၊ လှည့်ပတ်ခြင်း၊ ကင်းရှင်းကြပါစေ။

၁၀။ အထင်သေးခြင်း၊ အချင်းချင်း၊ ကင်းရှင်းကြပါစေ။

၁၁။ ဆင်းရဲလိုခြင်း၊ အချင်းချင်း ကင်းရှင်းကြပါစေ။

http://www.dhammadownload.com

မေတ္တာအကျိုး (၁၁)မျိုးနှင့် ဆောင်ပုဒ်

၁။ ချမ်းသာစွာ အိပ်ရခြင်း၊
၂။ ချမ်းသာစွာ နိုးရခြင်း၊
၃။ မကောင်းသောအိပ်မက်၊ မမက်မြင်ရခြင်း၊
၄။ လူတို့ချစ်ခင်နှစ်သက်ခြင်း၊
၅။ နတ်တို့ချစ်ခင်မြတ်နိုးခြင်း၊
၆။ နတ်တို့စောင့်ရှောက်ခြင်း၊
၇။ မီး၊ အဆိပ်၊ လက်နက်မသင့်နိုင်ခြင်း၊
၈။ စိတ်လျင်မြန်စွာ တည်ကြည်ခြင်း၊
၉။ မျက်နှာရုပ်ဆင်းကြည်လင်ရွှင်ပြခြင်း၊
၁၀။ မတွေမဝေဘဲ သေရခြင်း၊
၁၁။ သေသောအခါ ဗြဟ္မာပြည်သို့ လားရခြင်း၊

ဆောင်ပုဒ် ။ ။ အိပ်လည်းချမ်းသာ၊ နိုးချမ်းသာ၊ ကောင်းရာအိပ်မက်သည်။
လူရောနတ်ပါ၊ ချစ်ခင်တာ၊ စောင့်ရာနတ်တို့သည်။
လက်နက်ဆိပ်မီး၊ မဖျက်ဆီး၊ အပြီးစိတ်တည်ကြည်။
မျက်နှာကြည်လေ၊ မတွေဝေ၊ အသေကောင်းလှသည်။
ဗြဟ္မာဘုံလား၊ ဆယ့်တစ်ပါး၊ ကျိုးများမေတ္တာရှည်။

အမျှဝေ

ဤသို့ပြုရာ၊ မြတ်ပုညကို၊ ကြီးထွင့်ခေါင်၊ မြင်းမိုရ်တောင်ဦး၊ မကကြူးသား၊ ကျေးဇူး အရှင်၊ မွေးမိခင်နှင့်၊ ဖခင်တို့အား ရငြားပါစေ၊ အမျှဝေ၏။

http://www.dhammadownload.com

မသွေနိစ္စ ဤကာယကို၊ စောင့်ထပေတတ်၊ ကိုယ်စောင့်နတ်လည်း၊ မလပ်စေရ၊ ပေးဝေဌ၏။

မိတ္တဆွေညာ၊ ဆရာသမား၊ ဘိုးဘွားကစ၊ ယမရာဇာ၊ ဒေဝါယက္ခ၊ ဣန္ဒဘုံမှာ၊ အာကာသနတ်၊ အထူးမှတ်၍၊ မပြတ်ပုည၊ ကုသလကို ရကြပါစေ၊ အမျှဝေ၏။

သဗ္ဗေသတ္တာ၊ သတ္တဝါဟု၊ နာနာလောက၊ အနန္တတွင်၊ မပြတ်စဉ်ကာ၊ သတ္တဝါသ၊ ဘုံကိုးဝန္ဒင့် ဝိညာဏဌိတိ၊ တည်ရှိခုနစ်ပါး၊ များစွာလုံးစုံ၊ ဘုံသုံးဆယ့်တစ်၊ ဖြစ်ဖြစ်သမျှ၊ ဝေနေယျအား၊ အမျှကုသိုလ်ပေးဝေလို၏၊ ထိုကုသလ၊ မြတ်ပုညကို၊ အမျှရကြသည်ဖြစ်စေသော်။

ဝသုန္ဓရေ၊ ဤမြေပံသု၊ သီလာထုလည်း သက်သေအမှုတည်စေသော်။

သူတော်ကောင်းတို့ ကုသိုလ်ကောင်းမှုပြုကျင့်ရာဖြစ်သော ပုညကြိယာ ဝတ္ထု (၁၀)ပါး

၁။ ဒါန = စွန့်ကြဲပေးကမ်းလှူဒါန်းခြင်း၊
၂။ သီလ = ကိုယ်ကျင့်သီလကောင်းအောင် စောင့်ထိန်းခြင်း၊
၃။ ဘာဝနာ = ကမ္မဋ္ဌာန်းတရားအားထုတ်ခြင်း၊
၄။ အပစာယန = ရိုသေထိုက်သူတို့ကို ရိုသေခြင်း၊
၅။ ဝေယျာဝစ္စ = သူတစ်ပါးကုသိုလ်ရေးတို့၌ ကူညီဆောင်ရွက်ခြင်း၊
၆။ ပတ္တိဒါန = မိမိပြုသောကုသိုလ်ကို သူတစ်ပါးအား အမျှပေးဝေခြင်း၊

http://www.dhammadownload.com

၇။ ပတ္တာနုမောဒန = သူတစ်ပါးပြုလုပ်သော ကုသိုလ်ကို ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်ခြင်း၊

၈။ ဓမ္မဿဝန = သူတော်ကောင်းတရားနာကြားခြင်း၊

၉။ ဓမ္မဒေသနာ = လာဘ်ကိုမငဲ့ကွက်ဘဲ သူတော်ကောင်းတရားဟောကြားခြင်း၊

၁၀။ဒိဋ္ဌုကမ္မ = အယူကိုဖြောင့်မတ်မှန်ကန်စွာယူခြင်း၊



http://www.dhammadownload.com

အခန်း (၅)

သုံးဆယ့်ရှစ်ဖြာမင်္ဂလာနှင့် မင်္ဂလာကဗျာများ

(က) သုံးဆယ့်ရှစ်ဖြာ မင်္ဂလာတရားကို
နတ်လူအပေါင်း ကြံစည်နေ။
မင်္ဂလာအစစ်ဟာ ဘယ်ဟာလဲလို့
မှန်ကန်တိကျ မသိကြလေ။
ဆယ့်နှစ်နှစ်ကြာ သူငါငြင်းကြ
မင်္ဂလာအရေး မပြီးခဲ့ပေ။
မင်္ဂလာဓမ္မယူအဆ ကွဲကြနတ်လူတွေ
သိလိုကြ ကြံကြစည်ကြ ဓမ္မမင်္ဂလာတွေ။

(ခ) သာဝတ္ထိပြည် ဇေတဝန်ကျောင်းမှာ
မြတ်စွာဗုဒ္ဓ စမွာယ်နေ။
သန်းခေါင်ချိန်ခါ မထင်ရှားတဲ့
နတ်သားတစ်ပါး ချဉ်းကပ်ပေ။
ဘုရားမြတ်ထံ မင်္ဂလာတရားကို
သိအောင်ဟောဖို့ လျှောက်တင်ပေ။
သူမိုက်ရှောင်ရှားအစထား ဘုရားဟောမိန့်ပေ။
ကျင့်ဆောင်ကြ ဗုဒ္ဓဟောပြ ဓမ္မမင်္ဂလာတွေ။

http://www.dhammadownload.com

၃၈ ဖြာ မင်္ဂလာတရားတော်

(၁) ပေါင်းသင်းဆက်ဆံရေးမင်္ဂလာ ၃ ပါး

၁။ **အသေဝနာစဇာလန်**

အကျင့်စာရိတ္တ မကောင်းသူ (လူမိုက်)ကို ရှောင်ကြဉ်ပါ။

၂။ **ပဏ္ဍိတာနဉ္စ သေဝနာ**

လူတော်လူကောင်း (ပညာရှိ)များနှင့် ပေါင်းဖော်ပါ။

၃။ **ပူဇာစ ပူဇနေယျာနံ**

ပူဇော်ထိုက်သူကို ပူဇော်ပါ။

မင်္ဂလာကဗျာ

ဆိုးညစ်ယုတ်မာ လူမိုက်များကို
ဝေးစွာရှောင်ရှား ကင်းအောင်နေ။
ပညာရှိအလိမ္မာ သူတော်ကောင်းကို
ပေါင်းဖော်မှီဝဲ အမြဲနေ။
သုံးပါးရတနာ ဆရာမိဘ
ပူဇော်ထိုက်သမျှ ပူဇော်လေ။
ချမ်းသာလိုငြား လိုက်နာထား သုံးပါးဓမ္မပေ
ကျင့်ဆောင်ကြ ဗုဒ္ဓညွှန်ပြ ဓမ္မမင်္ဂလာတွေ့။

(၂) နေထိုင်ရေးမင်္ဂလာ ၃ ပါး

၄။ **ပတိရူပ ဒေသဝါသော စ**

ကုသိုလ်ပညာ ဥစ္စာရမယ့် အရပ်မှာနေထိုင်ပါ။

http://www.dhammadownload.com

၅။ **ပုဇ္ဇစကတပုညတာ**

ကောင်းမှုကောင်းရာများကို ကြိုတင်ပြုလုပ်ထားပါ။

၆။ **အတ္တသမ္မာ ပဏီဓိစ**

အကျင့်သီလ မပျက်အောင် မိမိကိုယ်ကို စောင့်ထိန်းပါ။

(ကိုယ်ကျန်းမာအောင်နေ၊ စိတ်ကောင်းအောင်လည်းမွေး)

မင်္ဂလာကဗျာ

ကောင်းကျိုးချမ်းသာ မင်္ဂလာရဖို့
သင့်ရာဒေသ နေကြလေ။
ရှေးအခါမှာ ပြုခဲ့ဖူးတဲ့
ကောင်းမှုအထူး ရှိပါစေ။
ကိုယ်စိတ်နှစ်ဖြာ ကောင်းအောင်ထိန်းလို့။
မယိမ်းစေနဲ့ ကျင့်ဆောင်လေ
ချမ်းသာလိုငြား လိုက်နာထား သုံးပါးခမ္မပေ။
ကျင့်ဆောင်ကြ ဗုဒ္ဓညွှန်ပြ ခမ္မမင်္ဂလာတွေ့။

(၃) သင်ကြားရေးမင်္ဂလာ(၄)ပါး

၇။ **ဗာဟုသစ္စဉ္စ**

အကြားအမြင်များအောင် ဗဟုသုတရှာမှီးပါ။

၈။ **သိပ္ပဉ္စ**

အသက်မွေးဝမ်းကျောင်းပညာတတ်အောင်သင်ပေးပါ။

၉။ **ဝိနယောစ သုသိက္ခိတော**

စည်းကမ်းရှိရှိသွားလာနေထိုင်စားသောက်ပါ။

http://www.dhammadownload.com

၁၀။ သုဘာသိတာစ ယာဝါစာ

မှန်မှန်ကန်ကန်ယဉ်ယဉ်ကျေးကျေး ပြောဆိုဆက်ဆံပါ။

မင်္ဂလာကဗျာ

သိကောင်းတတ်ရာ ပညာများကို
ကြားမြင်သုတ ရှိပါစေ။
စားဝတ်နေရာ အိမ်ထောင်ရေးတွက်
အသက်မွေးဖို့ အတတ်သင်လေ။
ကျင့်ဝတ်ဆိုင်ရာ စည်းကမ်းများကို
လိုက်နာသင်ကြား ကျင့်ဆောင်လေ။
ကောင်းသောစကားသာ ပြောဆိုကြလို့
သာယာချိုအေး နားဝင်စေ။
ချမ်းသာလိုငြား လိုက်နာထား လေးပါးမမှေ
ကျင့်ဆောင်ကြ ဗုဒ္ဓညွှန်ပြ ဓမ္မမင်္ဂလာတွေ။

(၄) ပြုစုရေးမင်္ဂလာ(၃)ပါး

၁၁။ မာတာပိတု ဥပဋ္ဌာနံ

မိဘများကို ပြုစုလုပ်ကျွေးထောက်ပံ့ပါ၊ မိဘစိတ်ချမ်းသာ အောင်နေပါ။

၁၂။ ပုတ္တဒါရဿ သင်္ဂဟော

သားသမီး ဇနီးခင်ပွန်းကို ပြုစုလုပ်ကျွေးထောက်ပံ့ပါ။
သားသမီးကို လိမ္မာအောင် ဆုံးမပါ။

၁၃။ အနာကုလာစ ကမ္မန္တာ

အပြစ်ကင်းသော စီးပွားရေးကို ကြိုးစားပြုလုပ်ပါ။

http://www.dhammadownload.com

မင်္ဂလာကဗျာ

ကျေးဇူးကြီးစွာ မိဘများကို
ကောင်းစွာလုပ်ကျွေး တာဝန်ကျေ။
သားသမီးငယ် ဇနီးမယားကို
ချီးမြှင့်ထောက်ပံ့ စောင့်ရှောက်လေ။
အပြစ်ကင်းရာ မှုကိစ္စကို
ပြုလုပ်ဆောင်ကြ ကောင်းအောင်နေ
ချမ်းသာလိုငြား လိုက်နာထား သုံးပါးဓမ္မပေ
ကျင့်ဆောင်ကြ ဗုဒ္ဓညွှန်ပြ ဓမ္မမင်္ဂလာတွေ။

(၅) လိုက်နာကျင့်သုံးရေးမင်္ဂလာ(၄)ပါး

၁၄။ **ဒါနဠ္ဍ**

စွန့်ကြဲပေးကမ်းလျှဒါန်းထောက်ပံ့ပါ။

၁၅။ **ဓမ္မစရိယာစ**

သုစရိုက်တရားကိုကျင့်ပါ၊ ကိုယ်ကျင့်တရား မပျက်ပါစေနဲ့။

၁၆။ **ညာတကာနဠ္ဍ သင်္ဂဟာ**

ဆွေမျိုးတို့ကို ချီးမြှောက်ထောက်ပံ့ကူညီပါ။

၁၇။ **အနဝဇ္ဇာနိ ကမ္မာနိ**

လူထုအကျိုးပြု အမှုကိစ္စများကို ဝိုင်းဝန်းကူညီဆောင်ရွက်ပါ။

မင်္ဂလာကဗျာ

စေတနာသုံးတန် စိတ်မှာလွှမ်းလို့
ပေးကမ်းစွန့်ကြဲ လှူနိုင်စေ။
သုစရိုက်ဆယ်တန်၊ ကုသိုလ်တရားကို

http://www.dhammadownload.com

ကောင်းစွာဆောင်ထား၊ ကျင့်ဆောင်လေ။
ဆွေမျိုးတွေကို သင်္ဂဟတရားနဲ့
ထောက်ပံ့ပေးကမ်း၊ ချစ်အောင်နေ။
ထောက်ပံ့ပေးကမ်း၊ ချစ်အောင်နေ။
အပြစ်ကင်းရာ ကောင်းမှုပြုလို့
အများအကျိုး၊ သယ်ပိုးလေ။
ချမ်းသာလိုငြား၊ လိုက်နာထား၊ လေးပါးဓမ္မပေ၊
ကျင့်ဆောင်ကြ၊ ဗုဒ္ဓညွှန်ပြ၊ ဓမ္မမင်္ဂလာတွေ။

(၆)ရှောင်ကြဉ်ရေးမင်္ဂလာ(၄)ပါး

၁၈။ **အာရတီပါပါ**

မကောင်းတာဆို တွေးကိုမတွေးနဲ့။

၁၉။ **ဝိရတီပါပါ**

မကောင်းတဲ့စကားမပြောနဲ့။ မကောင်းမှုတွေမလုပ်နဲ့။

၂၀။ **မဇ္ဇပါနာစ သံယမော**

အရက်သေစာမသောက်စားနဲ့။ မကောင်းမှုတွေမပြုလုပ်နဲ့။

၂၁။ **အပွမာဒေါစ ဓမ္မေသု**

ကုသိုလ်ပြုဖို့မမေ့နဲ့။

မင်္ဂလာကဗျာ

မကောင်းမှုကို မပြုမိအောင်၊
ကြိုတင်ဆုံးဖြတ်၊ ရှောင်ကြဉ်လေ။
အခွင့်ကြုံလာ၊ မလွန်ကျူးနဲ့
ကိုယ်နှုတ်အထူး၊ စောင့်စည်းလေ။

http://www.dhammadownload.com

မေ့မူးတတ်စွာ၊ သေရည်များနှင့်
မူးယစ်ဆေးဝါး၊ ရှောင်ကြဉ်လေ။
ကုသိုလ်တရား မမေ့ငြား စောင့်ထားသတိပေ။
ချမ်းသာလိုငြား၊ လိုက်နာထား၊ လေးပါးဓမ္မပေ။
ကျင့်ဆောင်ကြ၊ ဗုဒ္ဓညွှန်ပြ ဓမ္မမင်္ဂလာတွေ။

(၇)စိတ်ထားရေးမင်္ဂလာ(၅)ပါး

၂၂။ဂါရဝေါစ

ရဟန်းသံဃာ မိဘဆရာသမားလူကြီးသူမများကို ရိုသေလေးစားပါ။

၂၃။နိဝါတောစ

မာနမကြီးနဲ့။ ဘဝင်မမြင့်နဲ့။

၂၄။သန္တုဋ္ဌိစ

ရတတ်သမျှနဲ့ မျှတရောင့်ရဲပါ။ လောဘမကြီးပါနဲ့။

၂၅။ကတညုတာ

သူ့ကျေးဇူးကိုသိပါ၊ ဆပ်ပါ။

၂၆။ကာလေန ဓမ္မသဝနံ

သင့်လျော်တဲ့အခါ တရားနာပါ၊ တရားစာဖတ်ပါ။

မင်္ဂလာကဗျာ

ရိုသေထိုက်သူ ဟူသမျှကို
ဆည်းကပ်လေးစား ရိုသေလေ။
မာန်မာနကို ဖယ်ကာထားလို့
ကိုယ်နှုတ်စိတ်ကို နှိမ်ချနေ။

http://www.dhammadownload.com

ရောင့်ရဲတင်းတိမ် လောဘမကြီးနဲ့
တရားသဖြင့် ရှာဖွေလေ၊
ပြုခဲ့ပေဖူး သူ့ကျေးဇူး
အထူးသိတတ်စေ။
ကြီးပွားကျိုးများ မြတ်တရား
ကောင်းစွာနာကြားလေ။
ချမ်းသာလိုငြား၊ လိုက်နာထား၊ ငါးပါးခမ္မပေ။
ကျင့်ဆောင်ကြ ဗုဒ္ဓညွှန်ပြ ခမ္မမဂ်လာတွေ။

(၈) သည်းခံရေးမဂ်လာ(၅)ပါး

၂၇။ **ခန္တီစ**

အရာရာမှာစိတ်ရှည်ရှည်ထားပါ၊ စိတ်မတိုပါနဲ့။

၂၈။ **သောဝစဿတာ**

မိဘဆရာသမား အထက်လူကြီးစကားနားထောင်ပါ။

၂၉။ **သမဏာနဉ္စ ဒဿနံ**

ရဟန်းတော်များကိုဖူးမြင်ပါ။
သူတော်ကောင်းများထံသွားရောက်တွေ့ဆုံပါ။

၃၀။ **ကာလေန ဓမ္မသာကစ္ဆာ**

တရားသိအောင် သူတော်ကောင်းများထံ နည်းနာခံ၍ လက်တွေ့
လေ့လာ ဆွေးနွေးပါ။

မဂ်လာကဗျာ

ရန်ပြုလာရင် ဖက်ပြိုင်မပြုနဲ့
သည်းခံခွင့်လွှတ် ငြိမ်းအောင်နေ။

http://www.dhammadownload.com

ကျိုးကြောင်းပြကာ ဆုံးမစကားကို
ပြောဆိုလေက နာလွယ်စေ။
ရဟန်းသံဃာ သူတော်မြတ်ကို
ဖူးမြော်မြင်ရ မဂ်လာပေ။
သင့်လျော်ချိန်ခါ ဓမ္မတရားကို
ဆွေးနွေးပါက မြတ်သည်ပေ။
ချမ်းသာလိုငြား လိုက်နာထား လေးပါးဓမ္မပေး
ကျင့်ဆောင်ကြ ဗုဒ္ဓညွှန်ပြ ဓမ္မမဂ်လာတွေ့။

(၉)ခြိုးခြံရေးမဂ်လာ(၄)ပါး

၃၁။**တပေါစ**

ကိလေသာငြိမ်းအေးစေတတ်သော အကျင့်မြတ်ကိုကျင့်ပါ။
မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်ကို အလိုမမိုက်ပါနဲ့။

၃၂။**ဗြဟ္မစရိယဉ္စ**

ဗြဟ္မစိုရ်တရား လက်ကိုင်ထားပါ။ ကောင်းမြတ်သော အကျင့်
ကို ကျင့်ပါ။

၃၃။**အရိယ သစ္စာန ဒဿနံ**

အမှန်(သစ္စာ)တရားကို မြင်အောင်ကြည့်ပါ။ သိအောင်လုပ်ပါ။

၃၄။**နိဗ္ဗာနသစ္ဆိကိရိယာစ**

နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်း၊ မျက်မှောက်ပြုနိုင်အောင်
ကျင့်ပါ။

မဂ်လာကဗျာ

အကုသိုလ်မဝင်အောင် သတိပွားလို့

http://www.dhammadownload.com

ခြိုးခြံစိတ်ထား ကျင့်ဆောင်လေ။
မင်္ဂဖိုလ်ရရန် မြတ်တရားမို့
သိက္ခာသုံးပါး ကျင့်ဆောင်လေ။
သစ္စာလေးပါး မြတ်တရား
သိပွားကျင့်ဆောင်လေ။
နိဗ္ဗာန်တရား မျက်မှောက်ပွား
ထင်ရှား သိမြင်စေ။
ချမ်းသာလိုငြား လိုက်နာထား လေးပါးခမ္မပေ။
ကျင့်ဆောင်ကြ ဗုဒ္ဓညွှန်ပြ ခမ္မမင်္ဂလာတွေ့။

(၁၀)စိတ်ထားခိုင်ခံ့ရေးမင်္ဂလာ(၄)ပါး

၃၅။**ဖုဋ္ဌဿ လောကဓမ္မေဟိ စိတ္တံ ယဿ န ကမ္ပတိ**

ကောင်းဆိုးနှစ်တန် လောကဓံ သည်းခံနိုင်ပါစေ။

၃၆။**အသောကံ**

စိုးရိမ်ပူဆွေးငိုကြွေးမှုမရှိခြင်း။

သောကကင်းဝေးနေနိုင်ရေး မနှေးဝိပဿနာပွားပါ။

၃၇။**ဝိရဇံ**

ကိလေသာအညစ်အကြေးမရှိခြင်း။

ကိလေသာမြူမဝင် ဉာဏ်မျက်စိကြည်လင်အောင် ထာဝစဉ် ဝိပဿနာရှုပါ။

၃၈။**ခေမံ**

ကြောက်လန့်ဖွယ်ရေး ဘေးမရှိခြင်း။

သေဘေးလွတ်ရန် နိဗ္ဗာန်ရောက်ဖို့ ဝိပဿနာရှုကြစို့။

http://www.dhammadownload.com

မင်္ဂလာကဗျာ

လောကမံဆိုတာ တွေ့ကြုံစမြဲမို့
မတုန်လှုပ်မှ မြတ်သည်ပေ။
ရဟန္တာအရှင် စိတ်မှာများဖြင့်
တုန်လှုပ်မှုကင်း အေးငြိမ်းနေ။
သောကကိုထိန်း ရမက်မကိန်း
အေးငြိမ်းအမြဲနေ
ချမ်းသာလိုငြား လိုက်နာထား လေးပါးဓမ္မပေ။
ကျင့်ဆောင်ကြ ဗုဒ္ဓညွှန်ပြဓမ္မမင်္ဂလာတွေ။

မှတ်ချက်။ ။ ၁ မှ ၃၂ အထိသည် လောကီမင်္ဂလာများဖြစ်သည်။
ကျန် ၆ ပါးသည် လောကုတ္တရာမင်္ဂလာများဖြစ်သည်။
၁ မှ ၃၃ အထိသည် အကြောင်းမင်္ဂလာများဖြစ်၍
ကျန် ၅ ပါးသည် အကျိုးမင်္ဂလာများဖြစ်ပါသည်။

ဤသုံးဆယ့်ရှစ်ပါးသော မင်္ဂလာတရားတို့ကို လိုက်နာကျင့်သုံးခြင်းကြောင့် ရန်သူမှန်သမျှ အနိုင်မခံရ၊ အရပ်ဒေသအားလုံး၌ ကြီးပွားချမ်းသာခြင်းဖြစ်စေနိုင်၏။ ၃၈ ဖြာ မင်္ဂလာတရားတော်သည် နတ်လူဟူသမျှ ကျင့်သုံးရန်အတွက် အမြတ်ဆုံးမင်္ဂလာမည်၏။

ယဉ်ကျေးလိမ္မာကဗျာများ

(၁) ဗုဒ္ဓကျေးဇူးဆပ်ကြစို့

ဗုဒ္ဓရှင်တော်၊ မပွင့်ပေါ်က၊ သူတော်အများ၊ ကျင့်ကြံပွားလည်း၊

http://www.dhammadownload.com

အမှန်အမှား၊ မြတ်တရားနှင့်၊ သံသရာဘေး၊ လွတ်မြောက်ရေးကို၊
မည်သို့ကျင့်ရ၊ မသိကြ၊ ချမ်းသာမရကြပါလေ။
ဗုဒ္ဓရှင်တော်၊ ပွင့်ထွန်းပေါ်၍၊ မိန့်ဖော်ဟောပြ၊ မြတ်ဓမ္မကြောင့်၊
အမှန်အမှား၊ မြတ်တရားနှင့်၊ သံသရာဘေး၊ လွတ်မြောက်ရေးကို
မည်သို့ကျင့်ရ၊ သိပါကြ၊ ချမ်းသာရခဲ့ကြပေပြီ။
ဗုဒ္ဓရှင်တော်၊ ကျေးဇူးတော်ကို အလေးအမြတ်၊ ကျေးဇူးဆပ်ဖို့၊
ဘုရားမြတ်စွာ၊ သာသနာ၏၊ ကျင့်စဉ်တရား၊ သိမှတ်ပွား၊
တို့များကျင့်ဆောင်ကြပါမည်။

(၂) သာသနာရေးမိုးကြိုးစားမည်

ဘုရားမြတ်စွာ လောင်းလျာတုန်းက ဖြည့်ကျင့်ခဲ့ရပါရမီ။
သတ္တဝါများတွေ ချမ်းသာရေးတွက် စွန့်လွှတ်နစ်နာခံခဲ့သည်။
ဘုရားရှင်တော် သာသနာတွက်တော့ တတ်စွမ်းသမျှ ရွက်ဆောင်မည်။
ဆထက်တိုးကာ စွမ်းဆောင်ကြလို့ ရောင်ဝါထွန်းဖို့ ကြိုးစားမည်။

(၃) နာသုံးချက် လွတ်အောင်နေ

ဥစ္စာပြည့်စုံ ရှိပါတုံလည်း၊ လောဘစုံမက် မလျှုဇော်က
ကုသိုလ်ပွားတိုး၊ လူဖြစ်ကျိုး လုံးဝမနပ်ပေ။
ဗုဒ္ဓသာသနာ ကြုံလာပါလည်း၊ ကျင့်ဆောင်သီလ မရှိက
ကုသိုလ်ပွားတိုး၊ လူဖြစ်ကျိုး လုံးဝမနပ်ပေ။
သူတော်တရား ဟောဖော်ကြားလည်း၊ နာကြားကျင့်သိမရှိဘိက
ကုသိုလ်ပွားတိုး၊ လူဖြစ်ကျိုး လုံးဝမနပ်ပေ။
လူဖြစ်ကျိုးနပ်၊ တရားမြတ်ကို ကျင့်ဆောင်ဖို့ရာ
သင့်တွက်တာ သေချာသိပါလေ။

http://www.dhammadownload.com

(၄) ဘုရား တရား သံဃာ

ဘုရား ဘုရား မြတ်စွာဘုရား၊ မဟာကရုဏာတော်ရှင်မြတ်စွာဘုရား
မြတ်စွာဘုရားပွင့်သည်မှာ၊ သတ္တဝါအများအကျိုးတွက်တာ
ပါရမီဆယ်ဖြာဖြည့်ပါရ၊ ကျေးဇူးတော်ရှင်မြတ်ဗုဒ္ဓ၊
ဗုဒ္ဓကျေးဇူးဦးခိုက်ကာ၊ ဂုဏ်တော်ကိုးပါးရည်စူးကာ
လက်အုပ်မိုးကာ ရှိခိုးပါ၏။ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
တရားတရား မြတ်တရား၊ ဗုဒ္ဓဟောကြားမြတ်တရား
တရားဓမ္မဟောသည်မှာ၊ သတ္တဝါများကျိုးတွက်တာ။
ဝဋ်ဆင်းရဲမှာ သတ္တဝါများ၊ လွတ်မြောက်စေတဲ့မြတ်တရား
တရားကျေးဇူးဦးညွတ်ခါ၊ ဂုဏ်တော်ခြောက်ပါးရည်စူးကာ
လက်အုပ်မိုးကာ ရှိခိုးပါ၏၊ ဓမ္မံ သရဏံ ဂစ္ဆာမိ။
သံဃာ သံဃာ မြတ်သံဃာ၊ ဘုရားသားတော်မြတ်သံဃာ
သံဃာဆိုတာ သာသနာ့ဝန်ထမ်း သိက္ခာသုံးရပ် ထမ်းဆောင်ရဟန်း
သံဃာ့ကျေးဇူး ဦးညွတ်ခါ ဂုဏ်တော်ကိုးပါးရည်စူးကာ
လက်အုပ်မိုးကာ ရှိခိုးပါ၏။ သံဃ သရဏံ ဂစ္ဆာမိ။

(၅) သရဏဂုံတို့လွှမ်းခြုံ

အချိန်တိုင်းမှာ သတိရကြ၊ ဗုဒ္ဓဓမ္မသံဃရယ်။
ကိုးကွယ်ယုံကြည် ဂုဏ်တော်များကို ရိုသေလေးမြတ် ပူဇော်မယ်။
အရေးရှိသော် အဓိဋ္ဌာန်ပြုလို့ သစ္စာစကားဆိုကြကွယ်။
ဘေးအန္တရာယ် ရန်စွယ်ကင်းလို့ ကောင်းခြင်းသုခရကြမယ်။(ရွတ်ကွယ်)

http://www.dhammadownload.com

(၆) သရဏာဂုံအကျိုး(၁၀)ပါး

သရဏာဂုံဆောက်တည်မြဲရင်
အပါယ်ငရဲကင်းလွတ်မယ်။
နတ်ဖြစ်လျှင်ပင် သာလွန်ပြီးတော့
ဂုဏ်ထူးဆယ်မျိုး ပိုလိမ့်မယ်။
ငါးဖြာအာရုံ တွေ့ကြုံထူးလို့
အာယုဝဏ္ဏ သုခကြွယ်။
တန်ခိုးအာဏာ ခြွေရံတိုးလို့
ဆယ်မျိုးဂုဏ်ကဲ သာလွန်မယ်။
ဆောက်တည်ကြ သုံးဝ သရဏာ တည်ကြပါစေကွယ်။

(၇) ဥပါသကာ

သရဏာဂုံတည်ရုံမျှဖြင့် ဥပါသကာဖြစ်နိုင်ပြီ၊
ကိုယ်ကျင့်သိက္ခာ လုံခြုံမြဲလို့ ငါးပါးသီလဆောက်တည်မည်။
မကောင်းမှုကို ရှောင်သွေလွဲလို့ ကောင်းမှုကိုလည်းကျင့်ဆောင်မည်။
ဆွမ်းတော် ပန်းတော် ရေတော်ကပ်လို့ ရတနာသုံးရပ်ပူဇော်မည်။

(၈) ကိုယ်ကျင့်သီလ

သီလဆိုတာ ကျင့်စဉ်တရားမို့ ကိုယ်နှုတ်များကိုစောင့်ရမယ်။
ကိုယ်နှုတ်စောင့်လျှင် လူယဉ်ကျေးလို့၊ ကောင်းကျိုးတွေလည်း
များလိမ့်မယ်။
စိတ်မှာလည်းလေသတိထားလို့ ဆင်ခြင်စောင့်ရှောက်နေကြကွယ်။
စိတ်လုံခြုံအောင် ဘာဝနာပွားမှ ဘုရားအလိုကျကျင့်နိုင်မယ်။
ကိုယ်နှုတ်စိတ်များ ဤသုံးပါး လုံခြားချမ်းသာမယ်။(ကျင့်ကွယ်)

http://www.dhammadownload.com

(၉) သီလစောင့်ထိန်းကျိုး

ကောင်းကံ၊ မကောင်းကံကျိုးတရားနှင့် ရတနာသုံးပါး ယုံရင်ကွယ်
မကောင်းကံပြုရန် ရှက်ကြောက်တရားနှင့် သီလကိုလည်းစောင့်ထိန်းမယ်။
သီလလုံလျှင် စိတ်ကြည်လန်းလို့၊ ဝမ်းမြောက်ကြည်နူးနှစ်သက်မယ်။
နှစ်သက်သောခါ ကိုယ်စိတ်ငြိမ်းလို့၊ အေးငြိမ်းသုခရနိုင်မယ်။
သုခရလျှင် သမာဓိရလို့၊ ဉာဏ်အထူးလည်းရလိမ့်မယ်။

(၁၀) သူတော်ကောင်းဟူသည်

သဒ္ဓါကြည်လင်စိတ်ဖြူစင် ကောင်းလျှင်သူတော်ကောင်း
ပညာရှိမူ စွမ်းဆောင်သူ တော်သည်ခေါ်ဆိုကောင်း
ကောင်းသည်လည်းကောင်း တော်သည်လည်းတော် ညီမျှသော်ကား
ကောင်းကျိုးသုခ နှစ်ဖြာရ ပြည့်ဝချမ်းသာ အမြဲသာ။

(၁၁) သူတော်ကောင်းတို့နှလုံးရည်

(သူတော်ကောင်း)၂ သူမတော်လည်း ကိုယ်ကကောင်း
(သူတော်ကောင်း)၂ သူတော်လာအောင် ကိုယ်ကကောင်း
(သူတော်ကောင်း)၂ သူမတော်လည်း ကိုယ်ကကောင်း
သူတော်ကောင်းဖြစ်ဖို့ အမြဲဆင်ခြင် စိတ်ထားမြတ်အောင်ပြင်
သတိယှဉ်လို့ ခန္တီသုံး၊ သူတော်ကောင်းရဲ့ မြတ်နှလုံး။

(၁၂) စိတ်နေစိတ်ထားနည်း

ကြုံတွေ့ဆုံလာ မျှားသတ္တာ မေတ္တာစိတ်ထားပွားရမည်။
ကိုယ်နှင့်တန်းတူ တွေ့ကြုံမူ မေတ္တာရည်တူပွားရမည်။

http://www.dhammadownload.com

မပွားနိုင်ငြား ပြိုင်စိတ်ပွား မေတ္တာအကျိုးပျက်တတ်သည်။
ပြိုင်မည့်အစား မေတ္တာပွား စိတ်ထားပြုပြင်ပြောင်းရမည်။
ကိုယ့်အောက်နိမ့်သူတွေ့ကြုံမူ ကရုဏာစိတ်ထားပွားရမည်။
မပွားနိုင်ငြား ဒေါသထား နိုင်ထက်ကလူ ပြုတတ်သည်။
နိုင်မည့်အစား ကရုဏာပွား စိတ်ထားပြုပြင်ပြောင်းရမည်။
ကိုယ့်ထက်သာသူ တွေ့ကြုံမူ မုဒိတာစိတ်ထားပွားရမည်။
မပွားနိုင်ငြား ဣဿာပွား စိတ်ထားပြုပြင်ပြောင်းရမည်။
အများသူငါ သတ္တဝါ ကံသာမူလဖြစ်ကြသည်။
ကံကောင်းလိုက ကုသလ ပြုမှတော်ကြမည်။
ရုပ်ကိုလည်းပြင်၊ စိတ်လည်းပြင်၊ ချမ်းမြေ့နိဗ္ဗုတိုင်လိမ့်မည်။

(၁၃) ရှိခိုး

ညီငယ် ညီမငယ် ချစ်စဖွယ် ဘုရားရှိခိုးအိပ်ပါကွယ်
ဘုရားရှင်မှာ ဘာတွေရှိ ဂုဏ်တော်ကိုးပါးရှိ။
ကိုးဂုဏ်ရှိဖို့ တို့ဗုဒ္ဓ ဘာတွေဖြည့်ကျင့်ရ
စွန့်ခြင်းငါးပါး၊ ကျင့်သုံးပါး ပါရမီများဖြည့်ကျင့်ပွား
လောကသားတို့ အကျိုးငှာ ဗုဒ္ဓလမ်းစဉ်အတုခိုးပါ
ဂုဏ်ရှိတာကို အတုခိုးတော့ ရှိခိုးတယ်လို့ ခေါ်တာပေါ့။

(၁၄) ယဉ်ယဉ်ကျေးကျေးဝတ်ဆင်ပါ

အလိမ္မာရှိတဲ့ညီမငယ် လုံလုံခြုံခြုံဝတ်ဆင်ကွယ်
မလုံမခြုံဝတ်ဆင်က ပြစ်မှားဘေးရန်တွေ့တတ်ကြ
ဘေးရန်မတွေ့အောင်ရှောင်ကြကွယ် အစဉ်သတိရှိရမယ်။
မြန်မာဆန်ဆန် ဝတ်ဆင်လို့ ကိုယ့်ယဉ်ကျေးမှုထိန်းသိမ်းစို့။

http://www.dhammadownload.com

(၁၅) ကျောင်းသားကောင်း

သူငယ်ချင်းတွေ ရန်မဖြစ်နဲ့၊ ချစ်ချစ်ခင်ခင်ကစားကြကွယ်
နိုင်ထက်ကလူ မပြုကြနဲ့၊ ဆိုတာ ဆဲတာ ရိုင်းပြတယ်။
ကျောင်းသားပီပီ ကူညီကြလို့ လိမ္မာယဉ်ကျေးဆက်ဆံမယ်
တို့မျှားဆရာ ဆုံးမစကားကို မြေဝယ်မကျနားထောင်မယ်
စည်းကမ်းလိုက်နာ ရိုသေကြလို့ ပညာတတ်အောင် ကြိုးစားမယ်။
(ကြိုးစားမယ်)[၂]

ဒါရကောဝါဒလင်္ကာကောက်နတ်ချက်

၁။ ဘုရားဟောကြား မြတ်တရား၊ ကြိုးစားသင်ကြပါ။
၂။ ရတနာသုံးပါး၊ မိဘများ၊ ဝတ်တွားရိုသေကြ။
၃။ မထီမဲ့မြင်၊ ဘမိခင်၊ မင်းလျှင်မပြုနဲ့။
၄။ ခေါ်လျှင်မကြာ၊ ဗျာခင်ဗျာ ထိုက်ရာထူးပါကွဲ့။
၅။ ကိုယ့်အောက်ငယ်သော်၊ 'မောင်' ထည့်ခေါ်။
ကြီးသော် 'ကို' ထည့်ခေါ်ပါကွယ်။
၆။ အိမ်သို့ပြန်သွား၊ လမ်းအကြား၊ ကစား၍ကွယ်မနေနဲ့။
၇။ အိမ်သို့ရောက်က မိနှင့်ဘ ဝပ်ချရိုသေရှိခိုးလေ။
၈။ လမ်း၌သံယာတွေ့သောခါ၊ အသာလက်အုပ်ချီလိုက်ကွယ်။
၉။ ဝပ်မချသာ၊ လမ်းသွားရာ၊ တိမ်းကာရှောင်ကွဲ့၊ လက်အုပ်ငဲ့။
၁၀။ လက်ကန်တော့ဆင်၊ စံပယ်တင်၊ ဦးလျှင် သုံးကြိမ်ချနေကွယ့်။
၁၁။ သွားဆိုကာမှ ဦးနှိမ်ချ သွားကြလေကွယ် နောက်ဆုတ်တဲ့။
၁၂။ သင့်ရာကျတည့် မျက်နှာလှည့် ကြည့်ရှုလိုရာသွားလေကွယ့်။
၁၃။ ပရမ်းပတာ သူ့ထက်ငါ လုယက်ကာကွဲ့ မစားနဲ့။

http://www.dhammadownload.com

၁၄။ ထမင်းစားရာ၊ တစာစာ၊ များစွာစကားမပြောနဲ့။
၁၅။ ငြိမ်သက်သားနား၊ သတိထား ကောင်းကောင်းစားကွဲ့ ဖိတ်စေနဲ့။
၁၆။ စားပြီးသောခါ စင်ကြယ်စွာ ဆေးကြပါကွယ့် ကောင်းကောင်းတဲ့။
၁၇။ သုံးရေသောက်ရေ မရှိချေ ရေကိုငင်ကွယ့် မတွက်နဲ့။
၁၈။ အတက်အဆင်း ဖြည်းဖြည်းနင်း ကြမ်းနင်းမပြင်းကြစေနဲ့။
၁၉။ ထိုးခေါက်ပုတ်ခတ် ရိုက်နှက်တတ် သတ်ဖြတ်ခိုက်ရန်မဖြစ်နဲ့။
၂၀။ ဆဲရေးတိုင်းထွာ ဖရုသာ ဘယ်နေရာမှာမပြောနဲ့။
၂၁။ စကားဘောက်ဆတ်၊ ပြောဆိုတတ်၊ မုန်းတတ်တယ်ကွဲ့ ရန်စကားတဲ့။
၂၂။ ချိုသာလည်ပတ်၊ ပြောဆိုတတ်၊ ရန်ပြတ်စဲတဲ့စကားကွယ့်။
၂၃။ ရေရေရာရာ ချက်ချက်ချာ၊ လိမ်မာစေကွယ့် ပါးစေကွယ့်။
၂၄။ ဝတ်စားဆင်ရာ ယဉ်ကျေးပါ မြန်မာပီသပါစေကွယ့်။
၂၅။ ကွန္ဒြေသိက္ခာ ထိန်းကျောင်းပါ၊ ရိုးရာမပျက်ပါစေနဲ့။
၂၆။ သန့်ရှင်းသပ်ရပ်၊ ဝတ်ဆင်တတ်မှ ဂုဏ်ရှိလှတင့်တယ်လှတယ်ကွဲ့ တပည့်ရဲ့။
၂၇။ မပျင်းမရိ လုံ့လရှိ စာကိုထိအောင် ဖတ်ပါကွယ့်။
၂၈။ လုံ့လရှိမှ ပညာရ မုချမှတ်ကွယ့် တပည့်ရဲ့။
၂၉။ ဆရာသံဃာ၊ မေးသောခါ၊ ရိုသေစွာကွယ့်လျှောက်ပါကွယ့်။
၃၀။ 'တင်ပါ' 'မှန်ပါ' 'ဦးတင်ပါ' 'ပါ' တစ်လုံးကိုသုံးပါကွယ့်။
၃၁။ 'ဘူး'၊ 'တယ်'ကိုဖျောက် 'ပါ' ကိုလျှောက်၊ လျှောက်တတ်စေကွယ့် တပည့်ရဲ့။

(မဟာဝိသုဒ္ဓါရုံဆရာတော်သုတ်သင်ပြင်ဆင်သည်။)

http://www.dhammadownload.com

အပါယ်မလားကြောင်းတရား

ဗုဒ္ဓမမ္မာ၊ မြတ်သံဃာ၏ ခြင်းရာထူးလည် ဂုဏ်ညွှန့်ရည်ကို၊
ယုံကြည်သဒ္ဓါ စုံညီဖြာလျက်၊ မချာနေ့ည ပွားများကြလော့၊
ထိုမှတလွဲ၊ ပဉ္စသီဟု၊ အညီသိက္ခာ၊ ကျင့်အာစာကို၊
မကွာစောင့်ရှောက်၊ ကျိုးမပေါက်အောင်၊ မပျောက်မကြား၊ ကျင့်ကြံ
သွားမူ၊ ထိုသည့်သူကို ဝိညူပသဋ္ဌ၊ ခီးမွမ်းကြရှင့်၊ လေးဝတရား၊
ပြည့်စုံငြားက မလားပါယ်ရွာ၊ ကင်းလွတ်ကွာသည်၊ သုံးဖြာသုခရ
ကြောင်းတည်း။

အပါယ်မလားကြောင်း(ကဗျာ)

ဗုဒ္ဓမမ္မ၊ သံဃဂုဏ်ရည်
နေ့ညမအား ပွားများရမည်
ဝိညူပသဋ္ဌ၊ ငါးဝပဉ္စသီ
ပြည့်စုံငြား၊ မလားပါယ်ရပ်ဆီ

ဤကျင့်စဉ် ငါးပါးသီလကို လူတိုင်း ကိုယ်ကျင့်တရား၊ စာရိတ္တ
ဗလကျင့်ဝတ်အဖြစ်နှင့် လိုက်နာကျင့်သုံးနိုင်ပါက လောကဥပဒေ၊
ရာဇဝတ်မှုနည်းပါး၍ အေးချမ်းကြပေမည်။

http://www.dhammadownload.com

နောက်ဆက်တွဲသိမှတ်ဖွယ်ရာ

သတ္တဝါတို့လားရာဂတိငါးပါး

တိရစ္ဆာနဂတိ	=	တိရစ္ဆာန်ဖြစ်ရခြင်း။
ပေတဂတိ	=	ပြိတ္တာဖြစ်ရခြင်း။
နိရယဂတိ	=	ငရဲအသူရကာယ်ဖြစ်ရခြင်း။
မနုဿဂတိ	=	လူဖြစ်ရခြင်း။
ဒေဝဂတိ	=	နတ်ပြဟ္မာဖြစ်ရခြင်း။

ဂတိနှစ်မျိုး

ဂတိဝိပွတ္တိ = ချမ်းသာသုခပါရမီပုညဟု၊ မဂ္ဂဇီဏ၊ ဖလဇီဏ၊ ဆုတ်ယုတ်ပျက်စီးသောဘဝများ၊
(တိရစ္ဆာနဂတိ၊ ပေတဂတိ၊ နိရယဂတိတို့ဖြစ်၏။)

ဂတိသမ္ပတ္တိ = ချမ်းသာသုခ၊ ပါရမီပုညဟု၊ မဂ္ဂဇီဏ၊ ဖလဇီဏတို့နှင့် ပြည့်စုံသောဘဝများ၊
(မနုဿဂတိ၊ ဒေဝဂတိတို့ဖြစ်၏။)

လူများသတိပြုရန် ဂတိငါးပါးအကျိုးအပြစ်

မနုဿဂတ- လူ့ဘဝရကြခြင်းသည်၊ ဒုလ္လဘ- ရခဲသောအဖြစ် ငါးပါးနှင့် ကြုံ၍ကောင်းမှုဖြင့်အသက်မွေးလျှင် လူဘုံ၊ နတ်ဘုံ၊ ဗြဟ္မာဘုံနှင့် နိဗ္ဗာန်တိုင်ကူးနိုင်၏။ အကယ်၍ မကောင်းမှုဖြင့်၊ အသက်မွေးလျှင် အပါယ်လေးဘုံ၌ ဆင်းရဲကြုံနိုင်၏။ သို့အတွက် ဒုစရိုက်မပြုဘဲ

http://www.dhammadownload.com

လူ့ဘုံဘဝမှ မမြောက်မှားရအောင်၊ ကျောင်းသားကျောင်းသူတို့ ကြီးသည်အထိ သတိပြုကြပါ။ လူ့ဘုံဘဝသည် ဘဝသမ္ဘတ္တိ၊ ဘောဂသမ္ဘတ္တိ စသည်ပြည့်စုံနိုင်၍ ဒါန၊ သီလ၊ ဘာဝနာကို ကြိုးစားပြုလုပ်ကြပါ။

အဓိပ္ပာယ်ကား

ဂတိသည် သတ္တဝါတို့ဖြစ်ရာ လားရာဘဝများကို ဆိုလိုသည်။

ဒါန၊ သီလ၊ ဘာဝနာသုံးပါး၏ ဥပမာ

ဒါနကား = မျိုးစေ့စပါးနှင့်တူ၏။

သီလကား = လယ်မြေနှင့်တူ၏။

ဘာဝနာကား = (ရေ)မိုးနှင့်တူ၏။

ဒါနသာရှိ၍ သီလ၊ ဘာဝနာ ကင်းသောသူသည် မျိုးစပါးသာရှိ၍ လယ်လည်းမရှိ၊ မိုးလည်းမရွာသောသူနှင့်တူ၏။

သီလသာရှိ၍ ဒါန၊ ဘာဝနာကင်းသောသူသည် လယ်ယာရှိ၍ မျိုးစပါးလည်းမရှိ၊ မိုးလည်းမရွာသောသူနှင့်တူ၏။

ဘာဝနာသာရှိ၍ ဒါန၊ သီလ၊ ကင်းသောသူသည် မိုးသာရွာ၍ မျိုးစပါးလည်းမရှိ၊ လယ်လည်းမရှိသောသူနှင့်တူ၏။

ထို့ကြောင့် သုံးပါးစုံလင်မှ သင့်မြတ်ချေသည်၊ နိဗ္ဗာန်ကိုရောက်၏။

သူတော်ကောင်းဥစ္စာ (၇) ပါး

သဒ္ဓါ = ရတနာသုံးပါး၏ ဂုဏ်ကိုယုံကြည်ခြင်း (ကံ ကံ၏အကျိုးကိုယုံကြည်ခြင်း)

သီလ = ပဉ္စသီလ၊ အဋ္ဌသီလ၊ နဝင်္ဂသီလ၊ အာဇီဝဋ္ဌမကသီလ၊ စတုပါရိသုဒ္ဓိသီလနှင့် ပြည့်စုံခြင်း။

http://www.dhammadownload.com

သုတ = အကြားအမြင်များပြားခြင်း။

စာဂ = ပေးကမ်းစွန့်ကြဲခြင်း။

ပညာ = လောကီလောကုတ္တရာအကျိုးပေးမှု၊ နားလည်တတ်သိခြင်း၊ သစ္စာလေးပါး သိမြင်ခြင်း၊

ဟိရီ = သူတော်ကောင်းတို့ကဲ့ရဲ့အပ်သည်မှ ရှောင်ကြဉ်ခြင်း၊

ဩတ္တပ္ပ = ပစ္စုပ္ပန်ဘေး၊ သံသရာဘေးကို ကြောက်လန့်၍ မကောင်းမှုမှ ရှောင်ကြဉ်ခြင်း၊

သူတော်ကောင်းတရား (၇)ပါးနှိုင်းယှဉ်ချက်

သဒ္ဓါကား မြနှင့်တူ၏။

သီလကား ပုလဲနှင့်တူ၏။

သုတကား သန္လာနှင့်တူ၏။

စာဂကား ပတ္တမြားနှင့်တူ၏။

ပညာကား စိန်နှင့်တူ၏။

ဟိရိကား ငွေနှင့်တူ၏။

ဩတ္တပ္ပကား ရွှေနှင့်တူ၏။

နဝရတ်ကိုးသွယ်နှင့်စွမ်းရည်

ပတ္တမြား	ဘုန်းတောက်
မြကျောက်	အေးချမ်း
စိန်စွမ်း	ဂုဏ်ရောင်
ကြောင်က	သိဒ္ဓိ
နီလာ	မေတ္တာကဲချုပ်

http://www.dhammadownload.com

ဂေါ်မုတ် ခွန်အား
ဥဿဖျား ကျန်းမာ
သန္တာ ကြီးကဲ
ပုလဲ ကြက်သရေ
ကိုးသွယ်နဝရတ်စွမ်းရည်တည်း။

ကျေးဇူးရှင်ခင်ပွန်းကြီးဆယ်ပါး

၁။ ဗုဒ္ဓ = သတ္တဉ္ညုဗုဒ္ဓမြတ်စွာဘုရား
၂။ ပစ္စေကဗုဒ္ဓ = သီးခြားပွင့်သော ပစ္စေကဗုဒ္ဓမြတ်စွာဘုရား
၃။ အရဟာ = ရဟန္တာ
၄။ အဂ္ဂသာဝကာ = လက်ယာရံ၊ လက်ဝဲရံ အဂ္ဂသာဝကကြီးများ
၅။ မာတာ = မိခင်
၆။ ပိတု = ဖခင်
၇။ ဂုရု = ဂုဏ်သိက္ခာရှိ၍ လေးမြတ်ရိုသေအပ်သောပုဂ္ဂိုလ် (အသက်အရွယ်၊ မျိုးရိုးပညာ၊ သီလသမာဓိကြီးဖြစ်သူ)
၈။ သတ္ထာ = မိမိအားသင်ပြဆုံးမဖူးသောဆရာသမား
၉။ ဒါယကာ = အလှူဒါန၊ သီတင်းသီလနှင့်မွေ့လျော်သူ (မိမိအား ကျေးမွေးထောက်ပံ့ကျေးဇူးပြုဖူးသူ)
၁၀။ ဓမ္မဒေသကာ = အသိဉာဏ်ရှင်းလင်းအောင် တရားဓမ္မဟော ပြောပြသူ

ဤခင်ပွန်းကြီးဆယ်ပါးတို့အပေါ် အဖန်တလဲလဲမေတ္တာ ပွားစေအပ်၏။ ခင်ပွန်းကြီးဆယ်ပါးတွင် တစ်ပါးကိုမျှ မပြစ်မှားအပ်။

http://www.dhammadownload.com

ခင်ပွန်းကြီးဆယ်ပါးပြစ်မှားကျိုး

ခင်ပွန်းကြီးဆယ်ပါးကိုပြစ်မှားမိသူသည် လူမုန်းများ၏။ သူခိုး ခိုးခံရတတ်၏။ ဘေးသင့်တတ်၏။ မီးလောင်ခံရတတ်၏။ သူတစ်ပါး မကောင်းကြံခံရတတ်၏။ အိမ်ပြန်ရောက်လျှင် မျက်နှာမလန်း စိတ်ဝမ်း မသန့်ဖြစ်တတ်၏။ အလိုလိုစိတ်တိုနေတတ်၏။ ပရိသတ်ထဲဝင်လျှင် မိမိအပြစ်ကိုပြောသူနှင့် ကြုံရတတ်၏။ စောင်းမြောင်းရှုံ့ချခြင်းခံရတတ် ၏။ မိမိကို သူတစ်ပါးတို့က ကျိုးကျိုးနွံနွံမရှိ၊ ပမာမခန့်ပြခြင်းကိုခံရ တတ်၏။ အဆိပ်မရှိသောမြွေကဲ့သို့ ဖြစ်တတ်၏။ သင်းဝင်ခြွေရုံတို့ တစ်နေ့တခြား ဆုတ်ယုတ်ပျက်ပြားတတ်၏။ အလုပ်အကိုင်အကြံအစည် အပေါက်အလမ်းမတည့်ဖြစ်တတ်၏။

ခင်ပွန်းကြီးဆယ်ပါးပူဇော်ကျိုး

ခင်ပွန်းကြီးဆယ်ပါးတို့ကို မပြစ်မှားမေတ္တာထား၍ ရိုသေ လေးစားသူကား မျက်နှာမြင် ချစ်ခင်၊ အသံကြားသနားခံရတတ်၏။ ရန်သူမျိုးငါးပါးတို့၏ အန္တရာယ်မှလွတ်ကင်းတတ်၏။ မျက်နှာကြည်လင် စိတ်ကောင်းဝင်လျက်နေရ၏။ သူတစ်ပါးတို့၏ ပူဇော်ခြင်း သက္ကာယပြု ခြင်း ခံရ၏။ မိမိကို သူတစ်ပါးတို့ကကျိုးနွံရိုသေစွာဆက်ဆံရ၏။ ခံ့ညား ရိုသေ၏။ တစ်နေ့တခြား တိုးပွားစည်ပင်၏။ အလုပ်အကိုင်အကြံအစည် ထမြောက်အောင်မြင်၏။ ဆွေလယ်မျိုးလယ်တင့်တယ်၏။ ဩဇာရှိ၏။

(မင်းဘူးဦးဩဘာသဆရာတော်၏
တေမိယဇာတ်တော်ကြီး မြန်မာပြန်လာ)

http://www.dhammadownload.com

ခင်ပွန်းကြီးဆယ်ပါးရှိခိုး

ဗုဒ္ဓေါ ပစ္စေက ဗုဒ္ဓေါစ၊ အရဟာ အဂ္ဂသာဝကာ၊
မာတာပိတု ဂုရုသတ္ထာ၊ ဓမ္မဒေသကာ စ ဒါယကာ၊
ကွမေ ဒဿ မဟာဂုဏော၊ အဟံဝန္ဒာမိ သဗ္ဗဒါ။

ဗုဒ္ဓေါစ- ဘုရားလည်းကောင်း၊ **ပစ္စေက ဗုဒ္ဓေါစ-** ပစ္စေကဗုဒ္ဓါလည်းကောင်း၊ **အရဟာစ-** ရဟန္တာလည်းကောင်း၊ **အဂ္ဂသာဝကာစ-** အဂ္ဂသာဝကလည်းကောင်း၊ **မာတာစ-** အမိလည်းကောင်း၊ **ပိတုစ-** အဘလည်းကောင်း၊ **ဂုရုစ-** အလေးအမြတ်ပြုအပ်သော ဆရာလည်းကောင်း၊ **သတ္ထာစ-** ဆုံးမပေသောဆရာလည်းကောင်း၊ **ဓမ္မဒေသကာစ-** တရားဟောပေသောသူတို့လည်းကောင်း၊ **ဒါယကာစ-** ပေးကမ်းပေသော သူတို့လည်းကောင်း၊ **ကွမေဒဿမဟာဂုဏော-** ဤတစ်ကျိပ်သော ဂုဏ်ကျေးဇူးကြီးမြတ်သော သူတို့ကို၊ **အဟံ-** အကျွန်ုပ်သည် **သဗ္ဗဒါ-** အခါမပြတ်၊ **ဝန္ဒာမိ-** ရှိခိုးပါ၏။

(ဤတစ်ကျိပ်သော ခင်ပွန်းကြီး (၁၀)ပါးတို့ကို ဘယ်ခါမှ မပြစ်မှားအပ်။)

ခင်ပွန်းကြီး (၁၀)ပါးကို ရိုသေလေးစားဆည်းကပ်သူတို့ရရှိနိုင်သော အကျိုးပြလက်စ

လူ၌ ဂုဏ်ထူး၊ ကျေးဇူးကြီးစွာ၊ ဆရာမိဘ၊ ဘုရားစသား၊ ထိုမျှမိတ်ချစ်၊ သူတော်စစ်ကို၊ မပြစ်မမှား၊ သူတို့အားကား၊ တစ်ပါး ရပ်ရွာ၊ သွားစပါလည်း၊ အစာအစား၊ မရှားပါးဘဲ၊ ရောက်သွားရာရာ၊

http://www.dhammadownload.com

ပူဇော်လာ၏။ ရာဇ စောရ၊ ဓားပြ ခိုးသူ၊ ကလူနိုင်ထက်၊ မနှိပ်စက်ရာ၊ မျက်နှာချစ်ဖွယ်၊ လ,သဖွယ်နှင့်၊ ပွဲလယ်အထူး၊ ရဲဂုဏ်မြူးလျက်၊ ကျေးဇူးသတင်း၊ ကျော်ခြင်းမိုးပျံ၊ ခြံရံမကွဲ၊ အမြဲမကွေ၊ ကျက်သရေနတ်နှယ်၊ တင့်တယ်ပွင့်လင်း၊ ဆင် မြင်း ကျွဲ နွား၊ လယ်ယာ များခြံ၊ စပါးစနှံ၊ သီးခွံမပျက်၊ တောင်တက် ချောက်ကမ်း၊ စွဲလမ်းလွတ်ကွာ၊ ကျတုံပါလည်း၊ တည်ရာရပြား၊ သားနှင့်သမီး၊ ညောင်ပင်ကြီးသို့၊ ခိုင်မြဲခြေမြစ်၊ မြဲမြံဖြစ်ဟု၊ စစ်စစ်မှန်လှ၊ ဟောဖော်ပြသား၊ ဒသ မိတ္တ၊ ပူဇနဂါထာ၊ ဤဆယ်ဖြာကို ကောင်းစွာနားလည်၊ မှတ်သားတည်လော့။

(မဃဒေဝလင်္ဂ)

ခင်ပွန်းကြီး (၁၀)ပါးကို ပြစ်မှားသော ပုဂ္ဂိုလ်တို့၏ အပြစ်ပြလင်္ကာ

အပြစ်ကင်းစွာ၊ နိပ္ပရာစ၊ ဒေါသမဲ့ငြား၊ သူမြတ်များအား၊ ပြစ်မှားတုံ့ထ၊ မိုးပေါ်လကို၊ စိတ်ကဗြူစူ၊ ပစ်သောမြူသည်၊ ပစ်သူသို့သာ၊ ကျရောက်လာသို့၊ မှန်စွာအပြီး၊ နောက်ပိုးစီးလျက်၊ မြေကြီးမျိုရှောင်း၊ မိကျောင်း၊ သစ်၊ ကျား၊ ဖမ်းစားဘီလူး၊ ရေကူးလေမှောက်၊ စိတ်နောက်သွေးအန်၊ စက်ပုံမိုးကြိုး၊ ပြစ်ရှုစ်မျိုးနှင့်၊ လွှမ်းမိုးပြင်စွာ၊ ဝေဒနာကြီးမား၊ လျော့ပါး၊ စည်းစိမ် နေအိမ်မီးလောင်၊ ကုန်အောင်ကျွမ်းသက်၊ ကျိုးပျက်အင်္ဂါ၊ နူနာ စိတ်ဖောက်၊ ကျရောက်မင်းဒဏ်၊ မမှန်စွပ်စွဲ၊ ပြိုကွဲမျိုးဆွေ၊ ခရွေ၊ ငွေ၊ ကျွဲ၊ နွား၊ ယွင်းဖောက်ပြားသား၊ ဆယ်ပါးမျက်မှောက်၊ ဒဏ်ကြီးခရောက်၍၊ နောက်၌မမြဲ၊ သေအောက်လဲသော်၊ ငရဲကြီးစွာ၊ လားတို့ရာ၏။

(မဃဒေဝလင်္ဂ)

http://www.dhammadownload.com

အနန္တငါးပါးရှိုး

၁။ ဗုဒ္ဓဂုဏော အနန္တော။
၂။ ဓမ္မဂုဏော အနန္တော။
၃။ သံဃဂုဏော အနန္တော။
၄။ မာတာပိတုဂုဏော အနန္တော။
၅။ အာစရိယဂုဏော အနန္တော။
ဣမေ ပဉ္စဂုဏော အဟံဝန္ဒာမိသဗ္ဗဒါ။

အဓိပ္ပာယ်

၁။ **ဗုဒ္ဓဂုဏော အနန္တော** - မြတ်စွာဘုရား၏ ဂုဏ်တော်ကျေးဇူးတော်သည်အဆုံး အပိုင်းအခြားမရှိ။

၂။ **ဓမ္မဂုဏော အနန္တော** - တရားတော်မြတ်၏ ဂုဏ်တော်ကျေးဇူးတော်သည်အဆုံး အပိုင်းအခြားမရှိ။

၃။ **သံဃဂုဏောအနန္တော** - သံဃာတော်မြတ်၏ ဂုဏ်တော်ကျေးဇူးတော်သည်အဆုံး အပိုင်းအခြားမရှိ။

၄။ **မာတာပိတုဂုဏောအနန္တော**- အမိ၊ အဘတို့၏ ဂုဏ်တော်ကျေးဇူးတော်သည်အဆုံး အပိုင်းအခြားမရှိ။

၅။ **အာစရိယဂုဏောအနန္တော** - ဆရာသမား၏ဂုဏ်တော်ကျေးဇူးတော်သည်အဆုံး အပိုင်းအခြားမရှိ။

http://www.dhammadownload.com

ဣမေပဉ္စဂုဏော	-	ဤငါးပါးသော၊ ဂုဏ်တော်ကျေးဇူးတော်တို့ကို၊
သဗ္ဗဒါ	-	အခါခပ်သိမ်း၊
အဟံ	-	အကျွန်ုပ်သည်၊
ဝန္ဒာမိ	-	ရှိခိုးပါ၏။

(အနန္တဆိုသည်၊ အဆုံးအပိုင်းအခြားမရှိသည်ကိုဆိုသည်။)

အနန္တငါးပါးဘုရားရှိခိုး

မြတ်စွာဘုရား

၁။ ဗုဒ္ဓဂုဏော၊ အနန္တောဟု၊ ကျော်စောထင်ရှား၊ သုံးပါးရပ်သူ၊ နတ်လူပြဟ္မာ၊ သတ္တဝါကို၊ ခေမာသာခေါင်၊ နိဗ္ဗာန်သောင်သို့၊ ရွေ့ဖောင်မဂ္ဂင်၊ သင်္ဘောယာဉ်နှင့်၊ ကယ်တင်ဆောင်ယူ၊ ပို့တော်မူသည်၊ နတ်,လူတို့ ထိပ်ပန်း၊ ရဟန်းတို့ဆရာ၊ အစိန္တေယျာဟု၊ အနန္တဂုဏ်အင်၊ ကျေးဇူးရှင်ကို၊ အဟံ၊ တပည့်တော်သည်၊ ဝန္ဒေ, ဝန္ဒာမိ၊ ရှိခိုးပါ၏၊ အရှင်ဘုရား။

တရားတော်

၂။ ဓမ္မဂုဏော၊ အနန္တောဟု၊ တည်သောကမ္ဘာ၊ သတ္တဝါ လူ,နတ်၊ အထပ်ထပ်ကို၊ လေးမြတ် ကြင်နာ၊ အဝိဇ္ဇာနှင့်၊ တဏှာသံယော၊ ကိလေတောမှ၊ ဆေးကြောသုတ်သင်၊ မြူမတင်အောင်၊ ရှောင်ကြဉ်ပေတတ်၊ တရားမြတ်ကို၊ အဟံ တပည့်တော်သည် ဝန္ဒေ, ဝန္ဒာမိ၊ ရှိခိုးပါ၏၊ ဘုရား။

http://www.dhammadownload.com

သံယာတော်

၃။ သံယဂုဏော၊ အနန္တောဟု၊ လောဘ, ဒေါသ, မောဟကင်းကွာ၊ တဏှာကာမ၊ ကိလေသနှင့်၊ ရာဂအမိုက်၊ နှစ်ခြိုက်မပျော်၊ မမွေ့လျော်ဘဲ၊ ရှင်တော်ဟောကြား မြတ်တရားကို၊ မှတ်သားကြည်ညို၊ မဂ်,ဖိုလ်,နိဗ္ဗာန် ရောက်ကြောင်းမှန်သည်၊ မြတ်မွန်ထေရ်ကျော်၊ သံယာတော်တို့၊ ဂုဏ်တော်ကြီးစွာ၊ အနန္တကို၊ အဟံ၊ တပည့်တော်သည်၊ ဝန္ဒေ, ဝန္ဒာမိ၊ ရှိခိုးပါ၏၊ အရှင်ဘုရား။

မိဘနှစ်ပါး

၄။ မာတာပိတုဂုဏော၊ အနန္တောဟု၊ အပြောကျယ်စွာ၊ သံသရာဝယ်၊ မာတာပိတာ၊ မိနှင့်ဘတို့၊ ရေကြည်ကာလ၊ တည်ဦးစက၊ ချို ချဉ် ပူစပ်၊ ရှင်းရှင်းပြတ်အောင်၊ မပြတ်ယုယ၊ မိဘတို့မှာ၊ စိုးရိမ်စွာဖြင့်၊ အစာဆိမ့်အေး၊ နို့ချိုပေး၍ ကျွေးသည့်မိခင်၊ မွေးဖရှင်ကို၊ အဟံ၊ တပည့်တော်သည်၊ ဝန္ဒေ, ဝန္ဒာမိ၊ ရှိခိုးပါ၏၊ အရှင်ဘုရား။

ဆရာသခင်

၅။ အာစရိယဂုဏော၊ အနန္တောဟု၊ မိန့်ဟောအရ ကောက်ယူပြသော်၊ နယနည်းနာ၊ အဖြာဖြာ ကို၊ လိမ္မာစေကြောင်း၊ မေတ္တာလောင်း၍၊ မကောင်းကိုကြဉ်၊ ကောင်းရာယှဉ်လျက်၊ နှုတ် မြွက်ချိုသာ၊ ဆုံးမဆိုသား၊ အဟိုများစွာ၊ သံသရာဝယ်၊ သုံးသွယ်သောကပ်၊ လေးရပ်အပါယ်၊ ရှစ်သွယ်ရပ်ပြစ်၊ ဆိုးညစ်ယုတ်မာ၊ အဖြာဖြာကို၊ ခေမာဘုမ္မိ၊ ဘေးမရှိအောင်၊ နိဗ္ဗာန်သောင် သို့၊ ရောက်အောင်ပြည်ွန်၊ သွန်သင်ပေတတ်၊ ဆရာမြတ်ကို၊ အဟံ၊ တပည့်တော်သည်၊ ဝန္ဒေ, ဝန္ဒာမိ၊ ရှိခိုးပါ၏၊ အရှင်ဘုရား။

http://www.dhammadownload.com

အနန္တငါးပါး ပူဇော်ကျိုး(ကဗျာ)

အနန္တငါးဖြာ၊ ဝန္ဒနာ၊ ပြုပါလေကွဲ့နေ့စဉ်တဲ့။
ဤသို့ပြုငြား၊ ထိုသူအား၊ တွင်း,ပရန်ကွဲ့၊ ကင်းမည်တဲ့။
တွင်း,ပ ရန်ကွာ၊ ထိုသူမှာ၊ ချမ်းသာမည်ကွဲ့၊ ဧကန်တဲ့။
ဧကန်ချမ်းသာ၊ လိုချင်ပါ၊ ငါးဖြာအနန္တ၊ ရှိခိုးကြတဲ့။
ဗုဒ္ဓမိန့်မှာ၊ မင်္ဂလာ၊ ဒေသနာနဲ့လည်း၊ ညီသကွဲ့။
အကျိုးသိမှ၊ ရှိခိုးရာ၊ စိတ်မှာလဲကွဲ့၊ ကျေနပ်သတဲ့။
စိတ်ပါ, လက်ပါ၊ ရှိခိုးပါ ကောင်းကျိုးမှာကွဲ့ တက်မည်တဲ့။

သိဂၤါလောဝါဒဆုံးမစာ

တစ်လောကလုံး၊ ညွှတ်ရုံးဦးချ၊ နှိုင်းမမျှသား၊ ဘုရားရွှေစက်၊ ရောင်ပြိုးပျက်ကို၊ ဦးထက်တင်ထား၊ ရိုညွှတ်တွား၍၊ သားနှင့်မိဘ၊ တပည့်စသည်၊ ပြုရအံ့ဝတ်၊ ချွတ်မူပါယ်ရွာ၊ လားမည့်တာကြောင့်၊ သုတ်ပါထေယျ၊ ကျမ်းဌာပြသည်၊ လောကကျင့်ရာ၊ အကျဉ်းမှာပိမ့်၊ နတ်ရွာဖို့လုံးလုံး၊ ကျင့်၍သုံး။

သားသမီးကျင့်ဝတ်ငါးပါး

ကျွေးမွေးမပျက်၊ ဆောင်ရွက်စီမံ၊ မွေခံထိုက်စေ၊ လျှူမျှဝေ၍
စောင့်လေမျိုးနွယ်၊ ဝတ်ငါးသွယ်၊ ကျင့်ဖွယ်သားတို့တာ။

http://www.dhammadownload.com

မိဘကျင့်ဝတ်ငါးပါး

မကောင်းမြစ်တာ၊ ကောင်းရာညွှန်လတ်၊
အတတ်သင်စေ၊ ပေးဝေ နှိုးရင်း၊
ထိမ်းမြားခြင်းလျှင် ဝတ်ငါးအင်၊ ဖခင်မယ်တို့တာ။

တပည့်ဝတ်ငါးပါး

ညီညာထကြွ၊ ဆုံးမနာယူ၊ လာမူကြိုဆီး၊ ထံနီးလုပ်ကျွေး၊
သင်တွေးအံ့ရွတ်၊ တပည့်ဝတ်၊ မခွတ်ငါးခုသာ။

ဆရာကျင့်ဝတ်ငါးပါး

အတတ်လည်းသင်၊ ပဲ့ပြင်ဆုံးမ၊ သိပ္ပမချန်၊ ဘေးရန်ဆီးကာ၊
သင့်ရာအပ်ပို့၊ ဆရာတို့၊ ကျင့်ဖို့ဝတ်ငါးဖြာ။

လင်ကျင့်ဝတ်ငါးပါး

မထေမဲ့ကင်း၊ အပ်နှင်းဥစ္စာ၊ မိစ္ဆာမမှား၊ ဝတ်စားဆင်ယင်
မြတ်နိုးကြင်၊ ငါးအင်လင်ကျင့်ရာ။

မယားကျင့်ဝတ်ငါးပါး

အိမ်တွင်းမှုလုပ်၊ သိမ်းထုပ်သေချာ၊
မိစ္ဆာကြဉ်ရှောင်၊ လျော်အောင်ဖြန့်ချိ
ပျင်းရိမမူ၊ ဝတ်ငါးဆူ၊ အိမ်သူကျင့်အပ်စွာ။

http://www.dhammadownload.com

မိတ်ဆွေကျင့်ဝတ်ငါးပါး

ပေးကမ်းချီးမြှင့်၊ ကိုယ်နှင့်ယှဉ်ထား၊
စီးပွားဆောင်ရွက်၊ နှုတ်မြွက်ချိုသာ၊
သစ္စာမှန်စေ၊ ဝတ်ငါးထွေ၊ ကျင့်လေမိတ်သဟာ။

သခင်ကျင့်ဝတ်ငါးပါး

ဝစွာကျွေးမွေး၊ ပြုရေးစီရင်၊ နာလျှင်ကုစေ၊ ငှဝေရသာ၊
အခါကိုလွှတ်၊ အရှင်ဝတ်၊ မချွတ်ငါးခုသာ။

ကျွန်ကျင့်ဝတ်ငါးပါး

အိပ်သော်နောက်ကျ၊ ထသော်ကားရှေး၊ ပေးမှယူအပ်၊
စေ့စပ်ဆောင်ရွက်၊ ကျေးဇူးမြွက်၊ ငါးချက်ကျွန်ကျင့်ရာ။

ဒါယကာကျင့်ဝတ်ငါးပါး

မေတ္တာစိတ်သက်၊ ဆောင်ရွက်ချစ်ကြင်၊
ခင်မင်နှုတ်ချို၊ လိုလျှင်ဖိတ်ထား၊
တတ်အားလျှူစေ၊ ဝတ်ငါးထွေ၊ ပြုလေဒါယကာ။

ရဟန်းကျင့်ဝတ်ငါးပါး

မကောင်းမြစ်တာ၊ ကောင်းရာညွှန်လစ်၊ အသစ်ဟောကြား၊ နာဖူးထပ်မံ၊
နတ်ထံတင်ရာ၊ မေတ္တာလည်းပြု၊ ရဟန်းမှု၊ ခြောက်ခုလွန်သေချာ။

http://www.dhammadownload.com

ကျမ်းသိဂီလ၊ သုတ်ဝယ်ပြ၊ သုံးဝမြတ်ဆရာ၊
ကျင့်ဝတ်မပြေ၊ ပါယ်လေးထွေ၊ လားလေရှည်မြင့်စွာ၊
ဤသည်ဝတ်ကုန်၊ ဆွေမျိုးစုံ၊ ခြောက်ဘုံနတ်ထက်ရွှာ။
လှည်းဘီးပြင်ထ၊ နားစောင့်ချသို့၊ မိဘနှင့်သား၊ မယားနှင့်လင်၊
အရှင်နှင့်ကျွန်၊ ထေရ်မွန်ဒကာ၊ မိတ်သဟာနှင့်၊ ဆရာတပည့်၊
တည့်တည့်မချွတ်၊ ကျင့်ဝတ်စုံလင်၊ ဖြူသန့်စင်မူ၊ ရှင်လည်းမကွေ၊
သေလည်းမကွာ၊ နတ်ရွာလှူပြည်၊ လှည့်လည်အတူ၊ စံစားမူ၍၊
နိဗ္ဗာန်ရွေပြည်၊ ဝင်အံ့သည်တည့်၊ မတည်ကျင့်ဝတ်၊ ချွတ်သူတို့မှာ၊
မလွတ်သာသည်၊ လေးရွာဖို့လုံးလုံး၊ လူဖြစ်ရှုံး။

သီဂီလောဝါဒဆုံးမစာပြီး၏။

ဥစ္စာပျက်ကြောင်း ခြောက်ပါး

သေစာသောက်စား၊ လမ်းသွားခါမဲ့၊
ရှူငဲ့သဘင်၊ ပျော်ရွှင်အန်လောင်း၊
မကောင်းမိတ်ဖျင်း၊ ပျင်းရိခြင်းကား၊
ယိုယွင်းဥစ္စာ၊ ပျက်ကြောင်းတည်း။

သေရက်သောက်ခြင်း အပြစ်ခြောက်ပါး

ဥစ္စာယုတ်ခြင်း၊ ငြင်းခုံများစွာ၊ ရောဂါထူပြော၊ ကျော်ဇောမဲ့တုံ၊
မလုံအဂီ၊ ပညာနည်းပါး၊ ဤခြောက်ပါးကား၊
သောက်စားသေစာ အပြစ်တည်း။

http://www.dhammadownload.com

အခါမဲ့သွားလာခြင်း အပြစ်ခြောက်ပါး

ကိုယ့်သားမယား၊ တခြားဥစ္စာ၊ လုံရာမဲ့ရှောင်း၊ မကောင်းအရာ၊
ရွံရှာလေအပ်၊ ယိုးစွပ်ရောက်မှု၊ ဆင်းရဲစု၊
ခြောက်ခုခါမဲ့သွားပြစ်တည်း။

သဘင်ပွဲလမ်း အပြစ်ခြောက်ပါး

ကခြင်းတစ်လီ၊ သီခြင်းတစ်သီး၊ မှုတ်တီးတစ်သင်း၊ ပြိန်းဖျင်းတစ်အုပ်၊
လက်ခုပ်တစ်တည်၊ အိုးစည်တစ်ဖြာ၊ ရှိရရှာ၍၊ ဥစ္စာပျက်မှု၊
ဤခြောက်ခုကား၊ ကြည့်ရှုသဘင် အပြစ်တည်း။

လောင်းကစားသူအပြစ်ခြောက်ပါး

အောင်သူရန်ပွား၊ ရှုံးသားစိုးရိမ်၊ စည်းစိမ်လျော့ပါး၊ တရားသဘင်၊
မဝင်သက်သေ၊ မိတ်ဆွေနှိမ့်ဆို၊ မလိုထိမ်းမြား၊ ဤခြောက်ပါးကား၊
ပျော်ပါးကြွေအန် အပြစ်တည်း။

မိတ်ဆွေပျက်ခြောက်ပါး

ကြွေအန်ကျူးထ၊ မိန်းမကြူးထွေ၊ သေစာကြူးမှု၊ အတုပြုငြား၊
လှည့်စားတထောက်၊ မျက်မှောက်လှည့်ချက်၊ နိုင်ထက်လုယူ၊ ဤသူ
ခြောက်ပါး၊ မိတ်ဖြစ်လားကြောင့်၊ ပျက်ပြားမိတ်ဆွေအပြစ်တည်း။

http://www.dhammadownload.com

ပျင်းရိခြင်းအပြစ်ခြောက်ပါး

အချမ်းပြင်းဝှန်၊ အလွန်ပူနှိုး၊ မိုးချုပ်မောလှ၊ စောလှလွန်းရောင်၊
ဆာလောင်ပြင်းပြ၊ ဝမ်းဝလွန်းထွေ၊ နေကပညာ၊ မပွားရာတည့်၊
ခြောက်ဖြာပျင်းသူ အပြစ်တည်း။

အကြီးအကဲကျင့်ဝတ်ခြောက်ပါး

ထကြွ၊ နိုးကြား၊ သနား၊ သည်းခံ၊ ဝေဖန်၊ ကြည့်ရှု၊
ဤခြောက်ခုကား၊ ကြီးသူကျင့်ရာတရားတည်း။

ကိုယ်ကျိုးသာငဲ့သော အဆွေခင်ပွန်းတုလေးယောက်

လက်ချည်းလာ၍၊ ဥစ္စာဆောင်သယ်၊
နည်းငယ်ဖြင့်သား၊ များစွာလိုရှိ၊
ဘေးထိရောက်ခါ၊ ပြုလာတုံဘိ၊ မိမိကျိုးငှာ၊ မှီလာပေါင်းယှဉ်။
လေးယောက်စဉ်ကား၊ အညဒတ္ထုဟရတည်း။

နှုတ်ဖြင့်သာ ဟန်ဆောင်သော အဆွေခင်ပွန်းတုလေးယောက်

ရှေ့ပြစ်စေ့စပ်၊ တစ်ထပ်နောက်မှီး၊ ချည်ဆီးသင်္ကြံဟ်၊ ပေးလိုစဟန်
ပစ္စုပ္ပန်မူ၊ ပြည့်ဆန်ပျက်ပြား၊ ဤလေးပါးကား၊
မှတ်သားဝစီပရမတည်း။

http://www.dhammadownload.com

ချစ်ဖွယ်ကိုသာ ဆိုတတ်သော အဆွေခင်ပွန်းတုလေးယောက်

မကောင်းခွင့်ပြု၊ ကောင်းမှုကိုလျှင်၊ ဆင်ခြင်မရှု၊ ခွင့်ပြုသည်ပင်၊
ရှေ့တွင်ချီးမွမ်း၊ ဖုံးလွှမ်းကွယ်လျှင်၊ ကဲ့ရဲ့ချင်သည်၊
လေးအင်ပိယဘာဏီတည်း။

အလောင်းအလျာတို့ အလိုခြောက်ပါး

လောဘ၊ ဒေါသ၊ မောဟကင်းလို၊ တောခိုတစ်ဖြာ၊ ဆိတ်ရာငြိမ်သက်၊
ဝဋ်မှထွက်၊ ခြောက်ချက်လောင်းလျာလိုတော်တည်း။

မပြတ်ဆင်ခြင်ရာသော တရားငါးပါး

အိုခြင်းတစ်ဖြာ၊ နာခြင်းတစ်ထွေ၊ သေခြင်းတခြား၊ ကွဲပြားတစ်တန်၊
ကံလျှင်ဥစ္စာ၊ ဤငါးဖြာကို မကွာနေ့ည၊
ဉာဏ်သက်ဝင်၍ ဆင်ခြင်ကြ။

အကျိုးဆောင်သော တရားတစ်ပါး

သေခြင်းတစ်ပါး၊ ဤတရားကား၊ စီးပွားများမြောင်၊
အကျိုးဆောင်သည်၊ အိုအောင်အောက်မေ့ စီးဖြန်းကြ။

http://www.dhammadownload.com

ဂီဟိဝိနယ ဆုံးမစာ

မိတ်တုလေးမျိုး

လောကၠ မိတ်ဆွေစစ်၊ မိတ်ဆွေတု ဟူ၍ နှစ်မျိုးရှိပါသည်။ မိတ်တုသည်ကား . . .

၁။ အခါခပ်သိမ်း မိမိထံမှ ပစ္စည်းဥစ္စာကိုသာလျှင် လာရောက်ဆောင်ယူလေ့ရှိတတ်သော အညဒတ္ထုဟရမည်သော မိတ်တုတစ်မျိုး။

၂။ နှုတ်ဖြင့်သာ အကျိုးစီးပွားလိုလားယောင်ပြု၍ တစ်စုံတစ်ခုပေးမည်ကဲ့သို့ ဝိုင်းဝန်းကူညီမည်ကဲ့သို့ ပြောဆိုပြီးလျှင် တစ်စုံတစ်ရာလက်မပါသော ဝစီပမရမည်သော မိတ်တုတစ်မျိုး။

၃။ ရှေ့တွင်သာ ချစ်ဟန်ဆောင်ကာ ချစ်ဖွယ်စကားဆိုလျက် ကွယ်ရာ၌ ရန်သူသဖွယ် မကောင်းပြောဆိုပြုလုပ်တတ်သော အနုပိယသာဏီမည်သောမိတ်တုတစ်မျိုး။

၄။ ဥစ္စာစီးပွား ဆုတ်ယုတ်ပျက်ပြားကြောင်း မကောင်းမှုမျိုး၌သာ အပေါင်းအဖော် ပြုလုပ်တတ်သော အပါယသဟာယမည်သော မိတ်တုတစ်မျိုးဟူ၍ မိတ်တုလေးမျိုးရှိပါသည်။

မိတ်ဆွေစစ်၊ မိတ်ဆွေကောင်းလေးမျိုး

၁။ စိတ်နှလုံးကောင်းစွာနှင့် ကျေးဇူးအထူးကိုသာ ပြုတတ်သော ဥပကာရမည်သော မိတ်စစ်မိတ်ကောင်းတစ်မျိုး။

၂။ စိတ်နှလုံးကောင်းစွာနှင့် ချမ်းသာဆင်းရဲကို အတူအမျှ ခံစားတတ်သော သမာနဒုက္ခမည်သော မိတ်စစ်မိတ်ကောင်းတစ်မျိုး။

http://www.dhammadownload.com

၃။ စိတ်နှလုံးကောင်းစွာနှင့် အကျိုးစီးပွားရှိသူကိုသာ ပြောဆိုညွှန်ပြ တတ်သော အတွက္ကာယိမည်သော မိတ်စစ်မိတ်ကောင်းတစ်မျိုး။

၄။ စိတ်နှလုံးကောင်းစွာနှင့် အကျိုးစီးပွားကို မျှော်ဆပြီးလျှင် အစဉ် စောင့်ရှောက်တတ်သော အနုကမ္မမည်သော မိတ်စစ်မိတ်ကောင်း တစ်မျိုးဟူ၍ မိတ်စစ်လေးမျိုးရှိပါသည်။

မိတ်တုကိုရှောင်ခွာ၍ မိတ်စစ်ကို ဖွေရှာပေါင်းဖော်ရပါမည်။

ပေါင်းဖော်ရမည့်ပုဂ္ဂိုလ်

အကြင်သူကို ပေါင်းဖော်မှီဝဲသော် မိမိမှာ လောကီလောကုတ္တရာ အသိဉာဏ်ပညာ စီးပွားချမ်းသာတိုးတက်ရာ၏။ ထိုပုဂ္ဂိုလ်မျိုးကို အသက်ထက်ဆုံးပေါင်းဖော်မှီဝဲဆည်းကပ်သင့်ပါသည်။

ပေါင်းထိုက်၊ မပေါင်းထိုက်ပုဂ္ဂိုလ်

၁။ အသိအလိမ္မာ၊ ဉာဏ်ပညာနှင့်၊ သီလသမာဓိ မိမိလောက်မျှ မရှိသူ ကို ပေါင်းသင်းဆက်ဆံသူများသည် မိမိမှာရှိပြီး အသိ၊ အလိမ္မာ၊ သီလ၊ သမာဓိများ ယုတ်လျော့သွားတတ်ပါသည်။

၂။ သီလ၊ သမာဓိ၊ ပညာ၊ အသိ၊ အလိမ္မာအားဖြင့် မိမိနှင့်တန်းတူ နေသူကို ပေါင်းသင်းဆက်ဆံသူသည် မဆုတ်ယုတ်နိုင်။

၃။ သီလ၊ သမာဓိ၊ ပညာ၊ အသိအလိမ္မာ အရာရာတွင် မိမိထက် သာသူကို ပေါင်းသင်းဆက်ဆံရသူကား အလျင်အမြန် တိုးတက် ကြီးပွားနိုင်ပါသည်။

http://www.dhammadownload.com

အလေးအမြတ်ပြုရာ အရပ်ခြောက်မျက်နှာ

၁။ အမိအဖတို့သည် ရှေးဦးစွာ ကျေးဇူးပြုတတ်သောကြောင့် အရှေ့အရပ်မည်ကုန်၏။

၂။ ဆရာသမားတို့သည် တပည့်တို့၏ မြတ်သောအလျှကို ခံယူထိုက်သောကြောင့် တောင်အရပ်မည်၏။

၃။ သားမယားတို့သည် နောက်မှလိုက်တတ်သောကြောင့် အနောက်အရပ်မည်ကုန်၏။

၄။ မိတ်ဆွေကောင်းတို့သည် ထိုထိုဘေးဒုက္ခတို့မှ လွတ်မြောက်စေတတ်သောကြောင့် မြောက်အရပ်မည်၏။

၅။ ကျေးကျွန်တို့သည် မိမိအောက်၌ တည်သောကြောင့် အောက်အရပ်မည်၏။

၆။ ရဟန်းသူမြတ်တို့သည် ဂုဏ်အားဖြင့် မိမိအထက်၌ တည်သောကြောင့် အထက်အရပ်မည်၏။

ကျေးဇူးဆောင်ရွက်သောအဆွေခင်ပွန်းစစ်လေးယောက်

မေ့လျော့စောင့်လာ၊ ဥစ္စာစောင့်ရှောက်၊ ဘေးရောက်ကိုးကွယ်၊
ပြုဖွယ်ရှိက၊ နှစ်ဆဥစ္စာ၊ ချေးပေးလာသည်၊
လေးဖြာဥပကာရတည်း။

ဆင်းရဲမကွာ ချမ်းသာမပစ်သော အဆွေခင်ပွန်းလေးယောက်

လျှို့ဝှက်စကား ကြားစေတုံလျက် သူလျှို့ဝှက်၍ ဘေးတွေ့မစွန့်
မတွန့်တိုပါ၊ သူ့ကိုညာလျက် ကိုယ့်သက်စွန့်မြောက်
ဤလေးယောက်ကား မျှလောက်ချမ်းသာ ဆင်းရဲတည်း။

http://www.dhammadownload.com

အကျိုးစီးပွားကိုပြောကြားတတ်သော အဆွေခင်ပွန်းစစ်လေးယောက်

မကောင်းမြစ်တာ၊ ကောင်းရာသွင်းထား၊
မကြားစတောင်း၊ အကြောင်းကြားလာ၊
နတ်ရွာလမ်းပြ၊ ဤလေးဝကား၊ မည်ရအတွက်ဘာယီတည်း။

အစဉ်သနားတတ်သော အဆွေခင်ပွန်းစစ်လေးယောက်

ဥစ္စာခမ်းနား၊ စပွားသမြို့၊ မနှစ်လို့ငြား၊ ပွားကရွှင်မြူး၊
ကျေးဇူးမဲ့ကို၊ ဆိုသော်တားမြစ်၊ ကျေးဇူးဖြစ်ကို၊ ဆိုသော်ခီးမွမ်း၊
သူတို့တမ်းကား၊ မိတ်ကျွမ်းအနုကမ္မတည်း။

အလေးအမြတ်ပြုအပ်သော အရပ်ခြောက်မျက်နှာ

အရှေ့မိဘ၊ တောင်မှဆရာ၊ နောက်မှာမယား၊
မြောက်ကားမိတ်ဆွေ၊ အောက်ခြေကျွန်များ၊
အထက်ဖျားကား၊ ပုဏ္ဏားရဟန်းခြောက်ရပ်တည်း။

ပျက်စီးလွယ်သောလူလေးယောက်

သောက်တုတ်သေရက်၊ ညဉ့်နက်လမ်းသွား၊
ရှုစားသဘင်၊ ပျော်ရွှင်အန်စာ၊
လေးရပ်မှာပင်၊ တကွထင်သည်၊ လေးအင်ပါယသဟဲတည်း။

http://www.dhammadownload.com

လောကဓံတရားရှစ်ပါး

၁။ လာဘော = ဥစ္စာပေါများ၍ တက်ကြွတုန်လှုပ်ခြင်း၊
၂။ အလာဘော = ဥစ္စာနည်းပါး၍ ညှိုးငယ်တုန်လှုပ်ခြင်း၊
၃။ ယသော = အခြံအရံများ၍ တက်ကြွတုန်လှုပ်ခြင်း၊
၄။ အယသော = အခြံအရံနည်းပါး၍ ညှိုးငယ်တုန်လှုပ်ခြင်း၊
၅။ နိန္ဒံ = ကဲ့ရဲ့ခံရ၍ ညှိုးငယ်တုန်လှုပ်ခြင်း၊
၆။ ပသံသံ = ချီးမွမ်းခံရ၍ တက်ကြွတုန်လှုပ်ခြင်း၊
၇။ သုခံ = ချမ်းသာခြင်းကိုစွဲ၍ တက်ကြွတုန်လှုပ်ခြင်း၊
၈။ ဒုက္ခံ = ဆင်းရဲခြင်းကိုစွဲ၍ ညှိုးငယ်တုန်လှုပ်ခြင်း၊

ဗြဟ္မစိုရ်တရားလေးပါး

၁။ မေတ္တာ = ချစ်ခင်ခြင်း၊
၂။ ကရုဏာ = သနားကြင်နာခြင်း၊
၃။ မုဒိတာ = ဝမ်းမြောက်ခြင်း၊
၄။ ဥပေက္ခာ = ကံတရားအတိုင်း(လျစ်လျူရှုခြင်း)

ဤကမ္ဘာကြီးသာယာရေးအတွက် ဗြဟ္မစိုရ်တရားလေးပါးက စွမ်းဆောင်နိုင်သည်။

လောကပါလတရားနှစ်ပါး

ဟိရီ၊ ဩတ္တပ္ပ(အရှက်နှင့်အကြောက်) တရားနှစ်ပါးစောင့်ထိန်းတည်ရှိပါက ကမ္ဘာသူ ကမ္ဘာသား လူအများ ကိုယ်၊ နှုတ်၊ စိတ်၊ ယဉ်ကျေးလိမ္မာ၍ လူ့လောက သာယာစေ၏။ ထိုအရှက်နှင့် အကြောက်တရား

http://www.dhammadownload.com

နှစ်ပါး မစောင့်ထိန်း ပျက်ပြားလေသော် လူတို့ ကိုယ်၊ နှုတ်၊ စိတ် အမူအရာများ ရိုင်းပြရှုန့်ရင်းတတ်၏။ ထို့ကြောင့် ယဉ်ကျေးသော လူလောကဖြစ်စေရန် ဟိရီ၊ ဩတ္တပ္ပတရားနှစ်ပါးကို စောင့်ထိန်းကြရန် လိုအပ်လှ၏။ လောကကြီးမပျက်စီးအောင် စောင့်ရှောက်တတ်၍ ဤတရားနှစ်ပါးကို လောကပါလ ကမ္ဘာစောင့်တရားဟု ခေါ်ပါသည်။

၁။ ဝက်သည် မစင်ကို မရွံသကဲ့သို့ အရှက်တရားမရှိသူသည် ဒုစရိုက်အမှုကိုပြုရန် ဝန်မလေး။

၂။ ပိုးဖလံသည် မီးကိုတိုးရန် မကြောက်သကဲ့သို့ ဩတ္တပ္ပတရား မရှိသူသည် ဒုစရိုက်အမှုကိုပြုရန် ဝန်မလေးချေ။

အပါယသုခ စည်းစိမ်ဥစ္စာပျက်စီးကြောင်းတရားခြောက်ပါး

၁။ ယစ်မူးမေ့လျော့ခြင်း၏ အကြောင်းဖြစ်သော သေရည်အရက် ကိုသောက်စားခြင်း၊

၂။ ညဉ့်နက်မိုးချုပ် အချိန်မတော် လှည့်ပတ်သွားလာခြင်း၊

၃။ ပွဲလမ်းသဘင်ပျော်ရွှင်မှုများလိုက်စားခြင်း၊

၄။ လောင်းကစားမှုမျိုးစုံကို လေ့လာလိုက်စားခြင်း၊

၅။ မကောင်းယုတ်မာသူတို့နှင့် အဆွေခင်ပွန်းဖွဲ့၍ ဆက်ဆံပေါင်း သင်းခြင်း၊

၆။ ပျင်းရိမေ့လျော့ ပေါ့ပေါ့တန်တန်နေထိုင်ခြင်း၊

http://www.dhammadownload.com

ပျင်းရိခြင်းအပြစ်

၁။ အလွန်ချမ်းအေးလှသေးသည်ဟူ၍ ပျင်းရိလေးဖင့်ခြင်း၊
၂။ အလွန်ပူအိုက်လှသေးသည်ဟူ၍ ပျင်းရိလေးဖင့်ခြင်း၊
၃။ အလွန်မိုးချုပ်လှပြီဟူ၍ ပျင်းရိလေးဖင့်ခြင်း၊
၄။ အလွန်စောလှသေးသည်ဟူ၍ ပျင်းရိလေးဖင့်ခြင်း၊
၅။ အလွန်ဆာလောင်မွတ်သိပ်လှသေးသည်ဟူ၍ ပျင်းရိလေးဖင့်ခြင်း၊
၆။ အစာစားပြီးစ အလွန်ဝမ်းလေးလှသည်ဟူ၍ ပျင်းရိလေးဖင့်ခြင်း၊

အဂတိတရားလေးပါး(ဌာနလေးပါး)

၁။ **ဆန္ဒာဂတိ** = ချစ်ခင်သဖြင့် မလိုက်သင့်သည့်ဘက်သို့လိုက်၊ မပြုသင့်သည်ကိုပြုခြင်း၊
၂။ **ဒေါသဂတိ** = အမျက်ထွက် စိတ်ဆိုးသဖြင့် မလိုက်သင့်သည့် ဘက်လိုက်၊ မပြုသင့်သည်ကိုပြုခြင်း၊
၃။ **မောဟဂတိ** = ဆင်ခြင်တုံဉာဏ်မရှိဘဲ မိုက်မဲတွေဝေသဖြင့် မလိုက်သင့်သည့်ဘက်လိုက်၊ မပြုသင့်သည်ကိုပြုခြင်း၊
၄။ **ဘယာဂတိ** = ကြောက်ရွံ့သဖြင့် မလိုက်သင့်သည့်ဘက်လိုက်၊ မပြုသင့်သည်ကို ပြုခြင်း၊

အဂတိတရားလေးပါးလိုက်စားခြင်းအပြစ်နှင့်ရှောင်ကြဉ်ခြင်းအကျိုး

၁။ အဂတိတရားလေးပါးကို လိုက်စားပြုကျင့်သောသူသည် လဆုတ်အခါ၌ လဆုတ်လမင်း၏ အရောင်အဝါသည် တစ်နေ့တခြား လျော့ပါးဆုတ်ယုတ်သကဲ့သို့ စည်းစိမ်ဥစ္စာနှင့်တကွ ကျေးဇူးသတင်း

http://www.dhammadownload.com

ကျော်စောခြင်းတို့သည် တစ်နေ့တခြား လျော့ပါးဆုတ်ယုတ်တတ်လေသည်။

၂။ အဂတိတရားလေးပါးကို မလိုက်စားမပြုကျင့်သောသူသည် လဆန်းအခါ၌ လမင်း၏အရောင်အဝါသည် တစ်နေ့တခြား ထွန်းလင်းတောက်ပသကဲ့သို့ ကျက်သရေဂုဏ်သိန် စည်းစိမ်ဥစ္စာတို့သည် တစ်နေ့တခြား ကျော်ကြား၍ တိုးတက်ပေါ်လွင်ထင်ရှားတတ်လေသည်။

နာယကဂုဏ်(ကြီးသူကျင့်ဝတ်)ခြောက်ပါး

၁။ ထက္ခြလုံ့လရှိခြင်း = ဥဋ္ဌာနဂုဏ်
၂။ နိုးကြားခြင်း = ဇာဂရိယဂုဏ်
၃။ သနားခြင်း = ဒယာဂုဏ်
၄။ သည်းခံခြင်း = ခမာဂုဏ်
၅။ ဝေဖန်ခံစားတတ်ခြင်း = သံဝိဘာဂဂုဏ်
၆။ အမြော်အမြင်ကြီးခြင်း = ဣက္ခဏာဂုဏ်

(ထက္ခြ၊ နိုးကြား၊ သနား၊ သည်းခံ၊ ဝေဖန်၊ ထောက်ရှု၊ ဤခြောက်ခုကား ကြီးသူကျင့်ရာ တရားတည်း။)

အနာယက (နာယကမတင်ထိုက်သူ) ခြောက်ဦး

၁။ ဂဏန်းကဲ့သို့ အမြဲလက်မထောင်လေ့ရှိသူ၊
၂။ ပုတ်သင်ကဲ့သို့ သူတစ်ပါးပြောသမျှ ခေါင်းညိတ်တတ်သူ၊
၃။ လေလာရာယိမ်းတတ်သော ကိုင်းပင်ကဲ့သို့ ဟိုဘက်သည်ဘက် ယိမ်းပါတတ်သူ၊

http://www.dhammadownload.com

၄။ နွားသိုးကဲ့သို့ ရှုးရှုးရှားရှားပြုမူ စိတ်တိုစိတ်ဆိုးတတ်သူ၊
၅။ လိပ်သတ္တဝါကဲ့သို့ ကိုယ့်ဘက်ကိုယ်ယက်တတ်သူ၊
၆။ ခွေးအကဲ့သို့ စားပိုးနှင့်အောင်စားပြီး ဇိမ်ခံတတ်သူ၊
(အုပ်စုဖွဲ့ရန်လိုတတ်သူ)

ဆောင်ပုဒ် *(ဂဏန်း၊ ပုတ်သင်၊ ကိုင်းပင်၊ နွားသိုး၊ လိပ်မျိုး၊ ခွေးအ၊ ဤခြောက်ဝ၊ မှတ်ကြ၊ အနာယက)*

သားသမီးသုံးမျိုး

၁။ အတိဇာတ သား/သမီး = မိဘထက် သီလသမာဓိပညာအကျင့် သာလွန်သူ၊
၂။ အနုဇာတ သား/သမီး = မိဘနှင့်သီလသမာဓိပညာအကျင့် တူညီသူ၊
၃။ အဝဇာတ သား/သမီး = မိဘအောင် သီလသမာဓိပညာအကျင့် ညံ့ဖျင်းသူ၊

(ပုတ္တဒါရသင်္ဂဟမင်္ဂလာ၌ ပုတ္တအရ သားနှင့်သမီးနှစ်မျိုးလုံးကို ယူရသည်။)

ဒါနသုံးမျိုး

၁။ ကဏ္ဌဒါန = ကြွေးသစ်ချခြင်း (သားသမီးကိုကျွေးမွေးခြင်း)
၂။ မောက္ခဒါန = ကြွေးဟောင်းဆပ်ခြင်း (မိဘကိုလုပ်ကျွေးပြုစုခြင်း)
၃။ နိမိဒါန = ရွှေအိုးမြှုပ်ခြင်း(ကုသိုလ်ကောင်းမှုပြုခြင်း)

http://www.dhammadownload.com

စာသင်သားဆုံးမစာ

သုဏောယျ = နာကြားရာ၏
စိန္တေယျ = ကြံစည်ရာ၏
ပုစ္ဆေယျ = မေးမြန်းရာ၏
ဘာသေယျ = ပြောဆိုရာ၏
ဝိစာရေယျ = စူးစမ်းဆင်ခြင်ရာ၏
လိခေယျ = ရေးသားရာ၏
သိက္ခေယျ = လေ့ကျင့်ရာ၏
မာရေယျ = နှုတ်တက်ဆောင်ရာ၏

သုစိပုဘာ၊ ဝိလိသိမာ အက္ခရာစွဲသုံး
ဤရှစ်လုံးကို၊ သီကုံးပန်းသွင်၊ နေ့တိုင်းဆင်လော့။
စာသင်ပျိုနု၊ အခြေပြုတို့၊ ဥဇုဘူတ၊
လုံ့လပြင်းစွာ၊ သူထက်ငါဟု၊ နှုတ်မှရွှန်း
ကြိုးပမ်းကလျှင်၊ သိပ္ပကျေးဇူး၊ အထူးသိမြင်၊
ပညာရှင်ဟု၊ မထင်မပေါ် မကျော်စောဘဲ၊
တီမှာလွဲအံ့၊ အရဲကြိုးကုတ်၊ ကြက်ရဲသုတ်သို့၊
အားထုတ်ခုံမင်၊ မသင်မအံ့၊ မကြံမမေး၊
ဆွေးနွေးရောနှော၊ ဟောပြောမဲ့ထွေ၊ ပေချပ်ရေဖြင့်၊
ကုန်စေဆန်းသာ၊ သင်ချေပါလည်း၊ ဘယ်မှာဝုဏ်ရှင်၊
ကျော်စောထင်ချိမ့်၊ စာသင်ဟူက၊ ကျမ်းထိုမျှကို၊
တွေ့ကမရှောင်၊ ကြောင်ပုစွန်စား၊ ကြွပ်ကြွပ်ဝါးသို့၊
လွှသွားပမာ၊ ကျောက်ထက်စာကို၊ လိုရာရအောင်၊

http://www.dhammadownload.com

ကြံဆောင်လေ့ကျက်၊ အနက်အဓိပ္ပာယ်၊ နှုတ်ဝယ်ရွရွ၊
ထားချေမှတည့်၊ တစ်စပေါ်လျှင်၊ ချည့်စင်သို့၊
သဘင်ပွဲမှောက်၊ ဆိုရေးရောက်က၊ လန့်ကြောက်မရှိ၊
သတိမြဲခိုင်၊ ကျောက်တိုင်ပမာ၊ ကေသရာသို့၊ ရွှံရှာမဲ့လျက်
ဆိုခင်းနည်းနာ၊ အဖြာဖြာကို မကြာနှုတ်လျှောက်၊
ခန့်ချင်ထောက်လော။

ပြည်ဆရာတော် ရှင်မဟာရဋ္ဌသာရ
(မြန်မာ ၈၀၃-၈၉၂)

နောင်တပူပန်ဖွယ်ဆယ်ခု အလိမ္မာတို့သတိပြု

၁။ အသက်အရွယ် ကြီးလာသောအခါ ရသင့်ရထိုက်သော ပစ္စည်း ဥစ္စာကို ရှာဖွေစုဆောင်းရရှိခြင်း မရှိပါက စိုးရိမ်ပူပန်ရတတ်၏။ ငါသည် ငယ်ရွယ်စဉ်အခါတုန်းက ပစ္စည်းဥစ္စာကို ရှာဖွေစုဆောင်းခြင်း မပြုမိခဲ့လေဟု နောင်တတစ်ဖန် ပူပန်ရတတ်သည်။

ဆောင်ပုဒ်။ ။ ငယ်ရွယ်စဉ်က၊ ဥစ္စာခန၊ မရှာမစု၊ ပေါ့လျော့ပြုက၊ နောင်ခါကျ၊ နောင်တပူပန်ရတတ်သည်။

၂။ ငါသည်ရှေးငယ်ရွယ်စဉ်က အတတ်ပညာသင်ကြားပေးနိုင်စွမ်းသော ဆရာကောင်းတို့ ထင်ရှားရှိပါလျက် ချဉ်းကပ်၍ အတတ်ပညာကို သင်ကြားဆည်းပူးခြင်း မပြုခဲ့မိလေ။ အတတ်ပညာမဲ့သူငါ့အား အသက်မွေးဝမ်းကြောင်းသည် ငြိုငြင်ဆင်းရဲလှပေ၏။ တကားဟု နောင်တတစ်ဖန် ပူပန်ရတတ်သည်။

ဆောင်ပုဒ်။ ။ ငယ်ရွယ်စဉ်က၊ ပေါ့လျော့ပျင်းကာ၊ ပညာမရှာ၊ ကြီးသည့်အခါ၊ နောင်တပူပန်ရတတ်သည်။

http://www.dhammadownload.com

၃။ ငါသည် ရှေးအခါက သူတစ်ပါးတို့ အပေါ်၌ ကောက်ကျစ်စဉ်းလဲမှုကို ပြုခဲ့မိသည်။ သူတစ်ပါးတို့ ညှဉ်ထွတ်သည်ကို ကွဲပြားအောင် ကုန်းတိုက်စကားပြောဆိုခဲ့မိသည်။ ခက်ထန်မိ၏။ ကြမ်းကြုတ်မိ၏ဟု သေခါနီးကာလရောက်သောအခါ နောင်တတစ်ဖန် ပူပန်ရတတ်သည်။

ဆောင်ပုဒ်။ ။ နှစ်ဦးနှစ်ဖက်၊ ချစ်ခင်လျက်ကို၊ ကွဲပျက်စေအောင်၊ ကြံဆောင်ယုတ်မာ၊ ပြုမိပါက နောင်ကာလ၊ နောင်တတစ်ဖန် ပူပန်ရတတ်သည်။

၄။ ငါသည် ရှေးအခါက သူ့အသက်ကို သတ်ဖြတ်ခဲ့မိ၏။ ကြမ်းကြုတ်ခဲ့၏။ သူတော်မဟုတ် သူယုတ်ဖြစ်ခဲ့၏။ သတ္တဝါတို့ကိုသနားကြင်နာခြင်းကို မပြုမိလေဟု နောင်တတစ်ဖန် ပူပန်ရတတ်သည်။

ဆောင်ပုဒ်။ ။ ငါးပါးသီလ၊ မပြည့်ဝ၍၊ ပါဏာတိပါတ်၊ သူ့သက်သတ်မှု၊ လွန်ကျူးပြုက၊ နောင်ကာလ၊ နောင်တတစ်ဖန် ပူပန်ရတတ်သည်။

၅။ သူတစ်ပါးတို့ မထိမ်းမြားရသေးသော မိန်းမများစွာ ရှိပါလျက် သူတစ်ပါး ဇနီးမယားကို လွန်ကျူးမိလေက နောင်အခါတွင် နောင်တတစ်ဖန် ပူပန်ရတတ်သည်။

ဆောင်ပုဒ်။ ။ ပျိုစင်ချောလှ၊ ပေါများကြသည်၊ သူ၏မယား၊ ပြစ်မှားမိက၊ နောင်ကာလ နောင်တစ်ဖန်၊ ပူပန်ရတတ်သည်။

၆။ ငါသည်ရှေးက ကျန်းမာစဉ်၌ များစွာသော ထမင်းအဖျော်စသည်တို့ရှိပါသော်လည်း အလှူဒါနကို မပြုခဲ့လေဟု နောင်အခါ နောင်တတစ်ဖန် ပူပန်ရတတ်သည်။

ဆောင်ပုဒ်။ ။ ပစ္စည်းဖူလုံ၊ ပြည့်စုံပါလဲ၊ မလှူပါဘဲ၊ သဒ္ဓါမွဲက၊ နောင်ကာလ၊ နောင်တတစ်ဖန် ပူပန်ရတတ်သည်။

http://www.dhammadownload.com

၇။ ငါသည် အိုမင်းသောအမိအဘတို့ကို ဥစ္စာအားကိုယ်အားတို့ဖြင့် ပြုစုစောင့်ရှောက်စွမ်းနိုင်ခဲ့ပါလျက် ကျွေးမွေးပြုစုစောင့်ရှောက်ခြင်းမပြုမိခဲ့လေဟု နောင်အခါ နောင်တ တစ်ဖန်ပူပန်ရတတ်သည်။

ဆောင်ပုဒ်။ ။ မိဘိုဘအိုးရှိစဉ်ထိုက ဥစ္စာကိုယ်အား ရှိပါငြားလည်း ကျွေးမွေးသမှု၊ မပြုစုက နောင်ကာလ၊ နောင်တတစ်ဖန်ပူပန်ရတတ်သည်။

၈။ ငါသည် လက်ဦးဆရာအဖြစ် အဖန်တလဲလဲ ဆုံးမတတ်လျက် ကျွေးမွေးပြုစုဝတ္ထု ကာမအဝဝကိုဆောင်၍ ကျွေးမွေးယုယစောင့်ရှောက်ခဲ့သော မွေးဘခင်ကို မထီမဲ့မြင် ပြုခဲ့မိလေ၏ဟု နောင်တတစ်ဖန်ပူပန်ရတတ်သည်။

ဆောင်ပုဒ်။ ။ လက်ဦးဆရာ၊ မည်ထိုက်စွာသား၊ ကျေးဇူးအရှင်၊ မွေးဘခင်၏ သွန်သင်ဆုံးမ ဩဝါဒကို မလိုက်မနာ၊ မထီမဲ့မြင်၊ ပြုမိလျှင်ကား နောင်ကာလ နောင်တတစ်ဖန် ပူပန်ရတတ်သည်။

၉။ ငါသည် သီလရှိကုန်သော မျှားသောအကြားအမြင်ရှိကုန်သော ရဟန်းတော်တို့ကိုလည်းကောင်း၊ မကောင်းမှုကိုအပပြုပြီးသော အုတ်မြစ်တို့ကိုလည်းကောင်း၊ ရှေးက မဆည်းကပ်မိခဲ့လေဟု နောင်အခါ နောင်တတစ်ဖန်ပူပန်ရတတ်သည်။

ဆောင်ပုဒ်။ ။ သုတသီလ၊ ပြည့်ဝစုံလင်၊ သူတော်စင်ကို ဆည်းကပ်ရိုသေ၊ မပြုမိလေက၊ နောင်ကာလ၊ နောင်တတစ်ဖန်ပူပန်ရတတ်သည်။

http://www.dhammadownload.com

၁၀။ ငါသည် ရှေးအခါက ငြိမ်သက်သောကိုယ်နှုတ်စိတ်ကို တည်စေသောအကျင့်မြတ်ကို ကျင့်ခြင်းသည်ကောင်း၏ဟု မကျင့်မိခဲ့လေဟု နောင်အခါ နောင်တတစ်ဖန်ပူပန်ရတတ်သည်။

ဆောင်ပုဒ်။ ။ ငါးပါးရှစ်ပါး၊ သီလများကို၊ ဆောက်တည်သမှု၊ မပြုခဲ့က နောင်ကာလ၊ နောင်တတစ်ဖန် ပူပန်ရတတ်သည်။

ဖော်ပြပါ နောင်တတစ်ဖန် ပူပန်ဖွယ်ရာဖြစ်သော ဤအကြောင်းဆယ်ခုတို့ကို သတိပြု ဆင်ခြင် သိမြင်လျက် ကြိုတင်ကာ လူမိုက်နောင်တနောင်မှရဟူသကဲ့သို့ မဖြစ်ရလေအောင် ကျင့်ဆောင်သူသည် သူတော်ကောင်းတို့၏ ကိစ္စကိုပြုသည်ဖြစ်၍ နောင်အခါတွင် နောင်တတစ်ဖန် မပူပန်ရတော့ပြီ။

ကြောက်ကြီးဆယ်လုံး

ရှေးပညာရှိ သူတော်ကောင်းကြီးများသည် ကြောက်ကြီးဆယ်လုံးခေါ် ကြောက်စရာကောင်းလှသော အချက်ဆယ်ချက်ကို ရှောင်ကြဉ်သင့်ကြကြောင်း ဟောဖော်ညွှန်ပြခဲ့ပါသည်။ ဤကြောက်ကြီးဆယ်မျိုးတို့ကို ကြောက်ရွံ့ဖွယ်အဖြစ် သိမြင်ရှောင်ကြဉ်ကြပါက ပစ္စုပ္ပန်သံသရာ နှစ်ဖြာတို့၌ကောင်းကျိုးချမ်းသာ ရရှိမည်မှာသေချာလှပါသည်။

ကြောက်ကြီးဆယ်လုံးဆုံးမစာ

၁။ မာန်မာနများ၊ လွန်ထောင်လွှား၊ အများမုန်းမည်ကြောက်၊

၂။ ဥစ္စာကုန်ခမ်း၊ စိတ်ညှိုးနွမ်း၊ ပင်ပန်းမည်ကိုကြောက်၊

၃။ ရှေ့နောက်မြော်မြင်၊ မဆင်ခြင်၊ ပြုလျှင်လွဲမည်ကြောက်၊

http://www.dhammadownload.com

၄။ လွန်ကျူးသမျှ၊ နောင်ကာလ၊ နောင်တရမည်ကြောက်၊
၅။ ကိုယ်နှင့်မတန်၊ ဟန်ဆောင်ပြန်၊ ဘေးဒဏ်ဖြစ်မည်ကြောက်၊
၆။ သေပြီးကာလ၊ ပါယ်လေး၀၊ ရောက်ရမည်ကိုကြောက်၊
၇။ ဒါန၊ သီလ၊ မပြုကြ ရက် လ ကုန်မည်ကြောက်၊
၈။ ၀ိပဿနာ၊ ကျင့်ရာမှာ၊ ဆရာမှားမည်ကြောက်၊
၉။ တရားမှတ်လျှင်၊ အဖျက်၀င်၊ ကျင့်စဉ်လွဲမည်ကြောက်၊
၁၀။ အမှတ်မေ့ထား၊ အချိန်အား၊ ကုန်သွားမည်ကိုကြောက်။

ကြောက်ကြီးဆယ်လုံး ဆုံးမစာပြီး၏။

❖ ❖ ❖

သင်ဘယ်လိုလူစားလဲ

- လူယုတ်မာသည် ကိုယ်တိုင် ယုတ်မာရုံမျှအဆင့်ရှိသော လူယုတ်မာနှင့် သူတစ်ပါးကိုလည်း ယုတ်မာစေသော လူယုတ်မာဟူ၍ နှစ်မျိုးနှစ်စားရှိသည်။
- ထို့အတူ သူတော်ကောင်းသည် မိမိကိုယ်သာကောင်းအောင်ကြိုးစားနေထိုင်သော သူတော်ကောင်းနှင့် သူတစ်ပါးကိုလည်းကောင်းစွာနေထိုင်စေသော သူတော်ကောင်းဟူ၍ နှစ်မျိုးနှစ်စားရှိသည်။
- ထို့ကြောင့်
  (၁) သူယုတ်မာ၊
  (၂) သူယုတ်မာအောက်ပို၍ ယုတ်မာသောသူယုတ်မာ၊
  (၃) သူတော်ကောင်း၊

http://www.dhammadownload.com

(၄) သူတော်ကောင်းထက်ပို၍ ကောင်းသောသူတော်ကောင်းဟူ၍ လူတန်းစား လေးရပ်ရှိကြောင်း သိက္ခာပဒသုတ်၌ ဗုဒ္ဓမြတ်စွာဘုရား မိန့်ကြားတော်မူခဲ့ပါသည်။

(အင်္ဂုတ္တိရ်ပါဠိတော်၊ စတုက္ကနိပါတ်၊ သဒ္ဓါရိသဝဂ်သိက္ခာပဒသုတ်)

ဘာသာ စာရိတ္တ ယဉ်ကျေးမှု

လူလောကတွင် တိုင်းပြည်နှင့်လူမျိုးတို့၏ ရိုးရာဓလေ့ထုံးစံ အမျိုးမျိုးသော လူမှုအတတ်ပညာများကို ယဉ်ကျေးမှုဟုခေါ်ပါသည်။ ထေရဝါဒဗုဒ္ဓသာသနာထွန်းကားရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ဗုဒ္ဓဘာသာယဉ်ကျေးမှုအစဉ်အလာသည် တည်ရှိလျက်ရှိပါသည်။ ထိုယဉ်ကျေးမှု အစဉ်အလာကောင်းတို့ကို ထိန်းသိမ်းစောင့်ရှောက်ကျင့်သုံးရမည်မှာ မြန်မာတစ်မျိုးသားလုံး၏ တာဝန်ဖြစ်ပါသည်။

သို့ဖြစ်၍ လူ့ယဉ်ကျေးမှုအခြေခံဖြစ်သော တစ်ဦးနှင့်တစ်ဦး ဆက်ဆံသောအခါ ကိုယ် အမူအရာယဉ်ကျေးမှု(ကာယကံယဉ်ကျေးမှု)၊ အပြောအဆိုနူးညံ့သိမ်မွေ့ခြင်း(ဝစီကံယဉ်ကျေးမှု)၊ စိတ်ထားဖြူစင်မြင့်မြတ်ခြင်း(မနောကံယဉ်ကျေးမှု)များကို အဓိကထား၍ ဘာသာစာရိတ္တယဉ်ကျေးမှုအဖြစ် ပြဆိုပါမည်။

ကာယကံယဉ်ကျေးမှု (ကိုယ်အမူအရာယဉ်ကျေးခြင်း)

၁။ ရဟန်းသံဃာ၊ သီလသိက္ခာရှိသူ၊ အသက်အရွယ်ကြီးသူများအနီး၌ နေထိုင်သောအခါ ဝေးလွန်း နီးလွန်း၊ ရှေ့တည့်တည့်၊ နောက်ဘက်၊ မြင့်သောနေရာနှင့် လေညာ၊ လေတင်နေရာများ၌ မနေထိုင်ရပါ။

http://www.dhammadownload.com

၂။ ရဟန်းသံဃာ၊ သီလသိက္ခာရှိသူ၊ အသက်အရွယ်ကြီးသူများ အနီးမှ ဖြတ်သန်းသွား လာသောအခါနှင့် ပရိသတ်အတွင်း သွားလာသော အခါတို့၌ ခါးကိုကုန်း၍ ခေါင်းကိုညွှတ်ကာသွားလာရမည်။

၃။ ပစ္စည်းဝတ္ထု တစ်စုံတစ်ခုကို ပေးသောအခါ၊ ယူသောအခါတို့၌ အလွန်သေးငယ်သော အရာဝတ္ထုကိုပင်ဖြစ်စေကာမူ လက်နှစ်ဖက်ဖြင့် ပေးရယူရမည်။

၄။ ရဟန်းသံဃာ ဆရာမိဘများအား ရှိခိုးရာတွင် ခြေ ဒူးနှစ်ဖက်၊ လက်နှစ်ဖက်၊ နဖူးတို့ကို မြေ(သို့မဟုတ်)ကြမ်းပြင်၌ ထိ၍ရှိခိုးရမည်။

၅။ ခရီးလမ်းမပေါ်၌ ရဟန်းသံဃာတို့နှင့်တွေ့သောအခါ ဦးထုပ်၊ ဖိနပ်တို့ကိုချွတ်၍ ထီးကိုရုပ်ကာ လက်အုပ်ကို နဖူးပြင်အထိ မြှောက်တင်လျက် ခြေစုံရပ်တန့်ပြီး ရှိခိုးရမည်။

၆။ ရဟန်းသံဃာ ဆရာမိဘ အသက်အရွယ်ကြီးသူတို့အနီးမှ ပြန်လည်ထွက်ခွာလာသောအခါ လက်အုပ်ချီကာ ကိုယ်ကိုညွှတ်လျက် လေးငါးလှမ်း နောက်ဆုတ်ပြန် ပြီးမှ လိုရာအရပ်သို့သွားရမည်။ ချက်ချင်းနောက်ကျောပေးမပြန်ရ။

၇။ ရဟန်းသံဃာ ဆရာမိဘ အသက်အရွယ်ကြီးသူတို့အနီး၌ ထိုင်သောအခါ မြင့်သောနေရာ၊ မြတ်သောနေရာ ခေါင်းရင်းနေရာတို့၌ မထိုင်ရ။

၈။ လမ်းခရီးသွားလာရာတွင် ကျဉ်းကျပ်သောနေရာများ၌ ရဟန်းသံဃာ ဆရာမိဘ အသက်အရွယ်ကြီးသူတို့အား ခြေစုံရပ်တန့်၍ လမ်းဖယ်ပေးရည်။ တိုးဝှေ့ကျော် တက်၍မသွားရ။

http://www.dhammadownload.com

၉။ မီးရထား၊ ကား၊ သင်္ဘောများပေါ်တွင် ရဟန်းသံဃာနှင့် အိုမင်း မစွမ်းသော လူပုဂ္ဂိုလ်များ၊ သာသနာနွယ်ဝင် သီလရှင်များအား နေရာပေးလျှရမည်။ ထိုပုဂ္ဂိုလ်တို့နှင့် နေရာလုယက်၍ မထိုင်ရ။

၁၀။ ရဟန်းသံဃာ ဆရာမိဘတို့ ကျိန်းစက်အိပ်ပျော်နေသည့်အခါ ထိုသူတို့၏အနီး၌ ခြေသံမကြားအောင် ခြေကိုဖော့နင်းလျက်သွား ရမည်။

၁၁။ ခရီးသွားလာရာတွင် ရဟန်းသံဃာများ၊ သာသနာနွယ်ဝင် သီလ ရှင်များ၊ အိုမင်း မစွမ်းသောလူပုဂ္ဂိုလ်များအား လိုအပ်လျှင် ဖေးမ တွဲကူခြင်း၊ အထုပ်အပိုးသယ်ယူ ပေးခြင်းဖြင့် ဖေးမကူညီရမည်။

၁၂။ တရားမမှ နာယူသောအခါ ဓမ္မကထိကကိုသာမက တရားတော် ကိုပါ အလေးဂရုပြုသောအားဖြင့် ဦးထုပ်ချွတ်ရမည်၊ ခေါင်းပေါင်း ဖြစ်လျှင် ဆံစဖော်ရမည်၊ တရားအသံသွင်းကြိုးခွေ၊ စီဒီမာတ်ပြား စသည်တို့ အမြင့်၌ထား၍ဖွင့်ရမည်။ ဒူးတုပ်လျက်ဖြစ်စေ၊ လက် အုပ်ချီလျက်ဖြစ်စေ၊ တရားရှုမှတ်သည့်ပုံစံဖြင့်ဖြစ်စေ အရိုအသေ ပြု၍နာယူရမည်။

၁၃။ ဘုရားဆင်းတုတော်၊ ပုံတော်၊ ဓမ္မကျမ်းဂန်များကို မြင့်မြတ်သော နေရာ၌ထား၍ ကိုင်တွယ်လိုလျှင် လက်အုပ်ချီရှိခိုးပြီးမှ ကိုင်တွယ် ရမည်။ ကြမ်းပြင်မှာချထားခြင်း၊ ချိုင်းကြားညှပ်ယူခြင်းစသည်ဖြင့် မရိုမသေမပြုရ။

၁၄။ ရဟန်းသံဃာနှင့် သာသနာနွယ်ဝင် သီလရှင်များအား လက်ဆွဲ နှုတ်ဆက်ခြင်း၊ ဆလံပေးခြင်း၊ လက်ယပ်ခေါ်ခြင်းဖြင့် မဆက်ဆံရ၊ လက်အုပ်ချီ အရိုအသေပြု၍ ဆက်ဆံရမည်။

http://www.dhammadownload.com

၁၅။ အမျိုးသမီးများသည် ရဟန်းသံဃာတော်များ၊ သီလသိက္ခာ ရှိသူများ၊ အသက်အရွယ်ကြီးရင့်သူများရှေ့မှောက်တွင် ကိုယ်ဝတ် ထဘီပြင်ဝတ်ခြင်း၊ အလှအပပြင် ဆင်ခြင်းမပြုလုပ်ရ။

၁၆။ အမျိုးသမီးများသည် မလုံခြုံ မယဉ်ကျေးသော ဝတ်စားဆင်ယင်မှုဖြင့် ဝတ်စားဆင်ယင်၍ ရဟန်းသံဃာတော်များ၊ လူကြီးသူမများထံ သွားလာဝင်ထွက်ခြင်း မပြုရ။

ဝစီကံယဉ်ကျေးမှု (အပြောအဆိုအသုံးအနှုန်းယဉ်ကျေးခြင်း)

၁။ မြတ်စွာဘုရားကို "ဗုဒ္ဓ"ဟု နာမည်ဖော်၍ ခေါ်ဝေါ်မသုံးစွဲရ၊ မြတ်စွာဘုရား၊ ဘုရားရှင်စသည်ဖြင့်ခေါ်ဝေါ်သုံးစွဲရမည်။

၂။ စေတီတော်၊ ဆင်းတုတော်၊ ရုပ်ပွားတော်၊ ပုံတော်၊ ရဟန်းသံဃာတော်နှင့် သာသနာ့နွယ်ဝင်သီလရှင်များကို သပ္ပာယ်သည်။ တင့်တယ်သည်။ ကြည်ညိုဖွယ် ကောင်းသည်ဟုပြောရမည်။ ချောသည်။ လှသည်ဟုမပြောဆိုရ။

၃။ မြတ်စွာဘုရားဆင်းတုတော်၊ ရုပ်ပွားတော်၊ ပုံတော်ထားရှိသောနေရာကို ဘုရားကျောင်းဆောင်၊ ဘုရားဆောင်ဟုပြောဆိုရမည်။ ဘုရားစင်ဟု မပြောဆိုရ။

၄။ ဘုရားရှိခိုးဝတ်ပြုရာအဆောက်အအုံကို ဓမ္မာရုံဟုပြောဆိုရမည်။

၅။ တရားမဟောပြောနာယူရာ အဆောက်အအုံကို ဓမ္မာရုံဟုပြောဆိုရမည်။

၆။ ရဟန်းသံဃာတော်များ၊ သာမဏေများကခေါ်လျှင် ဘုရား၊ အရှင်ဘုရားဟု ထူးရမည်။ ဆရာမိဘစသော ရိုသေလေးစားသိုက်သူတို့က ခေါ်လျှင်ခင်ဗျာ၊ ရှင်ဟု ထူးရမည်။

http://www.dhammadownload.com

၇။ ရဟန်းတော်များ၊ သာမဏေများနှင့် စကားပြောဆိုရာတွင် ဟုတ်မှန်ကြောင်းဝန်ခံလျှင် မှန်ပါအရှင်ဘုရား၊ တင်ပါအရှင်ဘုရားဟုပြောဆိုရမည်။ ဆရာမိဘစသော ရိုသေထိုက်သူတို့နှင့် မဟုတ်မှန်ကြောင်း ငြင်းဆိုလိုလျှင် မဟုတ်ပါခင်ဗျား၊ မဟုတ်ပါရှင်၊ မမှန်ပါခင်ဗျာ၊ မမှန်ပါရှင် ကျွန်တော်များပါတယ်ခင်ဗျား၊ ကျွန်မ များသွားပါတယ်ရှင်ဟုပြောဆိုရမည်။

၈။ ရဟန်းတော်များကို ထေရ်ဝါကြီးလျှင် ဆရာတော်ဘုရား ဘုန်းတော်ကြီးဘုရားဟု လျှောက်ထားပြောဆိုရမည်။ ထေရ်ဝါငယ်လျှင် ဦးပဉ္စင်းဘုရားဟုပြောဆိုရမည်။ သာမဏေများကို ကိုရင်ဘုရား၊ အရှင်ဘုရားဟုပြောဆိုရမည်။ (ဘုန်းဘုန်း၊ ဘဘုန်း၊ ဘဘုရား) စသည် မခေါ်ဝေါ်မပြောဆိုရ။

၉။ သက်တော်ဝါတော်ဂုဏ်သိက္ခာကြီးရင့်သော ဆရာတော်ကြီးများ၏ ဘွဲ့မည်ကို သုံးနှုန်းပြောဆိုသောအခါ ဦးသောဘဏ္ဍာ၊ ဦးသောဘိတဟု ဘွဲ့မည်ကပ်၍ သုံးနှုန်းမပြောဆိုရ၊ ကျောင်းတိုက်ကိုစွဲ၍ဖြစ်စေ၊ မြို့ကိုစွဲ၍ဖြစ်စေ၊ မဟာစည်ဆရာတော်၊ ရွှေကျင်တိုက်သစ်ဆရာတော်၊ အောင်မင်္ဂလာဆရာတော်၊ ပဲခူးဆရာတော်၊ မန္တလေးဆရာတော်စသည်အားဖြင့် သုံးနှုန်းပြောဆိုနိုင်သည်။

၁၀။ မမြင်ဆိတ်ကွယ်ရာအရပ်ရှိ ရဟန်းတော်ထံ အမျိုးသမီးတစ်ဦးသည် မချဉ်းကပ်ရ။

၁၁။ အမျိုးသမီးတစ်ဦးသည် ရဟန်းတော်တစ်ပါးပါးနှင့် ပြောဆိုဆွေးနွေးမှုပြုလိုပါက သိကြားနားလည်သော အမျိုးသားတစ်ဦးကို ခေါ်သွားရမည်။

http://www.dhammadownload.com

၁၂။ အမျိုးသမီးများသည် ရဟန်းသံဃာတော်များအား ဆံပင်ဖြန့်ခင်း၍ဖြစ်စေ၊ လက်စသည်ဖြင့်ဖြစ်စေ ကိုင်တွယ်ထိတွေ့၍ ရှိခိုးမရ၊ အရိုအသေမပြုရ။

၁၃။ လမ်းတွင်တွေ့ရှိနှုတ်ဆက်ရာ၌ ချစ်ခင်လေးစားသော အမူအရာဖြင့် လက်အုပ်ကြာငုံ ရင်မှာထားပြီး နှုတ်ဆက်သင့်သူကို လက်အုပ်ရင်မှာထားလျက်၊ ဦးညွတ်နှုတ်ဆက်သင့်သူကို ဦးညွတ်လျက်၊ ပြုံးပြနှုတ်ဆက်သင့်သူကို ပြုံးပြလျက် နှုတ်ဆက်ရမည်။

၁၄။ ရဟန်းသံဃာ၊ ဆရာမိဘ၊ အသက်အရွယ်ကြီးသူများထံသို့ ချဉ်းကပ်သောအခါ မကောင်းသော ကိုယ်နှံ့များရှိက ဆေးကြောသုတ်သင်ပြီးမှ ချဉ်းကပ်ရမည်။

၁၅။ ဘုရားရင်ပြင်၊ ကျောင်းဝန်း၊ ဆေးရုံ၊ စာသင်ကျောင်းစသော လူများစုဝေးရာ နေရာဌာနများ၌ ကွမ်းတံတွေးထွေးခြင်း၊ ခွဲနှပ်စသောအညစ်အကြေးစွန့်ခြင်း မပြုရ။

၁၆။ ချောင်းဆိုးခြင်း၊ ချေဆတ်ခြင်းကို တစ်စုံတစ်ဦးဘက်လှည့်၍ မပြုလုပ်ရ၊ လူသူ မရှိရာသို့ဖြစ်စေ၊ အခြားနေရာသို့ထသွား၍ဖြစ်စေ၊ လက်ကိုင်ပဝါဖြင့်အုပ်၍ ဖြစ်စေ ပြုလုပ်ရမည်။ လေလည်လို့လျှင် လူများမရှိရာ နေရာသို့ထသွားရမည်။

၁၇။ တစ်စုံတစ်ဦး ဘဉ်းပေးစားသောက်နေစဉ် ကြားလောက်မြင်လောက်သောနေရာ ၌ ခွဲဖတ်ခြင်း၊ နှပ်ညစ်ခြင်းစသည်မပြုရ။

၁၈။ ရဟန်းသံဃာတော်များ၊ သာမဏေများ၊ သာသနာ့နွယ်ဝင် သီလရှင်များနှင့်ပြော ဆိုရာတွင် မိမိကိုယ်ကို ရည်ညွှန်းပြောဆိုလိုပါက ဘုရားတပည့်တော်၊ ဘုရားတပည့်တော်မဟုပြောဆိုရမည်။ မိဘဆရာစသော ရိုသေထိုက်သူများနှင့် ပြောဆိုရာတွင် မိမိကိုယ်ကို ရည်ညွှန်းပြောဆိုလိုက ကျွန်တော်၊ ကျွန်မဟုပြောဆိုရမည်။

http://www.dhammadownload.com

၁၉။ မြတ်စွာဘုရား၊ ရဟန်းသာမဏေများ၏ ဖခင်အား ခမည်းတော်၊ မိခင်အား မယ်တော်၊ အစ်ကိုအား အစ်ကိုတော်၊ နောင်တော်၊ အစ်မအား အစ်မတော်၊ ညီ၊ ညီမအား ညီတော်၊ ညီမတော်၊ ဆွေမျိုးများအား ဆွေတော်မျိုးတော်ဟုပြောဆို ရမည်။

၂၀။ ရဟန်းသံဃာတော်များနေထိုင်သည်ကို သီတင်းသုံးသည်ဟု ခေါ်သည်၊ ဆရာတော်ဘယ်မြို့မှာ သီတင်းသုံးပါသလဲ အရှင်ဘုရားဟု မေးလျှောက်ရမည်။

၂၁။ ရဟန်းသံဃာများ အိပ်စက်နေသည်ကို ကျိန်းနေသည်၊ ကျိန်းစက်နေသည်ဟု ပြောဆိုရမည်။

၂၂။ ရဟန်းသံဃာများ ရေချိုးသည်ကို ရေသပ္ပာယ်သည်ဟု ပြောဆိုရမည်။

၂၃။ ရဟန်းသံဃာများ သုံးသောအိမ်သာကို ကုဋီဟုခေါ်သည်။ ရဟန်းသံဃာများ ကျင်ကြီးကျင်ငယ်ကိစ္စပြုသည်ကို ကိုယ်လက်သန့်စင်သည်။ သို့မဟုတ် ဆီးသွားသည်ကို ကျင်ငယ်စွန့်သည်၊ ကျင်ကြီးစွန့်သည်ကို ကုဋီတက်သည်ဟု ပြောဆိုရသည်။

၂၄။ ရဟန်းသံဃာများသွားလာသည်ကို ကြွသွားသည်၊ ကြွလာသည်ဟုခေါ်သည်။ ဘယ်ကကြွလာပါသလဲ အရှင်ဘုရား၊ ဘယ်ကို ကြွမှာလဲအရှင်ဘုရားဟုမေးမြန်း လျှောက်ထားရမည်။

၂၅။ ရဟန်းသံဃာများအား မေးမြန်းသည်ကို လျှောက်ထား၊ လျှောက်တင်ဟု သုံးနှုန်းသည်။ လျှောက်ထားပါရစေအရှင်ဘုရား၊ လျှောက်တင်ပါရစေ အရှင်ဘုရား စသည်ဖြင့် ပြောဆိုရမည်။

၂၆။ ရဟန်းသံဃာတော်များပြောဆိုသည်ကို မိန့်တော်မူသည်။ မိန့်ကြားသည်ဟု ပြောဆိုရမည်။

http://www.dhammadownload.com

၂၇။ ရဟန်းသာမဏေများ ကွယ်လွန်သည်ကို ပျံလွန်တော်မူသည်။ ဘဝနတ်ထံစံတော်မူသည်ဟု ပြောဆိုရမည်။

၂၈။ ဘုန်ကြီးများ၏ အသုဘပွဲပြုလုပ်သည်ကို စျာပနပွဲ၊ ဘုန်းကြီးပျံပွဲဟုပြောဆိုရမည်။

၂၉။ မြတ်စွာဘုရား၏ သာသနာသုံးဝေါဟာရအနေဖြင့် အမျိုးသားများကို ဒါယကာ (ဒကာ) ဥပါသကာ၊ အမျိုးသမီးများကို ဒါယိကာမ (ဒကာမ) ဥပါသိကာမဟု ပြောဆိုရမည်။

၃၀။ မြန်မာ့ယဉ်ကျေးမှုအရပြောဆိုဆက်ဆံရာတွင် အရွယ်ကိုလိုက်၍ အဘိုး၊ အဘွား၊ ဦးကြီး၊ ဒေါ်ကြီး၊ ဦးလေး၊ ဒေါ်လေး၊ အစ်ကို၊ အစ်မဟုခေါ်၍ ကိုယ့်အောက်ငယ် သူဖြစ်လျှင် မြေး၊ သား၊ သမီး၊ တူ၊ တူမ၊ ညီ၊ ညီမ၊ လူကလေးစသည်ဖြင့် သုံးနှုန်းကြသည်။ ရှေးလူကြီးများက လူရွယ်များကို ကိုရင်ဟု ချစ်စနိုးခေါ်ကြသည်။

၃၁။ တစ်ဦးနှင့်တစ်ဦးတွေ့ဆုံလျှင် အရှင်ဘုရားကျွန်းမာပါရဲ့လား၊ ဦးလေးကျွန်းမာပါရဲ့လား၊ မင်္ဂလာပါခင်ဗျာ၊ မင်္ဂလာပါရှင်စသည်ဖြင့် နှုတ်ဆက်ရမည်။

၃၂။ တစ်ဦးနှင့်တစ်ဦး ခွဲခွာလျှင်လည်း အရှင်ဘုရား၊ တပည့်တော် (တပည့်တော်မ)ကို ပြန်ခွင့်ပြုပါဦးဘုရား၊ ကျွန်တော် (ကျွန်မ) ပြန်ပါဦးမယ်။ ခွင့်ပြုပါဦးစသည်ဖြင့် လေးလေးစားစားရည်မွန်ဖော်ရွေစွာ ပြောဆိုရမည်။

၃၃။ တစ်ဦးတစ်ယောက်ကို မတော်တဆ ထိခိုက်မိ၍ဖြစ်စေ၊ အခြားကိစ္စအတွက်ဖြစ်စေ တောင်းပန်ရန်ရှိလျှင် ခွင့်လွှတ်ပါခင်ဗျာ၊ ကန်တော့၊ ကန်တော့ပါ၊ သည်းခံပါ စသောသင့်လျော်ရာ စကားအသုံးအနှုန်းတို့ဖြင့် ယဉ်ကျေးစွာပြန်လည်ပြောဆိုရမည်။

http://www.dhammadownload.com

မနောက်ယဉ်ကျေးမှု

(၁) သူတစ်ပါး၏ ပစ္စည်းဥစ္စာကို မတရားလိုချင်သောစိတ်မထားရ။

(၂) သူတစ်ပါး၏ အသက်အိုးအိမ်စည်းစိမ်ဂုဏ်သိန်ကို ဖျက်ဆီးလိုသော စိတ်မထားရ။

(၃) ကြီးသူနှင့်ဖြစ်စေ၊ ငယ်သူနှင့်ဖြစ်စေ တွေ့ဆုံရသောအခါ ထိုပုဂ္ဂိုလ်တို့အား ကျန်းမာပါစေ၊ ချမ်းသာပါစေဟု မေတ္တာပွားရမည်။

(၄) ကံ, ကံ၏ အကျိုးကို ယုံကြည်၍ ကိုယ်ချင်းစာနာသည့် စိတ်ကောင်းစိတ်မွန်ကို မွေးမြူရမည်။

(၅) ကိုယ့်ထက်သာသူကို မနာလိုသော စိတ်ထားမျိုး၊ ကိုယ့်အောက်နိမ့်သူကို နှိမ့်ချလိုသော စိတ်ထားမျိုး၊ ကိုယ်နှင့်တန်းတူသူကို ပြိုင်လိုသော စိတ်ထားမျိုးနှင့် မဆက်ဆံရ။

ဆွမ်းကွမ်းဆိုင်ရာ ယဉ်ကျေးမှုဝေါဟာရများ

(၁) ရဟန်းသာမဏေများနှင့် ပတ်သက်လျှင်ထမင်းကို ဆွမ်း၊ ဟင်းကို ဆွမ်းဟင်းဟု ပြောဆိုရမည်။

(၂) ဆွမ်းမှတစ်ပါး အခြားစားသောက်ဖွယ်ရာများကို ခဲဖွယ်ဟု ပြောဆိုရမည်။

(၃) ဘုန်းကြီး၊ သီလရှင်များ ဆွမ်းစသည့်အလှူခံလာသောအခါ အလှူခံကြွသည်။ ဆွမ်းခံကြွသည်။ ဆွမ်းဆန်ရပ်သည်စသည်ဖြင့် ပြောဆိုရမည်။ မလှူနိုင်လျှင် ကန်တော့ဆွမ်းပါဘုရား၊ ကန်တော့ပါဘုရားဟုပြောဆိုရမည်။

http://www.dhammadownload.com

(၄) ရဟန်းသာမဏေများ စားသောက်ခြင်းကို ဘုဉ်းပေးသည်ဟု ပြောဆိုရမည်။

(၅) ရဟန်းသံဃာများသည် ထမင်းစားကြွပါ၊ မုန်းဟင်းခါး၊ ခေါက်ဆွဲ၊ ငါး၊ အမဲစားကြွပါ ဟူ၍ လူတို့ဝေါဟာရဖြင့် သုံးစွဲပြီး ပင့်ဖိတ်သည်ကို ကြွရောက်စားသောက်က ဝိနည်းဒေသနာအရ အပြစ်သင့်လေသည်။ ရဟန်းသံဃာတော်များနှင့် ပတ်သက်လျှင် လူတို့ဝေါဟာရအစား သာသနာသုံးဝေါဟာရဖြင့် ဆွမ်းဘုဉ်းပေးကြွပါ၊ မုန့်ဟင်းခါးဆွမ်း၊ ခေါက်ဆွဲဆွမ်းဘုဉ်းပေးကြွပါစသည်ဖြင့် ပြောဆိုပင့် လျှောက်ရမည်။

(၆) ရဟန်းသာမဏေများနှင့် ပတ်သက်လျှင် ထမင်းပွဲဟု မပြောရ၊ ဆွမ်းပွဲ၊ ဆွမ်းပြင်နေတယ်၊ ဆွမ်းပြင်ပြီးပြီဟု ပြောဆိုရမည်။

(၇) သင်္ကန်းနှင့်စပ်၍ ကိုယ်ဝတ်ကို သင်းပိုင်ဟုခေါ်သည်။ အပေါ်ကိုယ်ရုံကို ဧကသီဟုခေါ်သည်။ နှစ်ထပ်သင်္ကန်းကြီးကို သင်္ကန်းကြီး (ဒုကူဋ်) ဟုခေါ်သည်။ သင်္ကန်းသပိတ်စသော ရဟန်းတော်တို့၏ အသုံးအဆောင်များကို ပရိက္ခရာဟုခေါ်သည်။

(၈) ရဟန်းသံဃာတော်များသည် ရေနှင့်ဒန်ပူ (သွားပွတ်တံ)မှ တစ်ပါးအခြားဘုဉ်းပေးသည့် စားသောက်ဖွယ်များကို လူသာမဏေတို့က ကိုယ်ထိလက်ရောက်ပေးကပ်မှသာ ဘုဉ်းပေးတော်မူကြသည်။ ထိုသို့ပေးအပ်သည်ကို ကပ်တယ်၊ ဆွမ်းကပ်တယ်၊ လက်ဖက်ရည်ကပ်တယ်စသည်ဖြင့် ပြောဆိုရမည်။

မှတ်ချက်

(က) ရဟန်းသံဃာအား ကပ်လှူမည့်ဆွမ်းပွဲ လက်ဖက်ရည်ပွဲသည် အင်အားအလယ်အလတ်ရှိ ယောကျ်ားတစ်ဦး မြှောက်ချီ

http://www.dhammadownload.com

နိုင်လောက်သော ဆွမ်းပွဲ၊ လက်ဖက်ရည်ပွဲမျိုးဖြစ်လျှင် တစ်ဦး တည်းဖြစ်စေ၊ နှစ်ဦး၊ သုံးဦးခြိုးမြောက်၍ ဖြစ်စေကပ်ကောင်း သည်။ ထို့ထက်ကြီးသော ဆွမ်းပွဲ၊ လက်ဖက်ရည်ပွဲဖြစ်လျှင် တစ်ပန်းကန်စီကပ်ရမည်။

(ခ) ဆွမ်းကပ်ရာ၌ အကပ်ခံသောရဟန်းတစ်ပါးပါးနှင့် ကပ်လှူ သူတစ်ဦးသည် ၂ ထောင့်ထွာနေရာအတွင်းမှာရှိရသည်။ ၂ ထောင့်ထွာထက်ဝေးလျှင် အကပ်မမြောက်၍ ဘုဉ်းပေးသော ရဟန်းမှာ အာပတ်သင့်လေသည်။ ၂ ထောင့်ထွာ အတိုင်းအတာ ကို အကပ်ခံသော ရဟန်းနှင့် ကပ်လှူသူတို့၏အပြင်ဘက်တင်ပါး စွန်းများမှစ၍ ခန့်မှန်းတိုင်းတာရသည်။

(၉) အပင်ပေါက်စေနိုင်သော အသီးအရွက်ပင်စည်စသည်တို့ကို ဆက်ကပ်သောအခါ ရဟန်းတော်များသည် ဝိနည်းပညတ်ချက် အရ မဖျက်ဆီးရသဖြင့် ကပ်ပို့ရသည်။ ကပ်ပို့မှာရဟန်းတော်က ကပ်ပို့ယံကရောဟိဟုဆိုလျှင် မိမိက ကပ်ပို့ယံဘန္တေဟုဆိုလျက် ထိုမျိုးစေ့ရှိရာ အသီးအရွက်ကိုလက်သည်းဖြင့် ဆိတ်လိုက်ရ သည်။ သို့မဟုတ် ဓားဖြင့် လှီးဖြတ်လိုက်ရသည်။ ဤသို့ပြုလုပ် သည်ကို ကပ်ပို့သည် (အပ်အောင်ပြုသည်) ဟုခေါ်သည်။

မှတ်ချက်

အကွဲအအက်ပါသော ပန်းကန်ဖြင့်လည်းကောင်း၊ နှီးခွက်၊ သစ်သားခွက်၊ ယွန်းခွက်တို့ဖြင့်လည်းကောင်း ထည့်၍မကပ်ရ။

(၁၀) ရဟန်းသံဃာများသည် ဝိနည်းဒေသနာအရ အကပ်ခံပြီးမှသာ ဘုဉ်းပေးခွင့်ရှိသဖြင့် ရဟန်းသံဃာများ ဘုဉ်းပေးနေစဉ် ကြုံတင် အသိမပေးဘဲ ဆွမ်း၊ ဆွမ်းဟင်း၊ အခြားတစ်စုံတစ်ခုကို ပန်းကန်

http://www.dhammadownload.com

တွင် မထည့်ရ၊ အကပ်ခံတော်မူပါဘုရား၊ ဆွမ်းဟင်းထည့်ပါရစေ ဘုရား၊ အလှူခံတော်မူပါဘုရားဟုပြောပြီး ရဟန်းသံဃာတော်များက အလှူခံမှ ထည့်ပေးရမည်။

(၁၁) ရဟန်းသံဃာတော်များအား ကပ်ထားသောစားဖွယ် သောက်ဖွယ်များကို မစွန့်လွှတ်သေးသမျှ၊ မပြီးသေးသမျှ လူဒါယကာ၊ ဒါယိကာမများ သွားရောက်ကိုင်သော်လည်း အကပ်မပျက်၊ သို့သော်လည်း အလေးဂရုထားသောအားဖြင့် မကိုင်ရပါ။

(၁၂) တစ်စုံတစ်ခုသော ခဲဖွယ်ဘောဇဉ်ကိုကပ်သောအခါ ရဟန်းတော်က ပြည့်စုံပြီဟုဆိုလျှင် ထပ်မဆက်ကပ်ရ၊ ရဟန်းတော်အား ဝပြီးလားဘုရား၊ တော်ပြီလားဘုရားဟု မမေးရ ပြည့်စုံပြီလားဘုရားဟု မေးလျှောက်ရမည်။

(၁၃) ဆွမ်းဘုဉ်းပေးချိန်၌ ခရီးသွားရဟန်းသာမဏေများကို ဖူးတွေ့ရလျှင် ဆွမ်းကိစ္စပြီးပါပြီလားဘုရား၊ ဆွမ်းကပ်ပါမယ်ဘုရားဟု လျှောက်ထားရမည်။

(၁၄) ရဟန်းသံဃာတော်များသည် ရွှေငွေစသည့်ရတနာပစ္စည်းများကို ကိုယ်တိုင်မ ခံယူကောင်း၊ ခံယူလျှင် အာပတ်သင့်သည်၊ စာအိတ်၊ လက်ကိုင်ပဝါစသည်တို့ဖြင့် ထည့်ထားသော ငွေစက္ကူကိုလည်း ရဟန်းသံဃာတို့အား ကိုယ်ထိလက်ရောက် မလှူဒါန်းကောင်းပါ။ ထို့ကြောင့် ရွှေငွေစသည့်ရတနာပစ္စည်းများကို ရဟန်းတော်များအား လှူလိုသည့်အခါ ဘုရားတပည့်တော် (တပည့်တော်) သည် အရှင်ဘုရားများ၏ နဝကမ္မ (အမှုသစ်ကိစ္စ) အတွက် ငွေတစ်ရာကျပ်တန် ပစ္စည်းလေးပါးကို လှူဒါန်းလိုပါသည်။ ကပ္ပိယည္ဆန်တော်မူပါဘုရားဟု လျှောက်ထားရသည်။ ရဟန်းသံဃာက

http://www.dhammadownload.com

ကပ်ိုယဉ္ဇာန်သည့်အခါ ထိုကပ်ိုယထံ၌ကိုအပ် နှံလိုက်ရသည်။

ဖော်ပြခဲ့သည့်အတိုင်းပြုမူ၊ ပြောဆိုရွက်ဆောင်ပါမူ ကုသိုလ်မင်္ဂလာများ တိုးပွားပြီးလျှင် ဤမျှက်မှောက်မှာလည်း ယဉ်ကျေးသူအဖြစ် ဂုဏ်လူထင်ပေါ်မည်ဖြစ်သည်။ နောင်တမလွန်ဘဝမှာလည်း ကောင်းကျိုးချမ်းသာများကို ဆင့်ကဲရရှိနိုင်မည်ဖြစ်ပါသည်။

ဖော်ပြခဲ့သည့်အတိုင်း မပြောဆိုတတ်လျှင် ဂါရဝနိဝါတသုဘာသိတမင်္ဂလာများပျက်ပြား၍ အပြောအဆိုရိုင်းစိုင်းမှုဖြစ်သည်။

ဗုဒ္ဓသာသနာတော်အဆုံးအမအရ ဘိုးဘေးဘီဘင်အစဉ်အဆက်ကျင့်သုံးနေထိုင်လာခဲ့ကြသော မြန်မာနိုင်ငံသူနိုင်ငံသားတို့သည် ကိုယ်နှုတ်စိတ်ယဉ်ကျေး၍ ငြိမ်းအေးချမ်းသာသူများ ဖြစ်ကြသည်။ ရှေးအခါက မြန်မာယောကျ်ားကလေးများမှာ အရွယ်ရောက်သည်နှင့် ဘုန်းတော်ကြီးကျောင်းများ၌ ပညာသင်ယူခဲ့ကြရရာ ငယ်စဉ်ကပင် ယဉ်ကျေးလိမ္မာသူများဖြစ်ခဲ့ကြသည်။ ရှင်မဟာသီလဝံသ၊ ရှင်မဟာရဋ္ဌသာရစသော ရဟန်းစာဆိုကျော်တို့၏ ဆုံးမစာလက်ာများသည် ရှေးအခါဘုန်းတော်ကြီးကျောင်းမှပေးအပ်လိုက်သော ပြည်သူ့နီတိများဖြစ်ခဲ့ကြသည်။ ရှင်သာမဏေပြုရသောအခါ လိင်၊ ဒဏ်၊ သေခိယကျင့်ဝတ်များကို သင်ယူရကြပြန်ရာ နေနည်း၊ စားနည်း၊ ပြောဆိုထားသိုနည်း၊ ယုတ်စွအဆုံး၊ ကုဋ္ဌီအိမ်သာတက်နည်းအထိ လိုလေသေးမရှိ၊ အောက်ခြေသိမ်းဟောကြားဆုံးမချက်များကို ရရှိလိုက်နာခဲ့ကြသည်။

ကိုယ်စိတ်နှလုံးယဉ်ကျေးခြင်းသည် မေတ္တာစိတ်ဓာတ်ကို အခြေခံရသဖြင့် ဆရာသမား မိဘတို့သည် မေတ္တာစိတ်ဓာတ်ကိုပါထူထောင်ပေးခဲ့ကြသည်။ ကြီးသူရိုသေရွယ်တူလေးစား၊ ငယ်သူသနားဟူသော မြန်မာပြည်သားတို့၏ ယဉ်ကျေးမှုအမွေကို ထိန်းသိမ်းကြလျက်

http://www.dhammadownload.com

ယဉ်ကျေးလိမ္မာသားကောင်းသမီးမွန်တို့ပေါ်ထွန်းကြ၍ အမျိုးဘာသာ သာသနာထွန်းလင်းအောင် ဆောင်ရွက်နိုင်ကြပါစေသော်ဝ်။

အတန်းတက်လျှင် ရွတ်ဆိုဆင်ခြင်ရန် အဓိဋ္ဌာန် ၉ ချက်

၁။ ယနေ့ငါ့မှာ ကောင်းမှုသာ ဖြစ်လာစေရမည်။
၂။ ယနေ့ငါ့မှာ ကောင်းပြောသာ ဖြစ်လာစေရမည်။
၃။ ယနေ့ငါ့မှာ ကောင်းကြံသာ ဖြစ်လာစေရမည်။
၄။ တို့တာဝန်မှာ ကုသိုလ်သာ ဖြစ်လာစေရမည်။
၅။ တို့တာဝန်မှာ တို့သာသနာ ရှည်စွာတည်ရမည်။
၆။ တို့တာဝန်မှာ တို့မြန်မာ သာယာစေရမည်။
၇။ တို့တာဝန်မှာ တို့ကမ္ဘာ သာယာစေရမည်။
၈။ တို့တာဝန်မှာ မျှားသတ္တာ သာယာစေရမည်။
၉။ သာယာဖို့ရေး တာဝန်ပေး မနှေးရွက်ဆောင်မည်။

သင်ခန်းစားပြီးချိန် မေတ္တာပို့ရန်

၁။ ကျောင်းတိုက်တွင်းမှာ မျှားသံယာ ချမ်းသာကိုယ်စိတ်မြဲပါစေ။
၂။ ယနေ့ကြွလာမိတ်သဟာ ချမ်းမြေ့သာယာမြဲပါစေ။
၃။ သင်တန်းတက်လာဆွေသဟာ ချမ်းမြေ့ကြည်သာကြပါစေ။
၄။ ယဉ်ကျေးမှုစာသင်ဆရာရှင် ကြည်ရွှင်ကိုယ်စိတ်မြဲပါစေ။
၅။ သာသနာအကျိုးရွက်သယ်ပိုး ကောင်းကျိုးအစဉ်ရပါစေ။
၆။ စာသင်နိုင်အောင် ကျေးဇူးဆောင် ထွန်းပြောင်းကောင်းကျိုးရပါစေ။

http://www.dhammadownload.com

၇။ လုပ်အားအလှူကူညီသူ ကြည်ဖြူချမ်းမြေ့ကြပါစေ။
၈။ မုန့်ပဲသွားရေစာလှူသူမှာ စီးပွားချမ်းသာတိုးပါစေ။
၉။ အာဟာရလှူရှင်စိတ်ကြည်လင် ဘေးရန်ကင်းစင်ကြပါစေ။
၁၀။ စိုးရိမ်မဲ့ကင်းချမ်းသာခြင်း ကောင်းခြင်းမင်္ဂလာရပါစေ။
၁၁။ အန္တရာယ်ဟူသမျှ လွတ်ကင်းပ အေးမြသာယာကြပါစေ။
၁၂။ ရောဂါဟူသမျှ ကင်းစင်ပ ရွှင်ပြကြည်သာကြပါစေ။
၁၃။ ဥစ္စာစီးပွား ဒီရေလား တိုးပွားချမ်းသာကြပါစေ။
၁၄။ ကုသိုလ်ပွားရေးအလှူပေး ချမ်းမြေ့ကြည်သာကြပါစေ။
၁၅။ ဒါနသီလဘာဝနာ ဤသုံးဖြာ ကြည်သာကျင့်နိုင်ကြပါစေ။
၁၆။ သူတော်ကောင်းတရား ဒီရေလား တိုးပွားကျင့်နိုင်ကြပါစေ။
၁၇။တစ်ဦးပေါ်တစ်ဦးမေတ္တာကူး ကြည်နူးချမ်းမြေ့ကြပါစေ။
၁၈။ သားတို့မေတ္တာ ဤကမ္ဘာ ချမ်းမြေ့သာယာကြပါစေ။
၁၉။ သမီးတို့မေတ္တာ ဤကမ္ဘာ ချမ်းမြေ့သာယာကြပါစေ။
၂၀။ ဗုဒ္ဓမြတ်စွာသာသနာ ရောင်ဝါနေသို့ ထွန်းပါစေ။

ယဉ်ကျေးမှုကျင့်ဝတ်ဘာသာပြီး၏။

http://www.dhammadownload.com

ဗုဒ္ဓဘာသာဝင်တိုင်းသတိပြုစွဖယ်

* ထေရဝါဒဗုဒ္ဓသာသနာထွန်းကားရာ မြန်မာနိုင်ငံတွင် ရှေးအစဉ်အလာအားဖြင့် စေတီပုထိုး ကျောင်းကန်ဇရပ်စသော သာသနိကအဆောက်အဦများနှင့် တင့်တယ်လှ၍ ရွှေရောင်လွှမ်းသောနိုင်ငံဟု ကမ္ဘာ့အလယ်တွင် တင့်တယ်သည်။
* ရှေးအခါက ဘုန်းတော်ကြီးကျောင်းများသည် ဗုဒ္ဓဘာသာယဉ်ကျေးမှုအခြေခံအုတ်မြစ်ချ၍ လောကီလောကုတ္တရာ စာပေတို့ကို ဖြန့်ဖြူးသင်ကြားပေးရာ ဌာနများဖြစ်ခဲ့ပြီး ကလေးငယ်တို့စာရိတ္တမကျိုးအခြေခံကောင်းဖြင့် ယဉ်ကျေးလိမ္မာစွာကြီးပြင်းခဲ့အောင် မိဘများက ဘာသာသွေးဖြင့် မွေးမြူပျိုးထောင်ပေးခဲ့ကြသည်။
* ယခုကာလ ကမ္ဘာရွာကြီးတွင် မြန်မာနိုင်ငံသည် တိုင်းတစ်ပါးမှထိုးဖောက်ဝင် ရောက်လာသော မျိုးခြားယဉ်ကျေးမှုများကို အတုခိုးမှားလျက် ဟိရီ ဩတ္တပ္ပဟူသော လောကပါလတရားတို့အားနည်းလာ၍ ဝံသာနုရက္ခိတဟူသော မျိုးစောင့် တရားလျော့ပါးကာ ဘာသာသာသနာအမျိုးပျောက်မှာ စိုးကြောက်စရာဖြစ်လာရသည်။

http://www.dhammadownload.com

* မိမိတို့ အမျိုးဘာသာသာသနာ အချိုးဖောက်မခံရအောင် စောင့်ရှောက်ကာကွယ်ရန်အတွက် စည်းရိုးကာတံတိုင်းခတ်ဖို့ရာ ပုဒ္ဓဘာသာ မြန်မာတစ်မျိုးသားလုံး၏ အမျိုးသားရေး တာဝန်ပင်ဖြစ်သည်။
* ဘာသာသွေးပျက်က အမျိုးဘာသာ သာသနာဖျက်သူများဖြစ်ကြလေတော့မည်။
* သားငယ်သမီးငယ်ရင်သွေးငယ်တို့အား -
  ငယ်သော်ကားသား၊ ကြီးသော်ကျား၊
  ငယ်သော်ကားသမီး၊ ကြီးသော်မိမ်းမဖြစ်စေဘဲ
  ငယ်သော်ကားသား၊ ကြီးသော်အား၊
  ငယ်သော်ကားသမီး၊ ကြီးသော်ထီးဖြစ်ကြစေရန်နှင့်
  အမျိုးဘာသာ သာသနာကို ထိန်းသိမ်းစောင့်ရှောက်နိုင်စေရန်
  အခြေခံပုဒ္ဓဘာသာယဉ်ကျေးမှုကို အုတ်မြစ်ချပျိုးထောင်ပေးကြရပါမည်။

သစ္စာဝါဒီဦးမြင့်အောင်

http://www.dhammadownload.com

ကျမ်းကိုးစာရင်း

၁။ ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရသာသနာရေးဝန်ကြီးဌာန
ပုဒ္ဓဘာသာတရားတော် (အခြေခံအဆင့်)

၂။ ပြည်ထောင်စုမြန်မာနိုင်ငံဟော်အစိုးရသာသနာရေးဝန်ကြီးဌာန
ပုဒ္ဓဘာသာတရားတော် (အဆင့်မြင့်)

၃။ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန
ပုဒ္ဓဘာသာကောင်းတစ်ယောက်

၄။ ပြည်ထောင်စုမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သံဃမဟာနာယက
အဖွဲ့၊ ပုဒ္ဓဘာသာယဉ်ကျေးမှုစာမေးပွဲသင်ခန်းစာ

၅။ ပြည်ထောင်စုမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သံဃမဟာနာယက
အဖွဲ့၊ ပုဒ္ဓဘာသာယဉ်ကျေးမှု စာမေးပွဲဝင်ရောက် ဖြေဆိုလိုသူ
များအတွက်

၆။ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ပုဒ္ဓဘာသာယဉ်ကျေးမှု
စာမေးပွဲ ပုဒ္ဓဘာသာ မြန်မာစာ။

၇။ ရန်ကုန်မြို့ ပဏ္ဍိတာရာမ ရွှေတောင်ကုန်းသာသနာ့ရိပ်သာ
ပုဒ္ဓယဉ်ကျေးမှုအခြေပြုသင်တန်း အငယ်တန်းသင်ခန်းစာ။

၈။ ပုဒ္ဓဘာသာလက်စွဲ ပထမတွဲ (အပိုင်း- ၁) သူငယ်တန်း

၉။ ပုဒ္ဓဘာသာလက်စွဲ ပထမတွဲ (အပိုင်း - ၂) ပထမတန်း

၁၀။ ပုဒ္ဓဘာသာလက်စွဲ ဒုတိယတွဲ
အရှင်ကေလာသ ဒီဃဘာဏက ဒီဃနိကာယကောဝိဒ
အလယ်တန်းပုဒ္ဓဘာသာ ပဉ္စမတန်း။

http://www.dhammadownload.com

၁၂။ ကျိုက်ဝိုင်းဂန္ဓာရုံဆရာတော် ဦးကွန္ဒက၏
ရှေးရိုးစဉ်လာဘာသာယဉ်ကျေးမှု
၁၃။ ဗန္ဓုလဆယ့်ငါးစောင်တွဲ
၁၄။ မာဂဓိ (သာစည်) ဗုဒ္ဓဝင်အနှစ်ချုပ်
၁၅။ အသျှင်တေဇောသာရစီရင်အပ်သော (ဥပါသကာရှုဖွယ်)
၁၆။ လောကုတ္တရာ အခြေပြုကျမ်း ဦးဘိုးစိုး A.T.M, B, E.S,
အမှုထမ်းကောင်း ရွှေတံဆိပ်ရ ပညာဝန်ထောက်၊ ရန်ကုန်မြို့။
၁၇။ တထာဂတဥဒါနဒီပနီ ပထမတွဲ
၁၈။ အခြေခံသာသနာရေး အရှင်ကောသလ္လ
၁၉။ ဗဟုသုတောဒယစာတမ်း ဦးခေမာနန္ဒ
၂၀။ ဓမ္မပဒ (ဒေသနာတော်များနှင့်ဝတ္ထုတော်များ) မာဏဝပြုစုသည်။
၂၁။ သုတရတနာအလိမ္မာစာဥယျာဉ် ရန်ကုန်တိုင်းစစ်ဌာနချုပ်
၁၉၉၀ ပြည့်နှစ်
၂၂။ ကိုယ်ပိုင်မှတ်စု

http://www.dhammadownload.com

တော်ဝင်မြို့မစာအုပ်တိုက်မှ ရရှိနိုင်သော စာအုပ်များ

အမှတ်–၁၅၉၊ ဥဇုလမ်း (အလယ်ဘဇလောက်)၊ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့။ဖုန်း–၃၈၈၆၂၃၃၃၂၃၈

လစဉ်ထုတ်အဋ္ဌာရသမဂ္ဂဇင်း – ၁၀၀၀ ကျပ်

၁။	မဏိဇောတပတ္ထမြားရတနာဂါထာတော်	ဘဒ္ဒန္တဝေပုလ္လ	၄၀၀
၂။	ဣန္ဒာသယ ဒွေလာဘ်ခေါ်ယဘြာအစီအရင်	ဘဒ္ဒန္တဝေပုလ္လ	၅၀၀
၃။	ဣန္ဒာသယ မဟာသိဒ္ဓိကျင့်စဉ်	ဘဒ္ဒန္တဝေပုလ္လ	၅၀၀
၄။	ရတနတ္တယ မဟာသိဒ္ဓိဂါထာမန္တာန်ကျမ်း	ဘဒ္ဒန္တဝေပုလ္လ	၁၅၀၀
၅။	သမ္ဗဒ္ဓေဂါထာတော်အဖွင့်ကျမ်း	ဘဒ္ဒန္တဝေပုလ္လ	၁၅၀၀
၆။	မဟာသရဏဂုံအဖွင့်ကျမ်း	ဘဒ္ဒန္တဝေပုလ္လ	၁၅၀၀
၇။	သစ္စာအဓိဋ္ဌာန်ပညာအကျင့်လမ်း	ဘဒ္ဒန္တဝေပုလ္လ	၁၅၀၀
၈။	ကျန်းမာရေး ဒဿနအမြင်	ဘဒ္ဒန္တဝေပုလ္လ	၁၅၀၀
၉။	ဟိတသိဒ္ဓိပကာသနီကျမ်း (ပ)	ဘဒ္ဒန္တဝေပုလ္လ	၁၅၀၀
၁၀။	ဟိတသိဒ္ဓိပကာသနီကျမ်း (ဒု)	ဘဒ္ဒန္တဝေပုလ္လ	၁၅၀၀
၁၁။	မေတ္တာသိဒ္ဓိဘာဝနာကျမ်း	ဘဒ္ဒန္တဝေပုလ္လ	၂၀၀၀
၁၂။	ဝိဇ္ဇာရေပကာသနီကျမ်း	ဘဒ္ဒန္တဝေပုလ္လ	၃၀၀၀
၁၃။	ဘဝဖြစ်စဉ်နှင့်ထေရုပ္ပတ္တိကထာ	ဘဒ္ဒန္တဝေပုလ္လ	၃၀၀၀
၁၄။	နှလုံးသားရွှေအိမ်၌မနောဓာတ်ဘုရားတည်ခြင်း	ဘဒ္ဒန္တဝေပုလ္လ	၁၅၀၀
၁၅။	အရဟံ (၈၄၀၀၀) ကျင့်ဆောင်ပုံ	ဘဒ္ဒန္တဝေပုလ္လ	၇၀၀
၁၆။	မဟာသုခခနသိဒ္ဓိလာဘ်ဖွင့်မင်္ဂလာနှင့်အမင်္ဂလာကျမ်း	ဘဒ္ဒန္တဝေပုလ္လ	၅၀၀
၁၇။	မဟာအတိသုခဃတြာကျမ်း	ဘဒ္ဒန္တဝေပုလ္လ	၃၅၀၀
၁၈။	ပြေလည်စေလိုလျှင် ပြည်ကိုလာလည်ပါလား	ဘဒ္ဒန္တဝေပုလ္လ	၅၀၀
၁၉။	သရဏဂုံအစွမ်းဂုဏ်တော်မှန်းလျက်	ဘဒ္ဒန္တဝေပုလ္လ	၂၀၀၀
၂၀။	မဏိဇောတပတ္ထမြားဂါထာတော်လေးပုဒ်၏သိဒ္ဓိဝင်ကျင့်စဉ်	ဘဒ္ဒန္တဝေပုလ္လ	၁၅၀၀
၂၁။	ဝိဇ္ဇာမဟိဒ္ဓိဂါထာကျင့်စဉ်ကျမ်းမြတ်	ဘဒ္ဒန္တဝေပုလ္လ	၅၀၀
၂၂။	တည်ငြိမ်အေးချမ်းသောဘဝကျင့်စဉ်	ဘဒ္ဒန္တဝေပုလ္လ	၈၀၀
၂၃။	သံဝေဂသတိသြဝါဒကထာ	ဘဒ္ဒန္တဝေပုလ္လ	၁၀၀၀
၂၄။	အန္တရာယ်ကင်းသိဒ္ဓိကြီးလေးပါးဂါထာများ	ဘဒ္ဒန္တဝေပုလ္လ	၇၀၀
၂၅။	ဆရာ့ခြေရာ	ဘဒ္ဒန္တဝေပုလ္လ	၁၀၀၀
၂၆။	သုခသမ္ပတ္တိကျမ်း	ဘဒ္ဒန္တဝေပုလ္လ	၁၅၀၀
၂၇။	စကြဝဠာသိဒ္ဓိပေါက်ကျမ်း	ဘဒ္ဒန္တဝေပုလ္လ	၁၅၀၀
၂၈။	ဝိဇ္ဇာမယပညာမှတ်စုကျမ်း	ဘဒ္ဒန္တဝေပုလ္လ	၁၅၀၀
၂၉။	ခင်ပွန်းကြီးဆယ်ပါး ပူဇော်ကျိုး နှင့် ပြစ်မှားကျိုး	သစ္စာဝါဒီဦးမြင့်အောင်	၆၀၀
၃၀။	ခင်ပွန်းကြီးဆယ်ပါး ကန်တော့ကျိုး နှင့် သစ္စာတိုင်ကျင့်စဉ်	သစ္စာဝါဒီဦးမြင့်အောင်	၃၀၀
၃၁။	ခင်ပွန်းကြီးဆယ်ပါး ပူဇော်ကျိုး၊ ပြစ်မှားကျိုး တောင်းပန်ကန်တော့ကျိုး နှင့် ဇာတ်နိပါတ်ထုံးသက်သေဝတ္ထုသာဓကဖြစ်ရပ်များ	သစ္စာဝါဒီဦးမြင့်အောင်	၂၀၀၀

http://www.dhammadownload.com

၃၂။ မြန်မာနိုင်ငံ ရဟန္တာနှင့်ရဟန်းထူးများ (ပထမတွဲ)	မောင်ပန်းမွှေး	၁၂၀၀၀
၃၃။ မြန်မာနိုင်ငံ ရဟန္တာနှင့်ရဟန်းထူးများ (ဒုတိယတွဲ)	မောင်ပန်းမွှေး	၁၂၀၀၀
၃၄။ မြန်မာနိုင်ငံတိပိဋကဓရ သာသနာ့အာဇာနည် ရဟန်းထူးများ	မောင်ပန်းမွှေး	၄၀၀၀
၃၅။ ရှင်သီဝလိ လာဘ်မိုးစွေအစီအရင်ဂါထာများ	သစ္စာဝါဒီဦးမြင့်အောင်	၅၀၀
၃၆။ စူဠဥဒေဒ္ဒနှင့်မဟာဥဒေဒ္ဒမန္တန်တော် (ငါးနှစ်ဆာစန်းယှဉ်အခါတော်)	သစ္စာဝါဒီဦးမြင့်အောင်	၈၀၀
၃၇။ အရှင်ဥပဂုတ္တရဟန္တာကိုးကွယ်နည်းနှင့် ပရိတ်ဂါထာအစီအရင်များ	သစ္စာဝါဒီဦးမြင့်အောင်	၈၀၀
၃၈။ ဗုဒ္ဓဘာသာယဉ်ကျေးမှု သင်ခန်းစာလက်စွဲ	သစ္စာဝါဒီဦးမြင့်အောင်	၁၅၀၀
၃၉။ မဟာတိကိစ္ဆကသမားတော်ကြီး၏ လက်တွေ့ကုထုံးများ	အဋ္ဌာရသဆရာသောင်း	၁၅၀၀
၄၀။ ဝဋ္ဋသုတ်ပရိတ်တော်၏ ကိုယ်တွေ့အကျိုးဖြစ်ရပ်ထူးများ	တည်ကြည်	၂၀၀၀
၄၁။ သာသနာ့ဝိဇ္ဇာပါရဂူကျမ်း	ပုခန်းကြီး ဦးနရိန္ဒာဘိ	၂၀၀၀
၄၂။ မြတ်ပန်းမွှေးလှိုင်ကြူ	အရှင်ဝရဉာဏာဓမ္မ	၁၀၀၀
၄၃။ ဘဝတန်ဖိုး မင်္ဂလာတန်ခိုး	အရှင်ဝရဉာဏာဓမ္မ	၁၀၀၀
၄၄။ တောင်ပို့ပမာ ဤခန္ဓာနှင့် ကဏ္ဍဇာတ်တော်လာဆုတောင်းလေးမျိုး	အရှင်ဝရဉာဏာဓမ္မ	၁၀၀၀
၄၅။ ကြီးပွားချမ်းသာကြောင်း နည်းလမ်းကောင်းများ	အရှင်ဝရဉာဏာဓမ္မ	၁၀၀၀
၄၆။ ဝိသာခနှင့် ဓမ္မဒိန္နာ	အရှင်ဝရဉာဏာဓမ္မ	၁၀၀၀
၄၇။ ခင်ပွန်းကြီးဆယ်ပါးနှင့်မေတ္တာဘာဝနာတရားတော်	အရှင်ဝရဉာဏာဓမ္မ	၇၀၀
၄၈။ ကျင့်စဉ်အစွမ်းအံ့မခန်း၊ ဂါထာအစွမ်းအောင်ထူးဆန်း၊ ကျင့်သူတို့၏အောင်ပွဲလမ်း	မောင်နန္ဒာ(မန္တလေး)	၁၅၀၀
၄၉။ ဝက်မစွတ်မြို့စားမင်း၏အတ္ထုပ္ပတ္တိနှင့်စာပေလက်ရာများ	ဒဂုန်ခင်ခင်လေး	၅၀၀၀
၅၀။ မှော်ဆရာမှတ်တမ်းပေါင်းချုပ် အမှတ်(၁)	ကိုကိုလေး	၂၀၀၀
၅၁။ မှော်ဆရာမှတ်တမ်းပေါင်းချုပ် အမှတ်(၂)	ကိုကိုလေး	၂၀၀၀
၅၂။ မှော်ဆရာမှတ်တမ်းပေါင်းချုပ် အမှတ်(၃)	ကိုကိုလေး	၂၀၀၀
၅၃။ မှော်ဆရာမှတ်တမ်းပေါင်းချုပ် အမှတ်(၄)	ကိုကိုလေး	၂၀၀၀
၅၄။ မှော်ဆရာမှတ်တမ်းပေါင်းချုပ် အမှတ်(၅)	ကိုကိုလေး	၂၀၀၀
၅၅။ မှော်ဆရာမှတ်တမ်းပေါင်းချုပ် အမှတ်(၆)	ကိုကိုလေး	၂၀၀၀
၅၆။ မှော်ဆရာမှတ်တမ်းပေါင်းချုပ် အမှတ်(၇)	ကိုကို းး	၁၅၀၀
၅၇။ မှော်ဆရာမှတ်တမ်းပေါင်းချုပ် အမှတ်(၈)	ကိုကိုလေး	၁၅၀၀
၅၈။ မှော်ဆရာမှတ်တမ်းပေါင်းချုပ် အမှတ်(၉)	ိ ိ းး	၁၅၀၀

❖❖❖

http://www.dhammadownload.com

ဟသ်ာတမြို့၊ တပ်ဦးကျောင်းတိုက်ဆရာတော်
အရှင်ဝရဉာဏစမ္ဘဝရိယ၊ ဓမ္မကထိက၏
လောကီလောကုတ္တရာ အကျိုးပြုစမ္ဘာအုပ်ကောင်းများ



၁။ မြတ်ပန်းမွှေးလှိုင်ကြူ

၂။ ဘဝတန်ဖိုး မင်္ဂလာတန်ခိုး

၃။ တောင်ပို့ပမာ ဤခန္ဓာနှင့်
ကဏ္ဍဇာတ်တော်လာဆုတောင်းလေးမျိုး

၄။ ကြီးပွားချမ်းသာကြောင်း နည်းလမ်းကောင်းများ

၅။ ဝိသာခနှင့် ဓမ္မဒိန္နာ

၆။ ခင်ပွန်းကြီးဆယ်ပါးနှင့် မေတ္တာဘာဝနာတရားတော်